# မဟာစည်ကမ္ဘာ့သာသနာပြု
# ခရီးစာတန်း

# မာတိကာ


၁။ နိဒါန်း

၂။ သာသနာ့ဇာနည်–မဟာစည်

၃။ ယိုးဒယားအသွား ပဌမခရီး

၄။ ဂျပန်ခရီးနှင့် မဟာစည်၏–မေတ္တာရေစင်

၅။ ဟဝိုင်ယီကျွန်း–ဟိုနိုလူလူတွင် ဝိပဿနာတရား မျိုးစေ့ချပေးတော်မူခြင်း

၆။ အမေရိကန်အနောက်ပိုင်း–ကာလီဖိုးနီးယား ပြည်နယ်တွင် သာသနာပြုခြင်း

(က) လော့စ်အိန်ဂျယ်(လ်)လိ(စ်) နှင့် ယပ်ကာဘဲ(လ်)လီ ၇–ရက်စခန်း

(ခ) ဆန်ဖရန်စစ္စကို၏ သဒ္ဓါတရား

၇။ အရှင်သီလာနန္ဒနှင့် အရှင်ကေလာသ နှစ်ပါးတို့၏အတွေ့အကြုံ

၈။ ဝါရှင်တန်နှင့် သာသနာပြုလုပ်ငန်းရပ်များ

(က) တခုတည်းသော အကျင့်လမ်းဟူသည်မှာ

(ခ) သိမ်သမုတ်ခြင်းနှင့် ရှင်ပြု–ရဟန်းခံခြင်း

၉။ မဟာစည်နှင့် မက်ဆာချူးဆက်ပြည်နယ်၊ ဘာရီ ကမ္မဋ္ဌာန်းဌာန ၁၄–ရက်စခန်း

(က) သာမဏေနှင့် သီလရှင်ခံယူခြင်း

(ခ) ဟားဗတ်တက္ကသိုလ်နှင့် (၄၅)မိနစ်သတိပဋ္ဌာန်တရားတော်

(ဂ) ကဆုန်လပြည့်–ထူးသည့်နေ့ဝယ်

(ဃ) ဘာရီကမ္မဋ္ဌာန်းဌာန နည်းပြဆရာများအား မဟာစည်ဆရာတော်ဘုရားကြီးက အသိအမှတ်ပြုတော်မူခြင်း

၁၀။ နယူးယောက်နှင့် သာသနာ့ခရီးတထောက်

၁၁။ အမေရိကန်ပြည်တွင် သာသနာပြု ဆောင်ရွက်ချက်များ–အခြေပြ

၁၂။ အင်္ဂလန်နှင့် စကော့တလန် သာသနာပြုခရီး

(က) လန်ဒန်နှင့် တရားဦး ပရိသတ်

(ခ) စကော့တလန်ရှိ တိဘက်တန်ဆမြေလင်း ၆–ရက်စခန်း

၁၃။ ပြင်သစ်ပြည်တွင်း ပဌမသာသနာပြုခရီး

၁၄။ ဆွစ်ဇာလန်ခရီးနှင့် မောင့်(တ်)ဆိုလေး  ဆယ်ရက်စခန်း

၁၅။ အီတလီနိုင်ငံသို့ ကြွမြန်းတော်မူခြင်း

၁၆။ အင်္ဂလန်သို့ ပြန်လည်ကြွချီတော်မူခြင်း

(က) လန်ဒန်နှင့် ယောဂီများ၏ စေတနာမွန်

(ခ) ရှင်ပြု ရဟန်းခံ ဆောင်ရွက်ပေးတော်မူခြင်း

(ဂ) အောက်(စ်)ဖို့(ဒ်) ရှိ အုတ်ကင်ဟို့လ်(ထ်) ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာနနှင့် လူပုဂ္ဂိုလ် ၁၃–ဦးတို့ ဒုလ္လဘရဟန်းအဖြစ် ခံယူခြင်း

(ဃ) အုတ်ကင်ဟို့လ်(ထ်) ၁၀–ရက်စခန်း

(င) ကမ္မဋ္ဌာန်းဌာနကို မဟာစည်ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုတော်မူခြင်း

၁၇။ အင်္ဂလန်မှတဖန် ဟော်လန်သို့ သာသနာပြု ကြွမြန်းတော်မူခြင်း

၁၈။ ဟော်လန်မှသည် ဘွန်း ဌာနီ–ဂျာမဏီသို့ ကြွချီတော်မူခြင်း

၁၉။ ဟော်လန်ပြည် တီးဒိုးဒေသစခန်း

၂၀။ ဟော်လန်မှတဖန် ပြင်သစ်ထံ ရောက်ရပြန်လေပြီ

၂၁။ ပါရီမှ လန်ဒန်အဆန်ခရီး

၂၂။ လန်ဒန်မှ ဘန်ကောက်တခေါက် ပြန်လည် သာသနာ တလီဖြန့်ချီတော်မူခြင်း

(က) ချွန်ဘူရီ ဝိဝေက၊ အာစုမ်စခန်းနှင့် ဘန်ကောက်–ဝတ်မဟာတပ်သို့ ကြွမြန်းခြင်း

(ခ) ဘန်ကောက်မှ လန်းပန်းသို့ ကြွရောက်တရားချီးမြှင့်ခြင်း

(ဂ) လန်းပန်းမှ ဇင်းမယ်သို့ ဒေသစာရီ ကြွချီတော်မူခြင်း

(ဃ) ဇင်းမယ်တခွင် လှည့်လည်စဉ်

(င) ဇင်းမယ်မှ ဘန်ကောက် ပြန်လည်ရောက်

(စ) ဘန်ကောက်မှတလီ ချွန်ဘူရီ

၂၃။ ချွန်ဘူရီ–ဘန်ကောက်–ရန်ကုန် အပြန်ခရီး

၂၄။ ကြိုဆိုပွဲအစီအစဉ်နှင့် ရန်ကုန်ယောဂီပရိသတ်

၂၅။ ဆရာတော်ဘုရားကြီး၏ နှုတ်ဆက်မိန့်ခွန်း

၂၆။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုခရီးတခွင်တွင် ဟောပြော ပြကြားတော်မူသော အချို့ တရားဓမ္မအနှစ်သာရများ

# နိဒါန်း

ဤကမ္မဋ္ဌာန်းသာသနာပြုစာတန်း ပေါ်ထွက်လာရခြင်း၏အကြောင်းရင်းမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ဥက္ကဋ္ဌကြီးဦးပွင့်ကောင်း အမှူးပြုသည့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်အဖွဲ့မှ ခံယူခဲ့ပြီးနောက် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ပစ္စုပ္ပန်နှင့် အနာဂတ် နှစ်ဖြာသောအကျိုးကို ရှေ့ရှုလျက် ထာဝစဉ် တည်စေမည့် သာသနာပြုသမိုင်းဝင် မှတ်တမ်းတခု ပြုစုတင်ထားရှိပါမူ သင့်တင့်လျော်ကန်ပေမည်ဟူသော ယုံကြည်ချက်ဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ရန် အဖွဲ့ချုပ်မှ အဆုံးအဖြတ် ပြုခဲ့၍ဖြစ်ပါသည်။

ထို့ပြင်တဝ မဟာစည် ကမ္မဋ္ဌာန်းသာသနာပြု ခရီးလမ်းတလျှောက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးစီးဦးဆောင်လျက် ကြီးမားသန့်စင်သည့် မေတ္တာ ကရုဏာနှင့် စေတနာကို ရှေ့ထားတော်မူ၍ သက်တော် ၇၅–နှစ်ပြည့်လုနီးဖြစ်လင့်ကစား တနိုင်ငံမှတနိုင်ငံ၊ တမြို့မှတမြို့၊ တနေရာမှ တနေရာသို့ ဥတုရာသီ အအေးအပူ အပြောင်းအလဲဒဏ်ကို ဂရုပြုတော်မမူပဲ ထူးကဲပြောင်မြောက်စွာ ပဋိပတ် သာသနာတော်တရားမြတ်ကို ရောက်လေရာရာ ဒေသများတွင် မျိုးစေ့ချ၍တမျိုး၊ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ဆဲ ယောဂီများအဖို့ ယထာဘူတ နည်းလမ်းကျကျ ထက်ထက်သန်သန် ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်ကြစေရန် ညွှန်ကြားပြသ၍ တဖုံ၊ ဆောင်ရွက်တော်မူခဲ့ခြင်းကို မှတ်တိုင်သဖွယ် စိုက်ထူထားရှိစေရန် ဖြစ်ပါသည်။

ယခုခေတ် ဗုဒ္ဓသာသနာတော် ထွန်းကားရာ ပင်စည်ပင်မ အရင်းခံဒေသဖြစ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားရောက်၍ ပဋိပတ်သာသနာတော် အနှံ့အပြားကျယ်ပြန့်စွာ ဖြန့်ဖြူးခဲ့ခြင်းမှာ ဤအကြိမ်သည် ပဌမဆုံးအကြိမ်ဟု ဆိုရချိမ့်မည်။ ထေရဝါဒမှအစ အခြားခြားသော ဗုဒ္ဓဝါဒီဂိုဏ်းဝင်များ၏ သာသနာပြုလုပ်ငန်းများ ကမ္ဘာအနှံ့အပြားတွင် အခြေတွယ်လျက် ရှိငြားသော်လည်း သတိပဋ္ဌာန် ဝိပဿနာလမ်းမှန်ထက် ပရိယတ်နှင့် သမထ ဘာဝနာလမ်းစဉ်ကို အလေးပေးခြင်းသာလျှင် များခဲ့လေသည်။ သတ္တဝါအပေါင်းတို့၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲငြိမ်း၍ ချမ်းသာမှုအစစ်ရရန်နှင့် စိတ်၏ တည်ငြိမ်အေးချမ်းမှုရရန် နည်းလမ်းမှာ သတိပဋ္ဌာန်နည်းသည်သာလျှင် ပဓာန ဖြစ်ပေသည်။ အထူးသဖြင့် အနောက်တိုင်းသူ တိုင်းသားများအဖို့ ဘဝရပ်တည်မှုအတွက် စီးပွားရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ကြံစည်လုပ်ဆောင်လျက် ရှိကြသည့်အလျှောက် ကာယသုခ လောကီချမ်းသာကိုကား ရရှိကြပါ၏။ သို့ရာတွင် စိတ္တသုခ အစစ်အမှန်ကိုမူကား မရရှိခဲ့ကြပေ၊ သတ္တဝါများအနေဖြင့် ဘဝတကွေ့တွင် လောကဓံတရားနှင့် ကြုံတွေ့ရစမြဲပင်ဖြစ်သည်။ သို့ မလွဲမသွေ ကြုံတွေ့ရသည့်အခါ နေမသာ ထိုင်မထိ စိတ်ပျက်ခြင်း၊ ပူပန်ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်နှလုံးမသာယာခြင်းတို့ကို ခံစားကြရမည်ဖြစ်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြား ပြသတော်မူသော ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းနည်းနိသျှဉ်းကို အထူးအလေးပြု၍ လိုက်နာကျင့်သုံးခြင်းဖြင့် ဆင်းရဲဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ကြပါစေဟုလည်း ဆုတောင်းပတ္ထနာ ပြုအပ်ပါသည်။

မဟာစည် ကမ္မဋ္ဌာန်းသာသနာပြုအဖွဲ့ ကြွရောက်တော်မူခဲ့သော အနယ်နယ်အရပ်ရပ်ရှိ ရဟန်းယောဂီ လူယောဂီတို့နှင့် စေတနာရှင်များ၏ ကောင်းမှုကုသိုလ် အစုစုတို့နှင့် ကြည်ညိုလေးစားစွာ စောင့်ရှောက်ကူညီခြင်းတို့ကိုလည်း ဤသာသနာပြုစာတန်းဖြင့် မှတ်တမ်းတင်လိုခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်များထံမှ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ပေးပို့၍ ရရှိခဲ့သော အကြောင်းကြားစာများနှင့် အသံလွှင့်ကျေညာခဲ့သော ကမ္ဘာ့သတင်းများမှ သိရသည့် အကြောင်းအချက်အလက်တို့အပေါ် မှီငြမ်းပြု၍ ဤစာတန်းကို ပြုစုရေးသားခဲ့ပါသည်။ သို့ပါ၍ မှတ်တမ်းတင်ရာတွင် အရပ်ဒေသ၏ အမည်နာမ အခေါ်အဝေါ်၊ ကျောင်း–စခန်းအမည်နှင့် အချို့ရဟန်းရှင်လူ ယောဂီတို့၏ အမည်များ လွဲမှားတိမ်းပါး ချွတ်ချော်မှုရှိလျှင်သော်၎င်း၊ အချို့ယောဂီနှင့် ဒါနရှင်များ၏ အမည်များ အမှတ်မထင် ကျန်ရှိနေပါလျှင်သော်၎င်း၊ ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်လျက် ဤသာသနာပြု ခရီးစာတန်းကို တင်ဆက်အပ်ပါသတည်း။

မင်းဆွေ
အတွင်းရေးမှူး
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊
သာသနာ့ရိပ်သာ။

ရန်ကုန်မြို့
၁၃၄၁–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈–ရက်။
၂၇–၁၀–၇၉

# မဟာစည် ကမ္ဘာ့သာသနာပြုခရီး

# စာတန်း

## သာသနာ့ဗိမာန်သို့ သာသနာ့ရိပ်မြုံ–မဟာစည်

တခေတ်တွင်တခါ–ထူးခြားသောဖြစ်ရပ်များ ပေါ်လာစမြဲဖြစ်ပေသည်၊ ထိုသို့သော ဖြစ်ရပ်များအနက် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွါးတိုးတက်မှု တစ်ရပ်လည်း ပါဝင်ပေသည်။ ယခု (၂၀)ရာစုနှစ် တတိယပိုင်းတွင် ဝိပဿနာ တရားစစ်–တရားမှန်သည် မြန်မာနိုင်ငံ နယ်ပယ် အရပ်ရပ်အတွင်း ဖွံ့ဖြိုးဝေဆာလာသည်မှ ၁၉၇၉–ခုနှစ်အတွင်း ပိုမိုတင့်ဆန်း ရန့်သင်းလျက် ကမ္ဘာ့သတင်းအစောင်စောင်တွင် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာပြုအခန်းကဏ္ဍတစ်ခုအဖြစ်ဖြင့် ထူးခြားစွာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့ ကမ္ဘာအနှံ့အပြား ပဋိပတ်သာသနာတော်၏ အရှိန်အဝါ ထွန်းလင်းဖြာလျက်ရှိခြင်းအကြောင်းတရပ်မှာ ဗုဒ္ဓမြတ်စွာ၏ သည်းချာစင်စစ် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့၏ စွမ်းအင်အားနှင့် ကြီးမားသော ကရုဏာတော်ကြောင့်ဖြစ်ရကား–ဆရာတော်ဘုရားကြီး၏တပည့် ဝေနေယျများ၏ စိတ်အလျဉ်ဝယ် ပီတိသောမနဿ တန်ဆာဖြင့် လွှမ်းခြုံထားဘိသကဲ့သို့ ရွှင်လန်း ဝမ်းမြောက်လျက် ရှိကြကုန်သည်ဟု ဆိုပါက လွဲမှားအံ့မထင်။

ကျေးဇူးတော်ရှင် ဆဋ္ဌသံဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၉၅၂–ခုနှစ်မှစ၍ အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ)၊ ဗီယက်နမ်၊ လာအိုး၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ယိုးဒယား၊ အင်ဒိုနေးရှား စသည့်နိုင်ငံ အသီးသီးသို့ အနှံ့အပြားကြွရောက်တော်မူခဲ့ပြီးလျှင် ပရိယတ်နှင့်တကွ ပဋိပတ်တည်းဟူသော သတိပဋ္ဌာန် ဝိပဿနာတရားတော်မြတ်ကို ဟောကြား ချီးမြှင့်တော်မူခဲ့ပေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းတွင်လည်း ဗုဒ္ဓသာသနာဝင်များအား သဒ္ဓါတရား တိုးပွား၍ ဝိပဿနာတရား အားထုတ်လိုစိတ် ရှင်သန်ထက်မြက် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့လေသည်။ ၁၉၆၀–ခုနှစ်မှ ၁၉၇၈–ခုနှစ်အတွင်း ပြည်ပသို့ ကြွမြန်းခြင်းအလျဉ်းမပြုပဲ ပြည်တွင်း၌ပင် သာသနာတော်ခိုင်မြဲရေး, စည်ပင်ရေးနှင့်ပြန့်ပွါးရေးတို့အတွက် ရှေ့ရှုတော်မူလျက် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန် ကျမ်းကြီးများမှအစ သုတ္တန် တရားတော် ကျမ်းဂန်အစောင်စောင်တို့ကို မနေမနား ရေးသားပြုစုတော်မူယင်း ပဋိပတ်တရားတော်ကို ဟောကြားပြသတော်မူခဲ့ရာ နိုင်ငံရပ်ခြား တိုင်းတပါးမှပင် ပုဂ္ဂိုလ်အများ တရားဓမ္မပွါးများအားထုတ်ရန် ဤ သာသနာ့ရိပ်သာသို့ လာရောက်ကြသဖြင့် သာသနာတော် တဆင့်တိုးတက်ပွင့်လန်း ဝေဆာလာခဲ့ပေသည်။

၁၉၇၉–ခုနှစ်၊ နှစ်ဦး အခါသမယတွင် အင်္ဂလန်မှ ဦးရေဝတဓမ္မနှင့် အမေရိကန်ပြည်မှ မစ္စတာ ဂျိုးဇက်ဂိုးလ်စတိန်းတို့၏ အဖန်ဖန်ပင့်ဖိတ်လျှောက်ထားချက်အရ ရှင်တော်မြတ်ဘုရား၏ ပရိယတ္တိ–ပဋိပတ္တိသာသနာတော် အခွန့်ရှည်စွာ ပြန့်ပွါးစည်ပင်စေရေးအတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကရုဏာကြီးစွာဖြင့် ပြည်ပသို့ကြွမြန်းချီးမြှောက်ရန် ဆုံးဖြတ်တော်မူခဲ့လေသည်။

ဤသို့ ဆုံးဖြတ်တော်မူသည့် အချိန်မှစ၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် အနောက် နိုင်ငံသူ နိုင်ငံသားများ အနေဖြင့် သဗ္ဗညုရှင်တော်ဘုရား၏ တရားဓမ္မအနှစ်သာရကို ၎င်းတို့၏ တတ်သိနားလည်သော အင်္ဂလိပ်ဘာသာရပ်ဖြင့် ကောင်းစွာနာကြားရခြင်းနှင့် အလွယ်တကူ ဆည်းပူးလေ့လာခြင်း ပြုနိုင်ပါက သာသနာပြုရာတွင် ပိုမို ထိရောက်ပေမည်ဟု ကြိုတင် ဆင်ခြင်မိသည့်အလျောက် အောက်အမည်ပါ တရားတော်ငါးပုဒ်ကို ရေးသားပြုစုတော်မူခဲ့ပေသည်။

(၁) ဗုဒ္ဓဘုရားရှင်၏ အမြတ်ဆုံးတရားတော်။
(၂) ဗုဒ္ဓသာသနာ တရားတော်။
(၃) သတိပဋ္ဌာန် တရားတော်(ပ)။
(၄) သတိပဋ္ဌာန် တရားတော်(ဒု)။
(၅) ချမ်းသာရေး တရားတော်။

ယင်း တရားတော်ငါးပုဒ် မြန်မာဘာသာမူရင်းကို အချိန်မှီ တိုတောင်းသည့်ကာလအတွင်း အမှုဆောင်အဖွဲ့ဝင် ဦးညီညီနှင့်တက္ကသိုလ်ဦးသာနိုးတို့အား အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုစေ၍ ကိုယ်တော်တိုင် ဆရာတော်ဘုရားကြီးက တည်းဖြတ်စီစစ်ပြီးနောက် သာသနာခရီးတလျှောက် ရောက်ရှိမည့် သင့်တော်ရာရာ အရပ်ဌာနတို့၌ အင်္ဂလိပ်ဘာသာစကားဖြင့် ဖတ်ကြားဟောပြောရန် မဆုတ်မနစ်သော လုံ့လတော်ဖြင့် ကြိုတင် ပြင်ဆင်တော်မူခဲ့ပေသည်။

အဆိုပါတရားတော် ငါးပုဒ်ကို စာအုပ်ငယ်တခုတည်း၌ ထည့်သွင်းပုံနှိပ်ရိုက်စေပြီးလျှင် မြန်မာဘာသာရပ်ဖြင့်တအုပ်၊ အင်္ဂလိပ်ဘာသာရပ်ဖြင့် တအုပ်၊ "ကမ္ဘာ့သာသနာပြု တရားတော်"ဟူသော အမည်ဖြင့် ထုတ်ဝေဖြန့်ဖြူးခဲ့ပါသည်၊ ပြင်ဆင်မှုအရပ်ရပ်တို့တွင် သက်နှင်းပရိက္ခရာ စသည့်ပစ္စည်းများကိုလည်း မဟာစည် ကမ္ဘာ့သာသနာပြုအဖွဲ့က နိုင်ငံရပ်ခြား၌ ပြုလုပ်လိုသည့် ရဟန်းခံရှင်ပြုပွဲများအတွက် တပါတည်း ယူဆောင်သွားရန် စီစဉ်ခြင်းများပါ အကြုံးဝင်ခဲ့လေသည်၊ ထိုသို့ ပြင်ဆင်မှုများပြုလုပ်သည့် ကာလအတောအတွင်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အနေဖြင့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့၏ သာသနာပြုခရီးစဉ်နှင့် သတ်မှတ်ရက်အတိုင်း မြန်မာနိုင်ငံမှ ခရီးထွက်ခွါတော်မူနိုင်ရန် ပြည်ပရှိ ကမ္မကထပြု၍ ပင့်ဖိတ်သော အမေရိကန်ပြည်၊ မက်ဆာချူးဆက်ပြည်နယ် ဘာရီမြို့ ကမ္မဋ္ဌာန်းဌာန ဦးဆောင် ဒါရိုက်တာ မစ္စတာ ဂိုင်းအမ်(စ်)ထရောင်း (Mr. Guy Armstrong)နှင့် ကမ္မဋ္ဌာန်း နည်းပြဆရာများ ဖြစ်ကြသည့် ဒေါက်တာ ဂျက်ကွန်ဖီးလ်(ဒ်) (Dr. Jack Cornfield)၊ မစ္စတာ ဂျိုးဇက်ဂိုးလ်စတိန်း (Mr. Joseph Goldstein)တို့နှင့်၎င်း၊ အင်္ဂလန်ပြည် ဘာမင်ဂန်မြို့ဝက်(စ်)မစ်(ဒ်)လန်(စ်) ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းဌာန (West Midlands Buddhist Centre)မှ ဆရာတော် ဒေါက်တာ အရှင်ရေဝတဓမ္မ၊ အမ်အေပီအိပ်ချ်ဒီနှင့်၎င်း၊ အမေရိကန်ပြည် ဝါရှင်တန်နှင့် နယူးရောက်မြို့များရှိ မဟာစည် ယောဂီဟောင်းများဖြစ်ကြသော ဒကာဦးချစ်မြိုင်၊ဦးလှဖေ တို့အမှူးပြုသည့် မြန်မာဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များနှင့်၎င်း ဆက်သွယ်၍ အစီအစဉ်များ ချောမောပြေပြစ်စေရန် ဆောင်ရွက်ခဲ့ကြပါသည်။

အင်္ဂလန်ပြည် ဘာမင်ဂန်မြို့၊ကမ္မဋ္ဌာန်းဌာနမှ ဆရာတော်ဦးရေဝတဓမ္မသည် အမေရိကန်ပြည် လော့(စ်)အင်ဂျယ်လိ(စ်) မြို့ (Los Angeles)သို့ ကြိုတင် သွားရောက်၍ မြန်မာပြည်မှ ကြွရောက်တော်မူလာမည့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား ခရီးဦးကြိုဆိုရန် အစီအစဉ်ပြုလုပ်ခဲ့လေသည်၊ ဦးရေဝတ ဓမ္မအနေနှင့် အမေရိကန်ပြည် သာသနာပြု ခရီးတလျှောက်တွင် လိုက်ပါရုံမျှမက ဗြိတိန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံအသီးသီးတွင် သာသနာပြုခရီးအတွက် ခရီးစဉ်များ ရေးဆွဲခြင်းနှင့် လိုအပ်သော ပြင်ဆင်မှု စီမံမှုတို့ကို အားသွန်ခွန်စိုက် စေတနာမွန်ဖြင့် တာဝန်ယူတော်မူကာ စွမ်းဆောင်ခဲ့ပါသည်။

## ဧပြီလ ၁–ရက်နေ့ ၁၉၇၉–ခုနှစ်

ဤနေ့ဤရက်သည်ကား ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ပြည်ပသို့ သာသနာပြု ထွက်ခွာတော်မူမည့် နေ့ရက်ဖြစ်သည့်အားလျော်စွာ မဟာစည်သာသနာ့ရိပ်သာသို့ နံနက်စောစောကပင် စတင်၍ တပည့် ယောဂီသူတော်စင်များက ဖူးမြော် ကန်တော့ရန် တဖွဲဖွဲလာရောက်ခဲ့ကြရာ နေ့လယ်အချိန်တွင်မူ ကြက်ပျံမကျ စည်ကား သိုက်မြိုက်လျက်ရှိပေသည်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှလည်း လိုအပ်သောပြင်ဆင်မှု စီစဉ်မှုတို့ကို ပြုလုပ်ထားရှိပြီးလေပြီ။ နေ့မွန်းလွဲ တစ်နာရီအချိန်၌ ဆရာတော်ဘုရားကြီးသည် တပည့်ယောဂီအပေါင်းတို့၏ ပူဇော်သက္ကာရပြုခြင်းကို ခံယူတော်မူပြီးလျှင် ဩဝါဒတော်ကို ပေးသနားတော်မူပါသည်၊ ယင်း ဩဝါဒတော်၏ ရသဂုဏ်မှာ ဗုဒ္ဓရှင်တော်ဘုရား၏ ဩဝါဒတော်ဖြစ်သည့် "အပ္ပမာဒေန သမ္ပာဒေထ" တရားတော်မြတ်ဖြစ်ပေသည်၊ ဤတရားတော်သည် "အထူးရှိသေလေးစားအပ်တဲ့ တရားဖြစ်သဖြင့် ပုဂ္ဂိုလ်တိုင်း အလေးပြုသင့်တယ်"ဟူ၍ ဆရာတော်ဘုရားကြီးက မြွက်ကြား မိန့်တော်မူသည်၊ ဆက်လက်၍ "သီလ၊ သမာဓိ၊ ပညာနှင့်ပြီးစီးပြည့်စုံစေရမယ်၊ အပ္ပမာဒေန၊ မမေ့တဲ့သတိတရားဖြင့် သီလစသည်တို့ကို ပြီးစီးပြည့်စုံစေရမယ်၊ အကြမ်းအားဖြင့်ဆိုယင် ဒါနကုသိုလ် ပွါးများရန်နှင့် သီလဘာဝနာ အားထုတ်ဖို့အတွက် အခြေခံပါဘဲ၊ မိမိတို့၏ သန္တာန်က ဖြစ်ပျက်နေတာကို မမေ့ဖို့ တရားဘဲ၊ မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ ထိတွေ့ခိုက်၊ ကြံစည်ခိုက်စတဲ့ ဒွါရခြောက်ပါးက ဖြစ်ပေါ်လာတိုင်း ရှုမှတ်ဖို့ဘဲ" စသည်ဖြင့် မိန့်ကြားတော်မူပြီးလျှင် ယောဂီ တဦးနှင့်တဦး၊ ရဟန်းတပါးနှင့်တပါး ဆက်ဆံခြင်း၊ သတိပေး ညွှန်ကြားပြသခြင်း ပြုသည့်အခါ ရိုရိုသေသေ ချိုချိုသာသာ ညွှန်ကြားဆက်ဆံကြရန်နှင့် မိမိ၏အကျိုး ဖြစ်ထွန်းစေရေးအတွက် ကျကျနန အားထုတ်ရန် မမေ့မလျော့ မပေါ့သောသတိတရားဖြင့် သမ္ပာဒေထ၊ ပြီးစီးပြည့်စုံစေကြဖို့ သတိပေးဆုံးမတော်မူပါသည်။ ယင်းသို့ ဩဝါဒတော်ကို ချီးမြှင့်ပြီးနောက် မဟာစည် သာသနာပြုအဖွဲ့ဝင်များဖြစ်ကြသည့် မန္တလေး အဘယာရာမကျောင်းမှ ဓမ္မာစရိယ အရှင်သီလာနန္ဒာဘိဝံသ၊ ချမ်းမြေ့ရိပ်သာမှ အရှင်ဇနကာဘိဝံသ၊ ရန်ကုန် မဟာစည်ရိပ်သာမှ ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ အရှင်ကေလာသနှင့် အရှင်အဂ္ဂဓမ္မ၊ ကပ္ပိယ ကျောင်းဆရာကြီးဟောင်း ဦးမြသိန်း (မော်လမြိုင်)တို့ခြံရံကာ မဟာစည် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ မွန်းလွဲ (၂း၃၀)နာရီအချိန်၌ ကြွမြန်းခဲ့ရာ မဟာစည် သာသနာ့ရိပ်သာမှ တပည့်သံဃာတော်များ၊ အဖွဲ့အစည်းများ၏ အမှုဆောင်များနှင့် ချမ်းမြေ့ရိပ်သာမှ အလုပ်အမှုဆောင်များက လိုက်ပါပို့ဆောင်ခဲ့ကြလေသည်။ ညနေ (၃း၃၀) အချိန်တွင်မူ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ဘီ–အေ–စီ လေယာဉ်ဖြင့် လိုက်ပါလျက် ဘန်ကောက်မြို့သို့ ဒေသစာရီခရီး စတင်ကြွချီတော်မူခဲ့လေသည်။

## ယိုးဒယားအသွား ပဌမခရီး

သာသနာပြု ခရီးစဉ်အရ ထိုင်းနိုင်ငံ (ယိုးဒယား)သို့ ဗုဒ္ဓဘာသာဝင် ယောဂီသူတော်စင်များ၏ လျှောက်ထား ပန်ကြားချက်အရ ပဌမခရီးအဆင့်တွင် ဝင်ရောက်တော်မူခဲ့ခြင်းဖြစ်သည်၊ ဘန်ကောက်လေယာဉ်ကွင်းသို့ မြန်မာစံတော်ချိန် လေးနာရီခွဲတွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် စီးနင်းလိုက်ပါလာသော လေယာဉ်ဖြင့် ချောမောစွာ ဆိုက်ရောက်ခဲ့ ကြောင်း၊ လေဆိပ်၌ အမေရိကန်ပြည် ဘာရီကမ္မဋ္ဌာန်းဌာနမှ မစ္စတာ ဂျက်ကွန်း ဖီလ်(ဒ်)သည် ဘန်ကောက်တွင် ရက်သတ္တ တစ်ပတ်ကြိုတင်ရောက်ရှိလျက် ယိုးဒယားပြည်ရှိ မြန်မာဗုဒ္ဓဘာသာများ၊ ဒကာဒကာမများနှင့်အတူ ဝမ်းပန်းတသာ ဆရာတော် ဘုရားကြီးအား ကြိုဆိုဖူးမြော် ကန်တော့ကြပါသည်။ ဤသို့ ဘန်ကောက်၌ ကြိုဆိုသူများအထဲတွင် အဓိကအားဖြင့် ဆရာတော်ဦးအာသဘ၊ ဦးပညာဝံသ၊ ဦးဓမ္မာနန္ဒနှင့် ကျောင်းဒကာကြီး ခွံထမန္နဂါရဗာနစ် (Khun Thamanon Sin Gharavanich)၊ ဂျက်ကွန်းဖီလ်(ဒ်)၊ ဦးထွန်းသိမ်း၊ ဒေါ်မေမေပု၊ သမီးဆယ်လီတို့ပါဝင်ကြ၍ လိုအပ်သော စီစဉ်ပြုစုရေးတို့ ကို အားတက်သရော ဆောင်ရွက်ကြပေသည်၊ လေဆိပ်မှတဖန် ဘန်ကောက်မြို့တော်ကို ဖြတ်သန်း၍ မိုင် ၅၀–ခန့် ကွာလှမ်း သော "ချွန်ဘူရီ" မြို့ရှိ ဦးအာသဘ ဦးစီးဦးဆောင်တရားပြသရာ ကမ္မဋ္ဌာန်းဌာန၊ သာသနာ့ရိပ်သာခွဲ (ဝိဝေကအာစုမ်) (Viveka Asom)သို့ ကြွရောက်တော်မူပြီးလျှင် ဆရာတော်ဘုရားကြီးက တပည့် ရဟန်းသံဃာတော်များနှင့် ယောဂီ ပရိသတ်တို့အား ဩဝါဒ ပေးသနားတော်မူခဲ့လေသည်။

## ဂျပန်ခရီးနှင့် မဟာစည်၏ မေတ္တာရေစင်

မူလကနဦးက ဂျပန်နှင့်ဟိုနိုလူလူသို့ ကြွရောက်ရန် မရည်ရွယ်ခဲ့ပေ၊ သို့ရာတွင် ဒေသစာရီမထွက်ခွာမီ လပိုင်း အတွင်း ဂျပန်နိုင်ငံ ယိုကိုဆူကားမြို့၊ မျိုဇိုဂျီဘုန်းတော်ကြီး "ကင်ယူဆူဂီဇားကီး" (Rev: Kenyu Sugizaki) အမှူးပြုသော ဂျပန်ဘုန်းတော်ကြီးများ၊ တိုကျိုရှိ မြန်မာသံရုံးဝန်ထမ်း မိသားစုများနှင့် အခြားမြန်မာအမျိုးသား ဗုဒ္ဓဘာသာဝင်များက ဆရာတော်ဘုရားကြီးအား အမေရိကန်ပြည်သို့ ကြွရောက်မည့်ခရီးစဉ်တွင် တိုကျိုသို့ ခရီးတထောက်ဝင်ရောက် ရပ်နားတော်မူ ပြီးလျှင် မေတ္တာကရုဏာတော် ရေ့ထား၍ ဖူးမြော်ကန်တော့ခွင့်ပြုပါရန်နှင့် တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူပါရန် စာဖြင့် လျှောက်ထားခဲ့သည်ကို ငဲ့ညှာတော်မူလျက် မိဝေးဘဝေး တိုင်းတပါးတွင် ရောက်ရှိနေကြသည့် ပုဂ္ဂိုလ်အများ၏အကျိုး ကို အရင်းခံ ရှေးရှုပြုတော်မူကာ ခရီးစဉ်တွင် ထည့်သွင်းစေ၍ ဂျပန်သို့ ဝင်ရောက်မည်ဟု လိုက်လျောတော်မူခဲ့ရပေသည်။

## ဧပြီလ ၂–ရက်နေ့

အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် နံနက် ၁၀း၃၀ နာရီ အချိန်၌ ဘန်ကောက်မှ ဟောင်ကောင်သို့ ထွက်ခွါရန် လေယာဉ်အချိန် သတ်မှတ်ချက်ရှိသော်လည်း ထိုနေ့က နေ့လယ်ပိုင်း ၂း၁၅ နာရီ အချိန်မှာမှ လေယာဉ်ထွက်ခွါသည်၊ ညနေ ၅–၀၆ နာရီ ဟောင်ကောင်သို့ ရောက်သည်၊ ၆း၃၀ နာရီ ဟောင်ကောင်မှ ထွက်ခဲ့၍ ထိုင်းနာရီဖြင့် ၈း၃၀ နာရီ တိုင်ဝမ်လေယာဉ်ဌာန ရောက်သည်၊ ဂျပန်သို့ ည ၁၁–နာရီအတွင်း ရောက်နိုင်မည်မဟုတ်သဖြင့် လေယာဉ်က ထိုဌာန၌ ရပ်တန့်၍ ဖော်မိုဆာကျွန်း၊ "မန်ဒရင်း" ဟော်တယ် (Mandarin Hotel)တွင် လေကြောင်းကုမ္ပဏီ၏ စရိတ်ဖြင့် တစ်ညဉ့် တာ တည်းခိုတော်မူခဲ့ကြရသည်၊ ထိုဟော်တယ်၌ မာတုကာမများလည်း ရှိနေသောကြောင့် သဟသေယျအာပတ်မှ ကင်းလွတ် စေရန် ဆရာတော်ဘုရားကြီးတို့သည် နိသဇ္ဇိခုတင် ဆောက်တည်လျက် အိပ်ယာပေါ်တွင် လဲလျောင်းအိပ်ခြင်းမရှိပဲ ထိုင်လျက် သာ သီတင်းသုံးတော် မူခဲ့ကြသည်။ နောက်နောက်ရက်များတွင်လည်း ထို့နည်းအတူပင် ညဉ့်အချိန် လဲလျောင်းခြင်းမရှိပဲ နေထိုင်ခဲ့ကြသည်မှာ တိုကျိုမြို့ ပစိဖိတ်ဟော်တယ်၌ တညဉ့်၊ ဆွစ်ဇာလန်ပြည် ဇူးရစ်ဟော်တယ်၌ တညဉ့်၊ အီတလီပြည် ဂျိုမြို့ငယ်ရှိ ဂါမိုဂလီယိုခေါ် ခရစ်ယန်ဌာနဟောင်း၌ ၃–ညဉ့်၊ အနောက်ဂျာမဏီပြည် ဘွန်းမြို့ တည်းခိုရာဌာန၌ တညဉ့်၊ ပြင်သစ်ပြည် ပါရီမြို့ တည်းခိုရာဌာန၌ ၃–ညဉ့်၊ အင်္ဂလန်၌ နောက်ဆုံးတညဉ့်အားဖြင့် ၁၀–ညဉ့်မျှ ရှိခဲ့ကြောင်း ကြားသိရ၏။

## ဧပြီလ ၃–ရက်နေ့

နံနက် ၆း၃၀ နာရီ အချိန်တွင် တိုင်ပေမှ ထိုင်းလေကြောင်း ကုမ္ပဏီလေယာဉ်ဖြင့် ခရီးဆက်ခဲ့ရာ တိုကျိုစံတော်ချိန် နံနက် ၉း၄၅ နာရီအချိန် ဂျပန်ပြည် နရီတာ (Narita) လေဆိပ်သို့ ရောက်တော်မူခဲ့ကြောင်း၊ လေဆိပ်တွင် မြန်မာသံရုံးမှ ဦးတင်မောင်၊ ဂျပန်ဘုန်းတော်ကြီး ဆူဂီဇာကီး (Reverend K, sugizaki) မစ္စတာ အီရှိဂါးမိ (Ishigami) စသည့်ပုဂ္ဂိုလ်များ လာရောက်ကြိုဆိုလျက် ရှိကြပါသည်၊ ထိုနေ့၌ နေ့ဆွမ်းကိုမူ လေယာဉ်ကွင်း၌ပင် မျိုဇိုဂျိ (Myozogi) ကျောင်း ဂျပန်ဘုန်းတော်ကြီးက ဆက်ကပ်လှူဒါန်းခြင်းကို လက်ခံ၍ ဘုဉ်းပေးတော်မူပြီးနောက် မီးရထားဖြင့် တိုကျိုမြို့တွင်းသို့ ဖြတ်သန်းလျက် ကားဖြင့်တတန် ဟနေဒါ (Haneda) လေယာဉ်ကွင်းသို့ ကြွရောက်ခဲ့ကြသည်၊ ခရီးမှာ ကွာလှမ်းလှပေသည်၊ ထိုမှ တဖန် ညနေ ၄–နာရီအချိန်တွင် ဖူကျူယိုကား (Fukuoka)သို့ လေယာဉ်ဖြင့် သွားရောက်ပြီး ကားဖြင့်တဆင့် မိုဂျီသို့ ကြွမြန်းခဲ့ရသည်၊ ဖူကျူယိုကားလေယာဉ်ကွင်း၌ ဆရာတော် ဦးဓမ္မစာရနှင့် အခြားဒကာများပါ လာရောက်ကြိုဆိုခဲ့ကြကြောင်း၊ မိုဂျီ ဂျပန်ဘုန်းတော်ကြီးများနှင့် မြန်မာ ရဟန်းတော် ဦးဝေပုလ္လတို့က ကမ္ဘကထ ဦးဆောင်ပင့်ဖိတ်၍ ဆွမ်းကွမ်းမှအစ အရာရာလိုလေသေးမရှိခဲ့ပေ၊ မိုဂျီကျောင်းတွင် သီတင်းသုံးလျက် ရှိတော်မူကြသော ဦးဝေပုလ္လ, ဦးဓမ္မာစာရ, ဦးခေမိန္ဒတို့အား ဆရာတော်ဘုရားကြီးက သြဝါဒပေးတော်မူပြီးလျှင် သာသနာရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း၊ ထိုစဉ်အခါ ဆရာတော်ဘုရားကြီးအား ဖူးမြော်ရန်ရောက်လျက်ရှိကုန်သော ဒကာ ဒကာမများအားလည်း ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူခဲ့ပေသည်။

## ဧပြီလ ၄–ရက်နေ့

နံနက် မိုဂျီကမ္ဘာအေးဘုရား ဖူးပြီးနောက် ကားနှင့် စီးနင်းလိုက်ပါတော်မူခဲ့ရာ ကိုကုရာမြို့ဘူတာသို့ နေ့ ၁၂း၄၅ နာရီ အချိန် ဆိုက်ရောက်ခဲ့သည်၊ ထိုမှတဆင့် ရှင်ကန်စင်စကိုင်းလိုင်း ရထားဖြင့် ဖူကိုကာသို့ ကြွကြရ၏၊ ဖူကျူယိုကား (Fukuoka)မှ လေယာဉ် စီးနင်းကာ တိုကျိုမြို့သို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပေသည်၊ တိုကျိုမြို့သို့ ရောက်တော်မူပြီးနောက် ပစိဖိတ်ဟော်တယ် (Pacific Hotel) အထူးခန်းတွင် တညးခို သီတင်းသုံးတော်မူခဲ့ကြသည်။

## ဧပြီလ ၅–ရက်နေ့

အရုဏ်ဆွမ်းကို တိုကျို မြန်မာသံရုံးမှ ဦးတိုးလုံနှင့်ဇနီး၊ ဦးချစ်ထွေး၊ ဦးကျော်၊ ဦးတင်မောင်–မစပယ်၊ ဒေါ်ကြည်တင် စသည့် ပုဂ္ဂိုလ်များက ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား မွန်မြတ်သော စားဖွယ်သောက်ဖွယ်များဖြင့် ဆက်ကပ်တော်မူကြသည်၊ ထိုနေ့နံနက် (၈–၃၀)နာရီတွင် အထူး မီးရထားတွဲဖြင့် ယိုကိုဆူကားသို့ စီးနင်းလိုက်ပါခဲ့ရာ (၁၀း၂၅)နာရီအချိန်တွင် ဆိုက်ရောက်ခဲ့သည်၊ ဘုန်းတော်ကြီး ဆူဂီဇာကီးကကြိုဆို၍ ဒိုင်ဘတ်ဆု (Daibusu)သို့ ကြွရောက်တော်မူသည်၊ မျိုဇိုဂျီကျောင်း ဘုန်းတော်ကြီး ဆူဂီဇာကီးမှာ တာဝန်ကြေပြွန်လှပေသည်၊ ၎င်းအား ဆရာတော်ဘုရားကြီးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားသည့် ဝိပဿနာအလုပ်ပေး တရားစာအုပ်ငယ်ကို ချီးမြှင့်တော်မူသဖြင့် ဂျပန်ဘုန်းတော်ကြီးက အမွန်မြတ်ဆုံးအနေနှင့် ဝမ်းမြောက်မဆုံးရှိခဲ့ကြောင်း သိရပါသည်၊ ထို့နောက် ကမ္ဘာကူးရာဘုရားမှ တိုကျိုသို့ ပြန်လည်လာတော်မူခဲ့ပေသည်၊ ထိုနေ့ည (၉)နာရီအချိန်တွင် တိုကျိုမြို့မှ ဟိုနိုလူလူ (Honolulu)သို့ (Pan-Am)လေယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့ကြရာ အပြည်ပြည်ဆိုင်ရာ နေ့ရက် မျဉ်းလိုင်းဒေသ (International Date Line)ကို ဖြတ်ကျော်ခဲ့ခြင်းကြောင့် နောက်တနေ့ (ဧပြီလ ၅–ရက်နေ့ပင် ဖြစ်သွားသည်) နံနက်(၈း၃၅) နာရီအချိန် ဆိုက်ရောက်တော်မူလေသည်၊ လေယာဉ်ပေါ်တွင်လည်း ဆရာတော်ဘုရားကြီးအား ရသ စုံစွာဖြင့် သက်သတ်လွတ် အရုဏ် ဆက်ကပ်တော်မူသဖြင့် ကျေးဇူးတင်ရပေမည်။

## ဟဝိုင်ယီကျွန်း၊ ဟိုနိုလူလူ တွင် ဝိပဿနာတရားမျိုးစေ့ချပေးတော်မူခြင်း

ဟိုနိုလူလူသို့ ဝင်ရောက်တော် မူရခြင်းမှာလည်း ဘာရီကမ္မဋ္ဌာန်းဌာနမှ ဒကာများနှင့် ဟိုနိုလူလူမြို့နေ မြန်မာဒါယကာ ဒါယိကာမများ၏ လိုလားတောင့်တ ပင့်ဖိတ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

ဟဝိုင်ယီကျွန်း ဟိုနိုလူလူမြို့ လေဆိပ်တွင် အမေရိကန်ပြည် ဘာရီမြို့၏ ဝိပဿနာကမ္မဋ္ဌာန်းဌာနမှ မစ္စတာ ဂိုးလ်စတိန်းနှင့် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်သူ အမေရိကန်လူမျိုးများ၊ ဟဝိုင်ယီကျွန်း၌ ရောက်ရှိနေကြသော ဦးကြည်လွင်၊ ဦးတင်အေး၊ ဦးကျော်မြင့်၊ မစ္စတာ လီယောင်းစသည့် ဗုဒ္ဓဘာသာဝင်များက ကမ္ဘကထပြု၍ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ကြိုဆိုကြပြီးလျှင် အထူးသီတင်းသုံးရန် ပြင်ဆင်ထားသော အဆောက်အဦးသို့ ကျောင်းအမှတ် သီတင်းသုံးရန် ပင့်လျှောက်ခဲ့သည်၊ ထိုကျောင်း၌ပင် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီးနောက် ညနေပိုင်းတွင် အမေရိကန်ပြည်ပမှ လာရောက်ခဲ့ကြသည့်

ဂျိုးဇက်ဂိုးလ်စတိန်း၊ ရော်ဂျာမီလီကင်း (Roger Milliken)၊ ဂျက်ကလင်ဆကွမ်စ် (Jacqueline Schwartz)၊ မာဂရက်ဝေါလ်လတ်စ် (Margaret Wallach)၊ ကက်သရင်း အင်းဂရမ်း (Catherine Ingram)နှင့် ဗုဒ္ဓဘာသာတွင် စိတ်ပါဝင်စားသူများပါ လာရောက်ဖူးမြော် ကန်တော့ကြ၍ ဆရာတော်ဘုရားကြီးက ဗုဒ္ဓ၏ အမြတ်ဆုံးတရားတော်ကို တိတ်ခွေဖြင့် ဖွင့်ပြခြင်းနှင့် ကိုယ်တော်တိုင် အင်္ဂလိပ်လို ဟောပြောခြင်း ပြုလုပ်တော်မူပါသည်။

## ဧပြီလ ၆–ရက်နေ့

နံနက်ခင်းတွင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဝိပဿနာတရား အားထုတ်ရခြင်းအကြောင်းနှင့် အားထုတ်ပုံအကျဉ်းချုပ်ကို ဟောပြော၍ ဆရာတော် ဦးဇနက–က အင်္ဂလိပ်လို ပြန်ဆိုတော်မူပါသည်၊ ယောဂီပရိသတ်လူမျိုးပေါင်းစုံတို့ ရှိခဲ့သဖြင့်လည်း တရားနာကြားရုံမျှမက တရားထိုင်ခြင်းများ ပြုကြသဖြင့် ထူးထူးကဲကဲ အကျိုးများလှပေသည်၊ နေ့ဆွမ်းကိုမူ ထိုင်း (Thai) သံရုံးမှ အမျိုးသမီးတစ်ဦးက ယိုးဒယား စားဖွယ်သောက်ဖွယ်များဖြင့် စေတနာထက်သန်စွာ ကပ်လှူရာ အားကျစရာဖြစ်ပေသည်။ မြန်မာအမျိုးသား ၆၀–ခန့်ရှိ၍လည်း တရားပွဲမှာ စည်ကားဝမ်းမြောက်ဖွယ်ရာကောင်းပေသည်။ ဂျပန်တွင် ရာသီဥတု အနည်းငယ်ပိုအေးသော်လည်း ဟိုနိုလူလူ၏ ရာသီဥတုမှာ ပို၍ အပူအအေးမျှတခြင်းကြောင့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် နေသာထိုင်သာရှိကြပြီး သာသနာပြုလုပ်ငန်းအတွက် စိတ်ဆန္ဒရှိသရွေ့ လျောက်ပတ်စွာ ချီးမြှင့်တော်မူနိုင်ပေသည်။

ညနေချမ်းအချိန်တွင် တိဘက်ကျောင်းမှ ပင့်သဖြင့် ကြွရောက်ပြီးလျှင် တိဘက်ဘုန်းကြီးနှင့် အလ္လာပ သလ္လာပ ပြောပြီးနောက် “ဇင်” (Zen Centre)သို့ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကြွရောက်၍ ဝိပဿနာအကျဉ်းချုပ်ကို ဟောတော်မူသည်၊ ဆရာတော် ဦးဇနက–က အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပေးတော်မူပြီးနောက် အမေးပုစ္ဆာများကို ဆရာတော်ဘုရားကြီးက ဖြေကြားတော်မူလေသည်။ ယင်းသို့ ဟောကြားဆွေးနွေးခြင်းကို ၁–နာရီကျော်ခန့် ပြုလုပ်ခဲ့ပြီးလျှင် နာရီဝက်ကြာမျှ တရားထိုင်ကြရာ ပရိသတ်များက သာဓု အနုမောဒနာ ပြုကြကုန်သည်။

## ဧပြီလ ၇–ရက်နေ့

အရုဏ်နှင့် နေ့ဆွမ်းကို ဒကာ ဦးတင်အေးနှင့် မိသားစုတို့က သဒ္ဓါတရား ထက်သန်စွာဖြင့် တာဝန်ယူ ဆက်ကပ်၍ သီလပေးခြင်း, ဆွမ်းအနုမောဒနာတရား ဟောကြားခြင်း ပြုတော်မူကြောင်း၊ ထို့နောက်မှ ယောဂီပရိသတ်က တစ်နာရီကျော်ခန့် ဝိပဿနာတရား ပွားများအားထုတ်ခြင်းပြုကြကြောင်း၊ ဆရာတော်ဘုရားကြီးမှာ မွန်းလွဲမှပင် ခေတ္တ အနားယူတော်မူရပေသည်၊ ညနေအချိန်၌ ဟိုနိုလူလူရှိ ကမ္ဘာ့ဗုဒ္ဓဘာသာအသင်း (World Buddhist Fellowship)၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဟိုနိုလူလူအမျိုးသား မစ္စတာ ဆူနာယိုနုယာဘာရ (Mr. Suna Nuyabara)နှင့် ကမ္မဋ္ဌာန်းနည်းပြဆရာ အက်ကင်ရိုရှီး (Ait Ken Roshi)တို့က ဆရာတော်ဘုရားကြီးအား လာရောက်ဖူးမြော် ကန်တော့ကြ၍ ဆရာတော်ဘုရားကြီးက ၈–ပါးသီလကို ပေးသနားတော်မူကြောင်း၊ ဆက်လက်၍ “ချမ်းသာရေးတရားတော်ကို” ဟောပြောပြီးလျှင် ည ၉–နာရီမှ (၉း၄၅) နာရီအထိ တရားထိုင်ကြကြောင်း။

## ဧပြီလ ၈–ရက်နေ့

နံနက်ချိန်တွင် ဟိုနိုလူလူရှိ မြန်မာအမျိုးသား အမျိုးသမီးများက ဆရာတော်ဘုရားကြီးအား ဆွမ်းကပ်ပြီးလျှင် သီလခံယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပါသည်၊ ထိုနေ့တွင် အမေရိကန်ပြည်ပသို့ ပျံသန်းမည့် လေယာဉ် နောက်ကျနေသဖြင့် ဟိုနိုလူလူ၌ပင် နေ့ဆွမ်းဘုဉ်းပေးကြကာ လော့စ်အိန်ဂျယ်လ်လိစ် (Los Angeles)သို့ မွန်းလွဲအချိန်တွင်မှ ခရီးဆက်ခဲ့ကြရလေသည်။

## အမေရိကန် အနောက်ပိုင်း (ကာလီဖိုးနီးယား) ပြည်နယ်တွင် သာသနာပြုခြင်း

### (က) လော့စ် အိန်ဂျယ်(လ်) လိ(စ်) (Los Angeles) နှင့် ယပ်ကာဘဲလ်လီ (Yucca Valley) ၇–ရက် စခန်း။

အမေရိကန်ပြည်အနောက်ပိုင်း ကာလီဖိုးနီးယား ပြည်နယ်ရှိ လော့စ်အိန်ဂျယ်(လ်)လိ(စ်) (Los Angeles) မြို့သို့ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ဆိုက်ရောက်ချိန် ညနေ ၅–နာရီကျော်တွင် ဆန်ဖရန်စစ္စကို၊ နယူးယောက်၊ လူဝီဇီယန္နားမြို့များမှ ဒေါ်တင်လှိုင်၊ ဒေါ်ခင်စု၊ ဦးချစ်မြိုင်တို့နှင့် ဌာနေ အနီးပတ်ဝန်းကျင်ရှိ အမေရိကန်နှင့် မြန်မာအများအပြား ခရီးဦး ကြိုဆိုကြကြောင်း၊ ထိုနေ့ညနေတွင် လော့စ်အိန်ဂျယ်(လ်)လိ(စ်)ရှိ “ဇင်”သာသနာပြုရေး စခန်းတွင် တည်းခိုတော်မူခဲ့ပေသည်။

## ဧပြီလ ၉–ရက်နေ့

ထိုင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာတိုင်းရင်းသားများက ဆရာတော်ဘုရားကြီး တည်းခိုတော်မူရာ ဌာနသို့လာရောက်၍ နေ့ဆွမ်းဆက်ကပ်ကြသည်၊ အရုဏ်ဆွမ်းကိုမူ ဒေါ်တင်လှိုင်အမှူးပြုသော အမျိုးသား အမျိုးသမီးများနှင့် "ဇင်"ဌာနက ဆက်ကပ်ကျွေးမွေး လှူဒါန်းကြပါသည်၊ မွန်းလွဲ ၁–နာရီတွင် "ဇင်"ကျောင်းမှ ဘုန်းကြီးများ, အမေရိကန် ဒါယကာ ဒါယိကာမများ, မြန်မာဒါယကာ ဒါယိကာမများ ၁၅၀–ခန့်အား ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရား ဟောကြားချီးမြှင့်တော်မူ၍ ဆရာတော် ဦးဇနက–က အင်္ဂလိပ်ဘာသာပြန်ပါသည်။ တရားပွဲပြီးသောအခါ မွန်းလွဲ ၂း၃၀ နာရီခန့်အချိန်တွင် "ယပ်ကာ ဘဲလ်လီ" (Yucca Valley)သို့ မော်တော်ယာဉ်များဖြင့် ကြွမြန်းတော်မူခဲ့ကြသည်။ ညနေဆည်းဆာ ၆–နာရီခွဲအချိန်တွင် "ယပ်ကာဘဲလ်လီ"သို့ ရောက်ရှိခဲ့ကြောင်း။

## ဧပြီလ ၁၀–ရက်နေ့

ထိုနေ့တွင် သာယာသော ရာသီဥတုနှင့် ယပ်ကာဘဲလ်လီ၏ ပတ်ဝန်းကျင် ရှုမျှော်ခင်းတို့မှာ ဝိပဿနာဘာဝနာ ပွားများလိုသူများအဖို့ အေးချမ်းသာယာကြည်နူးဘွယ်ရာ ရှိခဲ့ပါသည်၊ ထိုနေ့ အရုဏ်နှင့် နေ့ဆွမ်းတို့ကို ဘာရီမြို့ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနမှ ရောက်ရှိနေသူ မိုက်ကယ်လ် (Michael) ကိုယ်တိုင်ကြီးကြပ် ချက်ပြုတ်လှူဒါန်း ဆက်ကပ်ပါသည်၊ ထို့နောက် တရားစခန်း၌ ဆောင်ရွက်ဖွယ်များကို ဆွေးနွေးခြင်းများပြု၍ ည ၈း၀၀ နာရီ အချိန်တွင် သရဏဂုံနှင့်သီလကို ဆရာတော်ဘုရားကြီးက ပေးသနားတော်မူသည်၊ ထိုအချိန်အခါ၌ မြန်မာ အမေရိကန် ဗုဒ္ဓဘာသာဝင်စုစုပေါင်း (၁၄၀) ခန့် ရှိပြီး အားတက်သရော တရားနာယူကြသည်မှာ ကြည်ညို ဝမ်းမြောက်ဘွယ်ရာပင်။

## ဧပြီလ ၁၁–ရက်နေ့

ဤနေ့ရက်သည်ကား မနေမနား ဝိပဿနာတရားတည်းဟူသော သာသနာ့တံခွန်ကို စတင်၍ အမေရိကန်ပြည် အနောက်ပိုင်း၌ ဝင့်ဝင့်ကြွားကြွား စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ ထိုနေ့တွင် ဆရာတော် ဦးဇနက–က ယောဂီ (၈၀)တို့အား တရားစစ်ခြင်း ပြုတော်မူသည်၊ ဦးအဂ္ဂဓမ္မက ယောဂီ (၆၀)တို့ကို တရားစစ်ခြင်း ပြုပေးသည်၊ နံနက်နှင့် မွန်းလွဲ အချိန်များတွင် တကြိမ်လျှင် ၁–နာရီခွဲ၊ ပေါင်း ၂–ကြိမ် တရားစစ်ဆေးခြင်းပြု၍ ဆရာတော်ဘုရားကြီးအား ယောဂီများက နံနက် (၉)နာရီမှ (၁၀)နာရီတကြိမ်၊ မွန်းလွဲ ၃–နာရီမှ ၄–နာရီ တကြိမ် ဖူးမြော်ကန်တော့ကြပြီးလျှင် နက်နဲသော တရားဓမ္မ တို့ကို မေးမြန်းလျှောက်ထားခြင်း ပြုကြပါသည်၊ ဦးရေဝတဓမ္မနှင့် အရှင်သီလာနန္ဒဆရာတော်များက အင်္ဂလိပ်ဘာသာ စကားပြန်အဖြစ် ဆောင်ရွက်တော်မူကြကြောင်း၊ ညနေတွင် ရန်ကုန်မြို့ အင်းယားလမ်းနေ ဒေါ်မြကျင်၏သား ဒေါက်တာ လှတင်ငွေက ဒုလ္လဘရဟန်းခံယူခြင်း ပြုခဲ့ကြောင်း၊ ဧပြီလအတွင်းဝယ် ရာသီဥတုအခြေအနေမှာ အမေရိကန်ပြည်၌ "စပရင်းတိုင်း"ခေါ် ရာသီပန်းများ ဖူးပွင့်ဝေဆာ ရနံ့ဖြာလျက်ရှိသည့်အပြင် စံတော်ချိန် ည ၈–နာရီအထိ မှောင်ရိပ်မထိုး အလင်းရောင်ဖြိုးလျက်ရှိပေသည်၊ ည ၇–နာရီခန့် အချိန်မှ ၈–နာရီအထိ ဆရာတော်ဘုရားကြီးက "အမြတ်ဆုံးတရားတော်" (The Noble Teaching of Buddha) ကို အင်္ဂလိပ် ဘာသာဖြင့် ဟောကြားတော်မူကြောင်း။

## ဧပြီလ ၁၂–ရက်နေ့

ယခင်နေ့တွင် သာသနာပြုလုပ်ငန်းကို အင်တိုက် အားတိုက် ထမ်းဆောင်တော်မူသကဲ့သို့ ထိုနေ့တွင်လည်း မအား မလပ် တရားပြသခြင်း၊ တရားစစ်ဆေးခြင်း၊ တရားဓမ္မဟောကြားခြင်းတို့ကို မဟာစည် သာသနာပြုအဖွဲ့ဝင်များက နေ့ဝင်ချိန် တိုင် ချီးမြှင့်တော်မူခဲ့ကြသည်။

## ဧပြီလ ၁၃–ရက်နေ့

ကမ္ဘောဒီယန် အမျိုးသား အမျိုးသမီးတစုတို့က ပဉ္စသီလခံယူ၍ နေ့ဆွမ်းဆက်ကပ်လျက် ပရိတ်တရားတော်များကို နာကြားကြပါသည်၊ ဤသို့ ထူးထူးခြားခြား ဒါနသီလပြုလုပ်ခြင်းတို့ကို ချီးမြှောက်တော်မူပြီးနောက် လွန်ခဲ့သော နေ့ရက်များ ကဲ့သို့ တရားထိုင်စေခြင်း၊ တရားစစ်ဆေးခြင်းများ ပြုကြပေသည်၊ ညပိုင်းတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော် တိုင် သတိပဋ္ဌာန်တရားတော်(ပ)ကို ဟောကြားတော်မူခဲ့ကြောင်း။

## ဧပြီလ ၁၄–ရက်နေ့

ယခင်ရက်များအတိုင်း တရားအားထုတ်ကြစေခြင်းနှင့် တရားစစ်ခြင်းတို့ကို ပြုပြီးနောက် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းကို စတင်ဟောကြားတော်မူပါသည်။

## ဧပြီလ ၁၅–ရက်နေ့

အတာသင်္ကြန်ရက်များနှင့် ကြုံကြိုက်၍ လော့စ်အိန်ဂျယ်(လ်)လိ(စ်)မှ မြန်မာမိသားစုတို့က ဆက်ကပ် လှူဒါန်းရန် မြန်မာအစာ စားသုံးဘွယ်ရာအဖြာဖြာတို့ကို ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ယပ်ကာဘဲလ်လီအရပ်သို့ ယူဆောင်ကာ လာရောက်ခဲ့ကြပေသည်၊ သဒ္ဓါတရား ဟူသည်မှာ အံ့ဘွယ်ပင်တကား။ ထိုနေ့တွင် လူမျိုးစုများ စုပေါင်း၍ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခြင်း၊ ပဉ္စသီလခံယူခြင်းနှင့် ရေစက်ချခြင်းတို့ကိုပြုကာ ကုသိုလ်တရားပွါးများကြကုန်သည်၊ မွန်းလွဲ ၂–နာရီ အချိန်၌ကား ယောဂီပရိသတ် အပေါင်းအား ဆရာတော်ဦးဇနက–က နာရီဝက်ခန့် တရားဟောကြားတော်မူကြောင်း။

## ဧပြီလ ၁၆–ရက်နေ့

ထိုနေ့ နံနက်ချိန်ခါ၀ယ် သဘာဝရှုခင်းများကို ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က လှည့်လည်ရှုစားတော်မူသည်၊ ညနေ ၃း၀၀ နာရီမှ ၃း၃၀ အချိန်အထိ ဦးအဂ္ဂဓမ္မ–က တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူသည်၊ ညဥ့်ဦးယာမ် အချိန် ၇–နာရီမှ ၈–နာရီတိုင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တရားဒေသနာနှင့်စပ်လျဉ်းသည့် အမေးပုစ္ဆာ လျှောက်ထားချက်များကို ရှင်းလင်းဖြေကြားတော်မူကြောင်း။

## ဧပြီလ ၁၇–ရက်နေ့

အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် တရားအားထုတ်သော ယောဂီများနှင့် အဖွဲ့ဝင်များက ဆွမ်းလောင်းလိုကြ၍ ရိပ်သာနယ်မြေအတွင်း ပိဏ္ဍပါတ် ဆွမ်းခံကြွတော်မူရာ ယောဂီအများက ဆွမ်းနှင့် ပဲဆန် ချိုချဉ်ရသာအဖြာဖြာတို့ဖြင့် လှူဒါန်း ဆက်ကပ်ကြကုန်သည်။

ဤသို့ "ယပ်ကာဘဲလ်လီ" ကမ္မဋ္ဌာန်းဌာနတွင် ၇–ရက်စခန်း ပြီးစီးခဲ့ပြီးနောက် (၁၇–၄–၇၉)နေ့ နံနက် ၉–နာရီခွဲ အချိန်၌ လေယာဉ်ကွင်းရှိရာဒေသ ပမ်စပရင်း (ဂ်) (Palm Spring)သို့ ကြွမြန်းတော်မူခဲ့သည်၊ လေယာဉ်ကွင်းတွင်ပင် "ယပ်ကာဘဲလ်လီ"မှ လှူဒါန်းသော ဆွမ်းကွမ်းများကို ဘုဉ်းပေးတော်မူကြပြီးနောက် ဆန်ဖရန်စစ္စကိုမြို့သို့ ထွက်ခွါခဲ့သည်၊ မွန်းလွဲ ၁–နာရီကျော်တွင် လေယာဉ်သည် မြေပြင်သို့ ငြင်သာစွာ သက်ဆင်း ဆိုက်ရောက်ခဲ့သည်။

## (ခ) ဆန်ဖရန်စစ္စကို၏ သဒ္ဓါတရား

မဟာစည်ဆရာတော်ဘုရား ဆန်ဖရန်စစ္စကို လေဆိပ် ဆင်းလိုက်သည်နှင့် လေယာဉ်ဆင်းလမ်းတလျှောက် ပန်းခင်း ထားကြသည်ကို မြင်ကြရသည့်အပြင် ခရသင်းမှုတ်သံကို ကြည်နူးစွာကြားရပါလေသည်၊ အသံလာရာသို့ လှမ်းမျှော်ကြည့်သည့်အခါ မုတ်ဆိတ် ကျင်စွယ်နှင့် သွယ်လျားသော ကိုယ်ခန္ဓာရှိသူ အမေရိကန်တဦး၏ သဒ္ဓါလွန်ထူး ရွှင်မြူးဝမ်းမြောက်စွာ ဂုဏ်ပြုနေခြင်းကို တအံ့တသြ တွေ့မြင်ကြရလေသည်။

ဆန်ဖရန်စစ္စကိုမြို့ လေဆိပ်တွင် ဒေါက်တာရီနာဆာကား (Dr. Rina Sircar)၊ ဦးချစ်ထွန်းတို့နှင့် မြန်မာအမျိုးသား အမျိုးသမီး မြောက်များစွာတို့ကလည်း လိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်၊ ခရီးတလျှောက် စောင့်ရှောက်ရန်လည်း ဘာရီကမ္မဋ္ဌာန်း ဌာနမှ ကိုယ်စားလှယ်တော် "မိုက်ကယ်လ်"က မဟာစည်အဖွဲ့နှင့် တပါတည်းလိုက်ပါလာ၍ ညှော့ဝတ်စောင့်ဝတ် ကျေပွန်လှပေသည်၊ ဆန်ဖရန်စစ္စကိုမြို့သို့ ဆိုက်ရောက်ချိန်မှာ နေ့ ၁–နာရီကျော်ရှိခဲ့လေပြီ၊ ရောက်ရှိသည့်နေ့ (၁၇–၄–၇၉)မှာ မြန်မာ မိသားစုများအဖို့ သင်္ကြန်အပြီး နှစ်ဆန်းတရက်နေ့ဖြစ်သည်မို့ ကုသိုလ်ထူးအနေနှင့် မြန်မာ့ရိုးရာ အာဟာရ မုန့်ဟင်းခါး၊ မုန့်တီ စသည်တို့ကို ယောဂီ ဧည့်ပရိသတ်များအား အားပါးတရ ကျွေးမွေးလှူဒါန်းကြသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပေသည်။

ဆန်ဖရန်စစ္စကိုတွင် "လီတာလီပက်" (Lita Lipat) အမည်ရှိ ဖီလီပီနို (Phillipino) ဒကာမကြီးက ၎င်းပိုင် အိမ် တစ်လုံးကို ကျောင်းအမှတ် သီတင်းသုံးတော်မူပါရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား လျှောက်ထားလှဲအပ်ခဲ့သည်၊ ညချမ်းအချိန် (၇)နာရီတွင် (Cultural Integration Fellowship) တည်ရာဌာနသို့ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သို့

ကြွရောက်တော်မူကြပြီး နှုတ်ခွန်းဆက်မိန့်ခွန်းပေးတော်မူခြင်း၊ ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်၍ ချီးမြှင့်တော်မူခြင်းများ ပြုကြပါသည်။

မြန်မာနှင့် အမေရိကန်လူမျိုးစု ပရိသတ်ပေါင်း ၁၀၀–ကျော်မျှ နာကြားကြကြောင်း၊ ထူးခြားချက်တစ်ရပ်သည်ကား မျက်နှာဖြူ ဗုဒ္ဓဘာသာဝင်များက မြန်မာစုထက် ပိုမိုများပြားခြင်းပင် ဖြစ်လေသည်၊ ထိုပရိသတ်ထဲတွင် အမေရိကန် အသားမဲ မိသားစုများလည်း ပါဝင်ပြီး တရားနာပရိသတ်အနေနှင့် လွန်စွာတည်ငြိမ် သိမ်မွေ့ယဉ်ကျေးကြကြောင်း။

ဆန်ဖရန်စစ္စကို၏ နံနက်ခင်းနေမင်းပြုစ အရုဏ်အချိန်သည်ကား (၄း၃၀) နာရီ ဖြစ်သည်၊ နှင်းမှုန်ကလေးများဖြင့် မလှုံ့တလှုံ ပက်ဖျန်း ဖုံးလွှမ်းထားလျက် ရှိပေသေးသည်၊ နေဝင်ချိန်သည်ကား (၇း၁၅) နာရီအချိန်ဖြစ်၍ မြို့တော်တခုအနေနှင့် သာယာလှပ ရှုမောဘွယ်ရာ ဖြစ်ကြောင်း တွေ့ရပေသည်။

## ဧပြီလ ၁၈–ရက်နေ့

နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးသည့်နောက် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် (Space Centre)သို့ ခေတ္တ သွားရောက် ကြည့်ရှုတော်မူပြီးလျှင် အမေရိကန် အမျိုးသား တောင်ပုလုဆရာတော်၏ တပည့်ဖြစ်သူ မစ္စတာဘရုစ် (Mr. Bruce)၏ ဆက်ကပ်လှူဒါန်းသော နေ့ဆွမ်းကို ဘုဉ်းပေးတော်မူကြောင်း၊ ထိုနေ့ဆွမ်းနှင့်အတူ မြန်မာပရိသတ် အပေါင်းက လည်း သူ့ထက်ငါ အားပါးတရ စေတနာသဒ္ဓါတရားဖြင့် မွန်မြတ်သော စားသောက်ဖွယ်ရာ အဖြာဖြာကို ဒါနပြုကြကုန်သည်၊ ထိုနေ့ တစ်နေ့ကုန်လိုလိုပင် ရပ်ဝေး ရပ်နီးမှ မြန်မာဥပါသကပရိသတ်များ အတောမသတ် လာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြပါသည်၊ ည (၇)နာရီ အချိန်၌ (Cultural Integration Fellowship) စခန်းဌာနတွင် ဆရာတော် ဘုရားကြီးက အင်္ဂလိပ်ဘာသာဖြင့် သတိပဋ္ဌာန် ပဌမပိုင်းကို ဟောကြားတော်မူသည်၊ ဤသို့ တရားရေအေး တိုက်ကျွေးတော် မူပြီးနောက် ယောဂီပရိသတ် ၁၂၀–ကျော်တို့က နာရီဝက်မျှ တရားထိုင်ကြကုန်သည်။

## ဧပြီလ ၁၉–ရက်နေ့

အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် ဒေသန္တရဗဟုသုတ အလို့ငှါ ဆန်ဖရန်စစ္စကို၏ နဂိုသဘာဝအလှရှုခင်းကို လှည့်လည်ကြည့်တော်မူခဲ့ကြောင်း ထိုနေ့တွင် မြန်မာအမြောက်အများနှင့် အမေရိကန်အများ လာရောက်ပြီး ဆရာတော်ဘုရား ကြီးအား အားရွှင်လန်း ပီတိလျှမ်းလျက် ကန်တော့ကြကုန်သည်၊ ထိုမှတပါး ပရိယတ္တိ, ပဋိပတ္တိ တရားတော်အချက်အလက် အချို့နှင့်ပတ်သက်၍ မေးမြန်းဆည်းပူးခြင်း ပြုကြပေသည်၊ ညဦးပိုင်းတွင် အထက်ဖော်ပြပါစခန်း၌ လျှောက်ထားပန်ကြား ချက်အရ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် ဒုတိယပိုင်းကို မြန်မာ အင်္ဂလိပ် ဘာသာရပ် ၂–ရပ် စလုံးဖြင့် စေတနာသွင်း ကာ ဟောကြားခြင်း ပြုတော်မူပါသည်၊ ထိုနောက် နာရီဝက်မျှ ပရိသတ် – ၁၂၀ ကျော်တို့က တရားထိုင်ကြပါသည်။

## အရှင်သီလာနန္ဒနှင့် အရှင် ကေလာသ နှစ်ပါးတို့၏ အတွေ့အကြုံ

ဆန်ဖရန်စစ္စကိုနှင့် အမေရိကန်ပြည် အနောက်ပိုင်းဒေသ ကာလီဖိုးနီးယား ပြည်နယ်ရှိ ဗုဒ္ဓဘာသာမြန်မာ သူတော်စင် များ၏ လိုလားတောင့်တချက်အရ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် တပည့်ရဟန်းများဖြစ်ကြသည့် ဦးသီလာ နန္ဒနှင့် ဦးကေလာသတို့အား ဆန်ဖရန်စစ္စကိုမြို့တွင် အနည်းဆုံး တစ်နှစ်တာမျှ ထေရဝါဒ ဗုဒ္ဓသာသနာပြုရေးအတွက် နေရစ် ကြရန် ဩဝါဒပေးတော်မူလေသည်၊ အခိုက်အတန့်အားဖြင့် အမေရိကန်ပြည်တွင်း သာသနာပြုခရီးစဉ်အတွင်း အဆိုပါ ဆရာတော် ၂–ပါးစလုံး မဟာစည်အဖွဲ့နှင့် လိုက်ပါစေပြီးလျှင် နောက်ဆုံး နယူးယောက်အထိ ခရီးစဉ်ပြီးဆုံးပါမှ ဆန်ဖရန်စစ္စကို သို့ ပြန်လည်ကြွကြရန် မိန့်တော်မူခဲ့သည်၊ ယင်းသို့ ဦးပဥ္စင်း ၂–ပါး ပြန်လည်မကြွမီကာလ အတောအတွင်း မြန်မာနိုင်ငံတော် အစိုးရထံမှငင်း, အမေရိကန်အစိုးရထံမှငင်း လိုအပ်သော သဘောတူ ခွင့်ပြုချက်တို့ကိုရရန် စီစဉ်ခြင်းပြုရပေ သည်။

ဤနေရာတွင် အလျဉ်းသင့်၍ သာသနာရေးကိစ္စနှင့် စပ်လျဉ်းပြီး တင်ပြရပါမူ အမေရိကန်တွင် အနောက်ပိုင်းဒေသမှ အရှေ့ပိုင်းဝါရှင်တန်နှင့် နယူးယောက်မြို့များအထိ ဂျပန်ပြည်မှာကဲ့သို့ ဗုဒ္ဓဘာသာ အယူဝါဒ ဖြစ်သော်လည်း မဟာယာန အနေနှင့် အမြစ်တွယ်လျက်ရှိသည်ကို ကြားသိရပေသည်၊ "ဇင်" ဂိုဏ်းများလည်း အလွန်များလှကြောင်း၊ အခြားဂိုဏ်းခွဲများ လည်း အများအစား ရှိပေသေးကြောင်း သိရသည်။ ဤသို့ ပြန့်နှံ့အခြေစိုက်နိုင်ခြင်းမှာ အထူးသဖြင့် ဂျပန်လူမျိုးတို့၏ ဇွဲနှင့် လုံ့လဝီရိယ တို့ကြောင့် ဖြစ်ပေသည်၊ ဂျပန်ပြည်၏ မျက်စိပွင့်မှုတို့ကြောင့်လည်း ၎င်းတို့၏ လူမျိုးပြန့်နှံ့ရာတွင် ဘာသာနှင့် စာပေပါတွဲဖက်သည့် ခေတ်မှီနည်းကို ကျင့်သုံးခြင်းဖြစ်ပေသည်၊ ဆန်ဖရန်စစ္စကိုမြို့တွင် ဂျပန်စင်တာ(ဌာန) တခုရှိပြီး ဖတ်ရှု

လေ့လာဘွယ်ရာ စာအုပ်စာတမ်းမှအစ စားဘွယ်သောက်ဘွယ်နှင့် လူသုံးကုန် ပစ္စည်းပစ္စယမျိုးစုံ ရောင်းချဆိုင်များ ရှိပေသည်၊ မဟာယာန ထွန်းကား၍ ကျောင်းတော်များလည်း တင့်တောင့်တင့်တယ် ရှိကြပေသည်။

ထေရဝါဒ ကျင့်သုံးသည့် နိုင်ငံများအနက် သီဟိုဠ်နိုင်ငံနှင့် ယိုးဒယားနိုင်ငံများမှ ရဟန်းတော်များသာလျှင် အမေရိကန်ပြည် မြို့ကြီးတိုင်းလိုလိုမှာပင် အားမာန်အပြည့်အဝဖြင့် သာသနာပြုလျက် ရှိကြပေသည်။

ထေရဝါဒကျောင်း အရေအတွက်မှာကား မဟာယာနနှင့် နှိုင်းစာပါက အနည်းငယ်မျှသာ ရှိသေးကြောင်း၊ ထေရဝါဒ နိုင်ငံ ဖြစ်သည့် မြန်မာပြည်က သာသနာဖြန့်ဖြူးရာ၌ နောက်ကျသေးသည်ကား မှန်ပေသည်၊ သို့ရာတွင် သီလကို အခြေခံ ထားသည့် ထေရဝါဒအဖို့ အမေရိကန်တွင် လွယ်ကူသော အယူဝါဒကို ဦးစွာလက်ခံပြီးသား ဖြစ်ကြသည့် ပုဂ္ဂိုလ်များအား ဟောပြောရာ၌ အလွယ်တကူလက်ခံခြင်းကို ပြုကြကြောင်းကြားသိရ၍ အကောင်းဘက်မှရှုလျက် ကျေနပ်ရပေသည်။ အကျင့် သီလနှင့်ပတ်သက်၍ ထေရဝါဒမှာ (၅)ပါးသီလ၊ (၁၀)ပါးသီလ စသည် ရှိနေကြခြင်းကြောင့် အနောက်တိုင်းအဖို့ ရုတ်တရက် လိုက်နာရန် ဝန်လေးပေမည်၊ သီလကား ဒါနထက်ခဲယဉ်းကြောင်း အဋ္ဌကထာများ၌လည်း ဖွင့်ပြချက်ရှိပေသည်၊ အနောက် တိုင်းသားများအနေနှင့် သီလစောင့်စည်းရန် ခံယူချက်ထားရှိလျှင် အမှန်တကယ် လေးလေးစားစား စောင့်ထိန်းကြမည်မှာ ယုံမှားဘွယ်ရာမရှိချေ၊ ယခုထေရဝါဒ ဝိပဿနာနည်းမှန်ကို လက်ခံပွါးများကြကုန်သော အနောက်တိုင်းသူ တိုင်းသားများတို့ သည် စွဲစွဲမြဲမြဲ စည်းကမ်း ကျင့်စဉ်များကို ပြည့်မှီစွာ လိုက်နာကျင့်သုံးကြကြောင်း တွေ့မြင်ကြရသည်။

မကြာမီနှစ်အတွင်းက အနောက်တိုင်းတစ်ခွင်တွင် ဗီယက်နမ်, ကမ္ဘောဒီးယား, လာအိုမှ စစ်ပြေးဒုက္ခသည်များ ရောက်ရှိ ခိုလှုံလာခဲ့ကြခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံမှ သာသနာပြုရန် တာဝန် ပေးအပ်ထားသည့် မဟာစည်အဖွဲ့ဝင် ဦးပဏ္ဍိုင်းနှစ်ပါးတို့အဖို့ အမေရိကန်ပြည်တွင် ထိုသို့သော တိုင်းရင်းသားတို့၏ ကြည်ညို လေးစား အားပေးမှုကိုပါ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်၊ အမေရိကန်ပြည်တွင် မြန်မာဘုန်းကြီးကျောင်းဟူ၍ မရှိခဲ့ သေး၊ သတင်းအရ ဆန်ဖရန်စစ္စကိုမြို့၌ ထေရဝါဒကျောင်းတခု ဖြစ်မြောက်ရေးအတွက် စတင်စည်းရုံးလျက်ရှိကြောင်း၊ ဆရာတော် ဦးသီလာနန္ဒနှင့် ဦးကေလာသတို့က ဤကဲ့သို့ ဖြစ်မြောက်ရေးကို ရည်စူး၍ တရားဟောပြောယင်း သာသနာပြု လျက် ရှိကြပေသည်။

ဆန်ဖရန်စစ္စကိုမြို့တွင် လွန်ခဲ့သော ဝါဆိုလပြည့်နေ့ (ဇူလိုင် ၈-ရက်နေ့)ကလည်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်များစုရုံး ၍ ကမ္ဘာ့ပါဠိသံဖြင့် ဓမ္မစကြာသုတ္တန်ကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းနှင့် အရှင်သီလာနန္ဒက တနာရီကျော်မျှ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခြင်း၊ ထို့အပြင် ဆန်ဖရန်စစ္စကိုနှင့် မိုင်-၅၀ ပတ်ဝန်းကျင်ရှိ မြို့, ဒေသများမှ တရားနာပရိသတ်ပေါင်း (၆၀) ကျော် တို့က တက်ရောက်နာကြား၍ ဆွမ်း, ခဲဘွယ်, ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်ဟု ကြားသိရသဖြင့်လည်း ဝမ်းမြောက် ကြရပေသည်။

## ဝါရှင်တန်နှင့် သာသနာပြုလုပ်ငန်းရပ်များ

## ဧပြီလ ၂၀-ရက်နေ့

ထိုနေ့ နံနက်ပိုင်းအထိ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် တပည့် သံဃာတော်များသည် ဆန်ဖရန် စစ္စကိုမြို့တွင် ရှိနေလျက်ပင်။

နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက်မှ အမေရိကန်အရှေ့ပိုင်း ဝါရှင်တန် ဒီ-စီ (Washington D.C.)မြို့တော်သို့ (၈း၄၅)နာရီအချိန် ထွက်ခွါတော်မူခဲ့သဖြင့် ညနေ (၄း၃၀)နာရီ (ဝါရှင်တန် စံတော်ချိန်)တွင် ဆိုက်ရောက်တော်မူလေသည်၊ ဝါရှင်တန်မြို့ပြင် ဒါလ်လဲစ် (Dullas) လေဆိပ်၌ မဟာစည် ယောဂီဟောင်းဖြစ်သည့် ဦးချစ်မြိုင်, ဦးဆွေတင်, ဦးထွန်းဝေ, ဒေါ်မြစိန်, မြန်မာသံရုံး ပဋ္ဌမအတွင်းဝန် ဒေါက်တာတင့်လွင်နှင့် အခြားမြန်မာပြည်သူ ပြည်သားများက အသင့်စောင့်ကြိုလျက် ရှိကြသည့်အပြင် ဝါရှင်တန် ဗုဒ္ဓဘာသာအသင်း (Washington Buddhist Society) ဥက္ကဋ္ဌ အရှင် ဒေါက်တာ ပဏ္ဍိတ ဒစ်ဝေလပညာနန္ဒ မဟာထေရနှင့် ဝါရှင်တန် ဗုဒ္ဓဝိဟာရမှ ကိုယ်စားလည်များ, မြန်မာသံရုံး အမှုထမ်းများနှင့် ဗုဒ္ဓဘာသာဝင် အမေရိကန် မြန်မာမိသားစုများပါ လိုက်လှဲစွာ ကြိုဆိုကြပေသည်၊ ဝါရှင်တန် (Washington Buddhist Vihara)တွင် နေ့စဉ် ဝိပဿနာအလုပ်ပေးတရားအားထုတ်ရေးနှင့်အဖွဲ့ဝင်များအား တရားဓမ္မ ဟောကြားရေးတို့အတွက် လွန်ခဲ့သော ၂-လ ကျော်ခန့်ကပင် စတင်၍ ဦးချစ်မြိုင်အမှူးပြုသည့် မြန်မာများက အစီအစဉ် ရေးဆွဲ ပြုလုပ်ထားရှိခဲ့ပေသည်။

ဝါရှင်တန်၌ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ၂-ဖွဲ့ခွဲ၍ အချို့က သီဟိုဠ်ကျောင်း (Buddhist Vihara of Washington)နှင့် အချို့က ဂျပန်ကျောင်း (Japan Buddhist Temple)၌ တည်းခိုခြင်း ပြုကြကြောင်း သီဟိုဠ်ဘုန်းကြီးကျောင်းများ နိုင်ငံတိုင်းလိုလိုမှာပင် ရှိကြသည်ဟု သိရသည်၊ သီဟိုဠ်ဒကာများနှင့် ဘုန်းကြီးများ၏ ဖွဲ့သတ္တိကို ချီးကျူး အတုယူစရာပင်၊ ထိုင်းနှင့် လာအို ကျောင်းများလည်း ကမ္ဘာအနှံ့တွင် ရှိကြကြောင်း သိရပေသည်။

အမေရိကန်ပြည်သို့ မဟာစည် သာသနာပြုအဖွဲ့ ကြွမြန်း လှည့်လည်တော်မူသည့် သတင်းအစုံအလင်ကို အမေရိကန်အသံလွှင့်ဌာန ( VOA )မှ ၎င်း၊ အမေရိကန် ပြန်ကြားရေးမှ၎င်း၊ အထူးထုတ်သတင်းဖြင့် အဆက်မပြတ် ထုတ်ပြန်ပေးနေသဖြင့် တတပ်တအား သာသနာပြုရေးတွင် အထောက်အကူပြုခြင်းဖြစ်၍ သက်ဆိုင်သူ ဗွီ အို အေ ဝန်ထမ်း မြန်မာ အမျိုးသားအမျိုးသမီးတို့အား ကျေးဇူးတင်လျက် သာဓုခေါ်ရပေသည်။

အမေရိကန် ပြန်ကြားရေးမှ (၂-၅-၇၉)နေ့ထုတ် အထူးသတင်းတစောင်တွင် "ဝါရှင်တန်မြို့၌ သကြံန်အပြီး မြန်မာနှစ်သစ်တက်ချိန်၌ အရေးကြီးသော ဖြစ်ရပ်မှာ မဟာစည်ဆရာတော်နှင့် နောက်ပါ တပည့်ငါးဦးတို့က ဝိပဿနာ ကမ္မဋ္ဌာန်းကို အဆက်မပြတ် ဟောပြောခြင်းပင်ဖြစ်၏၊ ပင့်ဖိတ်ချက်အရ မဟာစည်ဆရာတော် ကြွရောက်ခြင်း၏ အကျိုးတရားအနေဖြင့် ဖြစ်ပေါ်လာသော ပြောင်းလဲမှုတခုမှာ ဝါရှင်တန် ဗုဒ္ဓဝိဟာရ၌ တရားအားထုတ်သူအားလုံးအကြား စေတနာသဒ္ဓါတရား ပွါးများလာခြင်းပင်ဖြစ်ကြောင်း၊ ဝါရှင်တန် ဗုဒ္ဓဘာသာကျောင်းအဖွဲ့ အထွေထွေအတွင်းရေးမှူး ဆရာတော် အိပ်(ချ်)ဂုဏရတန (Venerable Gunaratna)က ပြောပြလေသည်"ဟူ၍ ပါရှိရကား မဟာစည် သာသနာပြုလုပ်ငန်းရပ်မှာ မည်မျှအကျိုးထူးပြုခဲ့သည်ကို သိသာနိုင်လေသည်။

ထိုမျှမကသေး....မဟာစည်ဆရာတော်သည် နောက်ပါ သံဃာငါးပါးနှင့်လူ ဒါယကာတဦးလိုက်ပါလျက် ဧပြီလ ၂၀-ရက်နေ့တွင် ဝါရှင်တန်သို့ ရောက်ရှိလာခဲ့၍ နောက်တနေ့တွင် ပထမဆုံး တရားချီးမြှင့်လေသည်၊ ယင်းသို့ တရားဟောရာတွင် မဟာစည်ဆရာတော်က ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း၏ စစ်မှန်သော အဓိပ္ပါယ်ကို ရှင်းလင်းပြောကြား၏၊ အထူးသဖြင့် ဗုဒ္ဓ၏ စိတ်တည်ငြိမ်နည်း၊ သတိပဋ္ဌာန်မှာ ဘဝ၏ အခြေအနေများစွာတွင် အသုံးချနိုင်၍ အကျိုးရှိကြောင်း၊ ရှေးရှေးဘုရားများ ပစ္စေကဗုဒ္ဓများနှင့် ရဟန္တာများမှာ သန့်ရှင်း၍ နိဗ္ဗာန်ရောက်သော ဤသတိပဋ္ဌာန်နည်းကို လေ့ကျင့်ခဲ့ကြောင်း ဆရာတော်ဘုရားက ထောက်ပြခဲ့သည်။

ဝိပဿနာ ကမ္မဋ္ဌာန်းမှာ အာရုံ ၆-ပါး တံခါးဝ၌ ဖြစ်ပေါ်လာသမျှကို ရှုမှတ်ခြင်းဟု ဆိုလိုကြောင်း၊ ဝိပဿနာမှာ စင်စစ်အားဖြင့် မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ အရသာခံခြင်း၊ ထိတွေ့ခြင်း၊ သို့မဟုတ် တွေးထင်ခြင်းအားဖြင့် မကောင်းသော အပြုအမူဖြစ်ကြောင်း၊ စိတ်ဓာတ်မသန့်ရှင်းခြင်းမှ မိမိဘာသာသန့်ရှင်းရန် တနည်းသာရှိကြောင်း၊ ၎င်းမှာ သတိပဋ္ဌာန်ဖြစ်ကြောင်း၊ သတိပဋ္ဌာန်ဆိုသည်မှာ ရုပ်နာမ်နှစ်ပါးတို့ ဖြစ်ပျက်ပုံကို ရှုမှတ်ခြင်းပင်ဖြစ်ကြောင်း၊ ဆရာတော်က ဆက်လက်ဟောကြားလေသည်" စသည်ဖြင့် ထုတ်ဖော်ကျေညာခဲ့ရာ ဗုဒ္ဓဘာသာဝင်ပင်ဖြစ်လင့်ကစား ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ရန် နည်းမှန်လမ်းမှန် မသိသေး၊ မကျင့်သေးသူများအဖို့ ယင်း သတင်းရနံ့မှာ ပြန့်နှံ့ကာ လွန်စွာ အကျိုးကျေးဇူးပြုပေမည်။

## ဧပြီလ ၂၁-ရက်နေ့

ဧပြီလ ၂၁-ရက်နေ့မှ ၂၆-ရက်နေ့အထိ (၇) ရက်တိုင်တိုင် ဝါရှင်တန်မြို့၌ ခေတ္တ သီတင်းသုံးတော်မူစဉ်အတွင်း သတိပဋ္ဌာန်တရားတော်များကို ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က နေ့စဉ်ရက်ဆက် နေ့ညမလပ် တရားပေးခြင်း၊ တရားစစ်ခြင်းတို့ဖြင့် တရားထိုင်သူများအား ချီးမြှောက်တော်မူ၍ သာသနာ့စည်ကြီးကို ရိုက်တီးကာ ဝိပဿနာဘာဝနာ ကြိုးပမ်း အားထုတ်မှုကို ယထာဘူတမှန်စွာ အားပါးတရ မြှင့်တင်တော်မူခဲ့ပေသည်။ ထို့ပြင် မြန်မာဗုဒ္ဓဘာသာဝင်များ၊ ဝါရှင်တန်မြို့ ပတ်ဝန်းကျင်ရှိ ထေရဝါဒသံဃာတော်များနှင့် အမေရိကန်ဗုဒ္ဓဘာသာဝင်များတို့က ဆရာတော်ဘုရားကြီးထံ လာရောက်၍ တရားနာယူကြားနာကြသည်မှာ တည်းခိုသောဝိဟာရတွင် ပြည့်လျှံ၍သွားကြောင်း သိရပါသည်၊ တရားအားထုတ်သူတို့၏ သိလို၍လျှောက်ထားသော ဗုဒ္ဓတရားတော်နှင့် ပတ်သက်သည့် မေးမြန်းချက်တို့ကို ဖြေဆိုပြသတော်မူကြကြောင်း၊ အချို့ ဗုဒ္ဓဘာသာဝင်များနှင့် စိတ်ပါဝင်စား၍ လေ့လာသူများအဖို့ မရှင်းလင်းသေးသည့် တရားသဘော အချက်အလက်တို့ကို မေးမြန်းစူးစမ်းခြင်းသည်ကား ထူးခြားကောင်းမွန်သည့် လက္ခဏာတရပ် ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီးသည် မေတ္တာကရုဏာ ကြီးမားစွာဖြင့် အခြေခံဝိပဿနာရှုပုံ အပြည့်အစုံနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်ပုံကို ဟောကြား ညွှန်ပြသည့် အဓိက တရားအချက်အလက်တို့မှာ "မြင်ယင် မြင်တယ်လို့ ရှုမှတ်ပြီး ရုပ်နှင့်နာမ်နှစ်ခုခွဲပြီး သိကြဖို့၊ ကြားယင် ကြားတယ်လို့ ရှုမှတ်ပြီး၊ ထို့အတူ သိရတယ်၊ ဒီလိုရှုမှတ်ရတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်အရ ပေါ်လာသမျှကို မပြတ်ရှုနေလျှင် သမာဓိအားရှိလာတဲ့အခါကျတော့ သိစရာရုပ်နဲ့ သိတဲ့နာမ်ကို ပိုင်းခြားပြီးသိတယ်၊

အကြောင်းနဲ့ အကျိုးနဲ့ ဆက်စပ်ပြီး ဖြစ်နေတာကိုလဲ သိတယ်၊ အသစ်အသစ်ဖြစ်ပြီး ချက်ခြင်းပင် ပျက်ပျောက်သွားတာကို ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့ပြီး ဖြစ်ပျက် ဖြစ်ပျက်သွားတာကို သိတယ်၊ အဲဒီတော့ ခဏမစဲ ဖြစ်ပေတယ်လို့ မမြဲတာချည်းပဲလို့ သိတယ်၊ ဘယ်အချိန်မဆို သေနိုင်လို့ဆင်းရဲချည်းပဲ။ ကိုယ့်အလိုအတိုင်းမဖြစ်လို့ အနတ္တချည်းပဲဆိုတာကိုလဲ ထင်ရှားသိရတယ်၊ အဲဒီလို သိတာတွေဟာ ဝိပဿနာဉာဏ်တွေဘဲ၊ အဲဒီလို ဝိပဿနာဉာဏ် ပြည့်စုံတဲ့အခါမှာ အဲဒီရှုသိနေယင်းမှာ နိဗ္ဗာန်ကိုတွေ့မြင်တဲ့ အရိယာမဂ်ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာတယ်၊ အောက်ထစ်ဆုံးသောတာပတ္တိ မဂ်ဖိုလ်ဉာဏ်ရောက်ရင် အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်ကင်းပါတယ်၊ လူ့ဘဝ နတ်ဘဝများမှာ အထက်တန်းကျတဲ့ ချမ်းသာတဲ့ ဘဝချည်းမှာသာ ဖြစ်ရတယ်၊ အဲဒီလို ချမ်းသာတဲ့ဘဝနဲ့ ဖြစ်နေရင်း (၇) ဘဝအတွင်းမှာဘဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်ရတယ်၊ အဲဒီတော့ နောက်ဆုံး ပရိနိဗ္ဗာန်ပြုပြီး နောက်ကာလမှာ ဘဝသစ် ရုပ်နာမ်ဆင်းရဲတွေ လုံးဝကင်းပြီး အမြဲတမ်း ချမ်းသာသွားရတာဘဲ၊ ဒါကြောင့် အားလုံး ဖောင်းရုပ်ပိန်ရုပ်မှစပြီး ပေါ်လာသမျှရုပ်နာမ်တွေကို မပြတ်ရှုမှတ် အားထုတ်ကြသောအားဖြင့် ရုပ်နာမ်အဖြစ်အပျက် အနိစ္စ,ဒုက္ခ,အနတ္တဟု မှန်စွာသိသော ဝိပဿနာဉာဏ်ကို ဖြစ်ပွါးစေကြလျက် အရိယာမဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေ”ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် အမေရိကန် ပြန်ကြားရေးသတင်းတွင် ဆက်လက်၍ “မဟာစည်ဆရာတော် သင်ကြားသည့်အတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်နည်းမှာ မဟာစည်ဆရာတော်၏ အရှေ့အနောက်နိုင်ငံများမှ တပည့်များ ကြိုးပမ်းမှုဖြင့် အနောက်နိုင်ငံဘက်သို့ ရောက်ရှိလာခဲ့လေသည်၊ ဆရာတော်၏ လူ ဒါယကာများအတွက် တိုတိုနှင့် အားထုတ်နည်း, အပြင်းအထန် အားထုတ်နည်းများကို ယင်းတပည့်များက လိုက်နာကျင့်သုံးနေကြပေသည်”ဟူ၍ ဖော်ပြပါရှိကြောင်း တွေ့မြင် ဖတ်ရှုပေသည်။

သတိပဋ္ဌာန်တရားမှာ နက်နဲသိမ်မွေ့သည်နှင့်အမျှ လူတိုင်းအတွက် အလွန်အဖိုး ထိုက်တန်ကြောင်းနှင့် နားလည်သဘောပေါက်နိုင်ကြောင်းကို ဝါရှင်တန် ဗုဒ္ဓဝိဟာရ လက်ထောက်အတွင်းရေးမှူး ဒေါက်တာ ကရင်ဂရေး (Dr. Karen Gray)၏ “ဗုဒ္ဓသင်ကြားခဲ့သော ဤနည်းမှာ စစ်မှန်သော ကာယစိတ္တသုခ ပြည့်စုံရေးအတွက် သော့ချက်ဖြစ်ကြောင်း”ဟူသော ဖော်ပြချက်ဖြင့် ထင်ရှားစွာ သိနိုင်ပေသည်။

## ဧပြီလ ၂၂–ရက်နေ့

## တခုတည်းသော အကျင့်လမ်းဟူသည်မှာ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် နောက်ပါ တပည့်သံဃာတော်အရှင်မြတ်များသည် ဝါရှင်တန်နေဒကာ ဒကာမများ၏ မူလအစီအစဉ်အတိုင်း ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတွင် သတိပဋ္ဌာန်တရားတော်ကို အင်္ဂလိပ် မြန်မာ ဘာသာနှစ်ရပ်ဖြင့် ပရိသတ် နှစ်မျိုးနှစ်စား အကျိုးငှါ ဟောကြားတော်မူပါသည်၊ ဤသို့ သတိပဋ္ဌာန်တရား ၄–ပါးကို ဟောကြားသည့်အခါ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်ကျင့်စဉ်မှာ တခုတည်းသောလမ်းဖြစ်ကြောင်း၊ တခုတည်းသော လမ်းဟူသည်မှာ ထိုတလမ်းတည်းကိုသာ ဆိုလိုကြောင်း၊ အင်္ဂလိပ် ဘာသာပြန်စကားဖြင့် (The Only Way)သာဖြစ်ကြောင်း၊ သတ္တဝါတွေမှာ စိတ်အညစ်အကြေးတွေနှင့် ကိလေသာတွေ စင်ကြယ်အောင် ကျင့်ဖို့လိုအပ်ကြောင်း၊ ထိုသို့သော ကိလေသာ အညစ်အကြေးများ ကင်းစေရန် ထိုတလမ်းတည်းသာရှိကြောင်း၊ အခြားနည်းလမ်းမရှိကြောင်း၊ ယင်းလမ်းဖြင့်သာ လောဘ, ဒေါသ, မောဟ ဟူသော စိတ်အညစ်အကြေးတွေ စင်ကြယ်သွားနိုင်ကြောင်း။

ကိုယ်ဆင်းရဲခြင်း, စိုးရိမ်ပူဆွေးမှု, ငိုကြွေးမှုတွေကို ကျော်လွှန်နိုင်စေဖို့ ဒီသတိပဋ္ဌာန် အကျင့်လမ်းပဲရှိကြောင်း၊ ထိုဆင်းရဲအစုတို့ကို ချုပ်ငြိမ်းစေဖို့, ကင်းစင်စေဖို့အတွက် သတိပဋ္ဌာန်နည်းလမ်း တခုပဲရှိကြောင်း၊ အရိယာမဂ်ရဘွယ်ရာကိုလည်း သတိပဋ္ဌာန်လမ်း တခုတည်းပဲရှိကြောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ကိုယ်တိုင် တွေ့ဘို့ရန်လည်း ထိုသတိပဋ္ဌာန် အကျင့်လမ်း တခုတည်းပဲရှိကြောင်း စသည်ဖြင့် ရှင်းလင်းညွှန်ပြ ဟောကြားတော်မူပါသည်၊ ထိုနောက် ယောဂီတပည့်များအား လေ့ကျင့်ရန် တရားထိုင်စေတော်မူပါသည်။

## သိမ် သမုတ်ခြင်းနှင့် ရှင်ပြု ရဟန်းခံခြင်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားနိုင်စေခြင်း အကျိုးငှါလည်းကောင်း၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ကံကြီးကံငယ်အသွယ်သွယ်ကို ချမ်းချမ်းသာသာနှင့် ပြီးစေနိုင်ရန်လည်းကောင်း ဝါရှင်တန်အနီး တဝိုက် သီတင်းသုံးတော်မူလျက် ရှိကြကုန်သော အိန္ဒိယ, သီဟိုဠ်, ကမ္ဘောဒီးယား, ယိုးဒယား, မြန်မာ ၅-နိုင်ငံမှ ထေရဝါဒ ဘုန်းတော်ကြီးများ ၁၃-ပါးတို့နှင့်တကွ ဗုဒ္ဓဝိဟာရ (Buddhist Vihara of Washington)ကျောင်းတိုက်တွင် သိမ်သမုတ် တော် မူပါသည်၊ နေ့လည်ပိုင်းတွင်မှ ရဟန်းခံ ရှင်ပြု အခမ်းအနားကို ဆောင်ရွက်တော်မူခဲ့လေသည်၊ တရားရေအေးလည်း တိုက်ကျွေးတော် မူပါသေးသည်၊ ဤသို့ ဒုလ္လဘရဟန်း (၁)ပါး ရှင်သာမဏေ (၄)ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်တော်မူသည့် ပဗ္ဗဇ္ဇမင်္ဂလာ, ဥပသမ္ပဒမင်္ဂလာ အခမ်းအနားတွင် အရှင်သီလာနန္ဒ-က ရှင်ပြုတရားတော်ကို ချပေးတော်မူ သည်၊ သိမ်သမုတ်သည့် အခါကလည်း အရှင်သီလာနန္ဒ-က ဦးစွာ သိမ်သမုတ်ခြင်းအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ဤသို့ ကောင်းမှုကုသိုလ် အရပ်ရပ်တို့အတွက် ဆောင်ရွက်ပေးတော်မူသဖြင့် ပရိသတ်အပေါင်းမှာ လွန်စွာ ပီတိ သောမနဿဖြစ်၍ နှစ်ထောင်းအားရလှကြပါသည်၊ ပရိသတ်ထဲတွင် အမေရိကန်အရှေ့တောင် ဖလော်ရီဒါဒေသမှလည်းကောင်း၊ အရှေ့ မြောက် နယူးအင်္ဂလန်နှင့် အိုဟိုင်းယိုး ပြည်နယ်များမှလည်းကောင်း၊ မြန်မာမိသားစုများလည်း ပါဝင်ကြပါသည်၊ ပရိသတ် အရေ အတွက်မှာ နှစ်ရာကျော်အထိ ရှိခဲ့ပါသည်။

## ဧပြီလ ၂၃-ရက် နှင့် ၂၄-ရက်နေ့

ထိုနေ့ရက်များတွင်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်တကွ တပည့် သံဃာတော်များဖြစ်ကြသော အရှင် သီလာနန္ဒ, ဦးဇနက, ဦးကေလာသနှင့် ဦးအဂ္ဂဓမ္မတို့သည် အလှည့်ကျ တာဝန်ယူကာ ကမ္မဋ္ဌာန်းတရားကို ပြသဟောကြား တော်မူပါသည်၊ ဆရာတော် ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က နံနက်တွင်တကြိမ် ညနေတွင်တကြိမ် ယောဂီအပေါင်းအား တရား ထိုင်နည်း, တရားအားထုတ်နည်း, ဝိပဿနာ ပွါးများနည်းများကို ဟောကြားတော်မူသည့်အပြင်၊ တရားစစ်ဆေးမှုကိုလည်း ပြုလုပ်တော်မူပါသည်။

ဧပြီလ(၂၃)ရက် ညနေတွင် အရှင်သီလာနန္ဒ-က မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်များ တရားကျင့်သုံးပုံ, သီလ ဆောက် တည်ကြပုံ, ကမ္မဋ္ဌာန်းအားထုတ်ကြပုံ ဘုန်းတော်ကြီးများ ပညာသင်ကြားပုံ, ဘာသာရေးစာမေးပွဲများ ကျင်းပပုံနှင့် ဘွဲ့ထူး ဂုဏ်ထူးများ ပေးအပ်ပုံတို့ကို ဟောကြားတော်မူပါသည်။

ဝိပဿနာ အလုပ်ပေးတရားတော်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာစကားနှစ်ရပ်ဖြင့် ဆရာတော် ဦးဇနက-က ဟောကြားတော်မူပါသည်၊ ဟောကြားပုံအတိုချုပ်မှာ ရုပ်နာမ်ကို အမှန်အတိုင်း မသိမမြင်ခြင်းကြောင့် လိုချင်တပ်မက်မှုများ ဖြစ်ကြောင်း၊ လိုချင်တပ်မက် နှစ်သက်တွယ်တာမှုများကြောင့် ဆင်းရဲခြင်း ဖြစ်ပွါးရကြောင်း၊ ထို့ကြောင့် ဆင်းရဲခြင်းချုပ်ငြိမ်း ပြီး ချမ်းသာလိုလျှင် လိုချင်တပ်မက်မှုကို ဖယ်ရှားလွတ်ကင်းနိုင်သည့် အသိမှန် အမြင်မှန်မျိုးရရှိစေရန် သတိပဋ္ဌာန်ကို နေ့ည မပြတ် ပွါးများအားထုတ်သင့်ကြောင်းပင် ဖြစ်ပါသည်၊ ထိုသို့ဟောကြားပြီးနောက်မှ ယောဂီပရိသတ်များအား တရားထိုင်စေပါ သည်။

ဝါရှင်တန်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် တပည့် သံဃာတော်များ သီတင်းသုံးနေတော်မူစဉ်အတွင်း နေ့စဉ်နေ့တိုင်း ဆွမ်း, ခဲဘွယ်, ဘောဇဉ် ကပ်လှူကြသူ ဒကာ ဒကာမများ ပေါများလှပေသည်။ မြန်မာသံအမတ်ကြီး ဦးလှရွှေ နှင့်ဇနီးတို့ကလည်း ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ဝိဟာရသို့သွားရောက်၍ ဆွမ်းဆက်ကပ် လှူဒါန်းခြင်းပြုပါ သည်။

ဗွီ-အို-အေ, အမေရိကန် အသံလွှင့်ဌာန မြန်မာ ဗုဒ္ဓဘာသာဝင်များနှင့် အကြီးအမှူးတို့က ဆရာတော်ဘုရားကြီးထံ သွားရောက်ကန်တော့ပြီး သိလိုသည်တို့ကို ခြေတော်ဦးတိုက် လျှောက်ထားသဖြင့် ဖြေကြားခြင်းပြုရာ၌ အမေရိကန်ပြည်သို့ မရောက်မီ ဗုဒ္ဓဘာသာတရားတော် ပြန့်ပွားမှု နည်းသေးသည်ဟု ထင်မိသော်လည်း ယခု ရောက်လာပြီးနောက် ဗုဒ္ဓ၏ မေတ္တာ တရားတော်နှင့် ဝိပဿနာတရားတော်ကို လေးလေးနက်နက် လိုက်နာကျင့်သုံးနေခြင်းကို ထင်တာထက်ပို၍ တွေ့မြင်ရသဖြင့် အားရတော်မူကြောင်း၊ ဆက်လက်၍ အမေရိကန်ပရိသတ်အပေါ်တွင် မည်သို့ ဆရာတော်ဘုရားကြီးက ယူဆကြောင်း မေးမြန်း လျှောက်ထားရာ အမေရိကန် ယောဂီပရိသတ်အနေနှင့် အိုခြင်း, နာခြင်း သေခြင်း ကင်းစေမည့် သတိပဋ္ဌာန်တရား ၄-ပါးကို ပွားများအားထုတ်လျှင် အကျိုးများလိမ့်မည်ဟု မျှော်လင့်ယူဆကြောင်း မိန့်မြွက်တော်မူပါသည်၊ တရားတော်ကို လိုလိုချင်ချင် အားထုတ်နေသည့်သူ အတော်များများ တွေ့ရ၍လည်း ကျေနပ်ပါကြောင်း ပြောကြားတော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်၍လည်း ချီးမြှင့်တော်မူသဖြင့် အမေရိကန်အသံလွှင့်ဌာန မြန်မာဝန်ထမ်းများက ဝိပဿနာရှုနည်း ထိုင်နည်းကို ယထာဘူတကျနစွာ ကြားနာကြရသည့်အတွက် ပီတိသောမနဿဖြစ်၍ ဂုဏ်ယူပါကြောင်း လျှောက်ထားခဲ့ကြပေသည်။

## ဧပြီလ ၂၅–ရက်နေ့

ကမ္ဘောဒီးယားကျောင်း (Cambodian Buddhist Temple)မှ ပင့်ဖိတ်သဖြင့် မွန်းလွဲအချိန်တွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က ထိုကျောင်းတော်သို့ ကြွရောက်ပြီးလျှင် သရဏဂုံ ငါးပါးသီလနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပြီးနောက် ဆရာတော်ဘုရားကြီးက တရားချီးမြှင့်တော်မူပါသည်။

## ဧပြီလ ၂၆–ရက်နေ့

မဟာစည် ယောဂီဟောင်းတဦးဖြစ်သူ ဦးချစ်မြိုင်နှင့် မိသားစုတို့က ၎င်းတို့၏နေအိမ်သို့ ပင့်ဖိတ်သဖြင့် ဆရာတော်ဘုရားနှင့် အဖွဲ့ဝင်များက ကြွရောက်တော်မူကြောင်း၊ ဝါရှင်တန်တွင်ရှိစဉ် ဆရာတော်ဘုရားကြီးက ဒေသန္တရဗဟုသုတ အဖြစ် ထင်ရှားကျော်စောသော အဆောက်အဦများကို လှည့်လည်ကြည့်ရှုခဲ့သေးရာ လကမ္ဘာခရီးစဉ်ဆောင်ရွက်သော အာကာသ ပြတိုက်လည်း အပါအဝင်ဖြစ်လေသည်။

## ဧပြီလ ၂၇–ရက်နေ့

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့တို့သည် နံနက် ၉–နာရီခန့်တွင် နေရှင်နယ်လေဆိပ်သို့ ကြွမြန်းတော်မူပြီး မက်ဆာချူးဆက်ပြည်နယ် ဘော့စ်တွန် (Boston)သို့ နံနက် (၁၁း၁၅) နာရီအချိန်၌ လေယာဉ်ဖြင့် ထွက်ခွါတော်မူခဲ့ကြောင်း၊ ဘော့စ်တွန်သို့ ဆိုက်ရောက်တော်မူသော မွန်းလွဲအချိန် (၁း၃၀) နာရီတွင် မစ္စတာဂိုးလ်စတိန်းအမှူးပြုသည့် ဘာရီမြို့ ဝိပဿနာကမ္မဋ္ဌာန်းဌာနမှ အဖွဲ့သားများက ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ကြိုဆိုလျက် ရှိကြပေသည် ထို့နောက် ဘော့စ်တွန်မှ တဆင့် ဘာရီ (Barre) မြို့သို့ ခရီးဆက်ရပြန်လေသည်။

## မဟာစည်နှင့် မက်ဆာချူးဆက်ပြည်နယ် ဘာရီ ကမ္မဋ္ဌာန်းဌာန ၁၄–ရက်စခန်း

ဘာရီမြို့ (Barre) မှာ အမေရိကန်ပြည် အရှေ့ပိုင်းဒေသရှိ မက်ဆာချူးဆက် (Massachusetts) ပြည်နယ် အလယ်ပိုင်းတွင် တည်ရှိသည်။ ဘော့စ်တွန်မြို့ အနောက်ယွန်းယွန်းဆီသို့ မော်တော်ယဉ်ခရီးဖြင့် တစ်နာရီခွဲကြာမျှသွားရာ ဘာရီသို့ ရောက်ခဲ့လေသည်၊ ထိုမြို့မှ (Insight Meditation Society) ခေါ် ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာအဖွဲ့ တည်ရှိရာဒေသဖြစ်ကြောင်း။ ယင်းဝိပဿနာ ကမ္မဋ္ဌာန်းဌာနကို ၁၉၇၅–ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထေရဝါဒ ဗုဒ္ဓဘာသာ ဝိပဿနာတရားပွဲများအားထုတ်လိုသူများအတွက် အမြတ်အစွန်းယူခြင်းမပြုပဲ သာသနာပြုလုပ်ငန်းသက်သက်ကိုသာ ဦးတည်၍ ဆောင်ရွက်လျက်ရှိပေသည်။ အမေရိကန်ပြည်ထောင်စု တစ်ဝှမ်းလုံး အင်္ဂလန် ဂျာမဏီနှင့် အရှေ့အာရှမှလာရောက်သော ဝိပဿနာတရားနည်းပြဆရာများက အခကြေးငွေတောင်းခံခြင်းမရှိပဲ စေတနာထား၍ ကူညီခြင်းပြုကြကြောင်း သိခဲ့ရသည်၊ ထိုရိပ်သာမှာ ဆိတ်ငြိမ်အေးချမ်း သာယာသော ဧက (၈၀)ရှိ ယာမြေပေါ်၌ တည်ရှိကြောင်း၊ ပုံမှန်အားဖြင့် (၁၀) ရက်မှ ရက်သတ္တ ၂–ပတ်ကြာ တရားထိုင်မည့် ယောဂီ ၁၁၀–အတွက် နေရာ အလုံအလောက်ရှိပေသည်။ ရိပ်သာ၌ တရားအားထုတ်စဉ်အတွင်း ယောဂီများသည် ငါးပါးသီလစောင့်ထိန်းလျက် တရားနှလုံးသွင်းကြသဖြင့် လွန်စွာ သိပ်သည်း တည်ငြိမ်လျက်ရှိကြကြောင်း၊ သက်သတ်လွတ်လည်း စားသုံးကြရသည်။

ဘာရီကမ္မဋ္ဌာန်းရိပ်သာတွင် အဆောက်အဦးများလည်း အမြောက်အများရှိပြီး မားမားစွင့်စွင့် တင့်တယ်လှပေသည်၊ အကောင်းဆုံး အဆောက်အဦးတခုကိုမူ ဆရာတော်ဘုရားကြီး သီတင်းသုံးရန် ထားရှိသည်။

မဟာစည်သာသနာပြုအဖွဲ့ ဘာရီသို့ (၂၇–၄–၇၉)နေ့၌ ဆိုက်ရောက်ချိန်မှာ ညနေခင်းဖြစ်လေသည်၊ အဆိုပါဌာနမှာ မြို့ကြီးပြကြီးနှင့် ဝေးသည့်အလျောက် တောရိပ် တောင်ရိပ်၏ သဘာဝဆိတ်ငြိမ်မှုကို ပေးဆောင်စွမ်းရှိပေသည်၊ သစ်ပင်ပန်းမာန် ရေကန်အလှမျိုးစုံတို့ဖြင့် ချယ်သထားဘိသကဲ့သို့ ရှိပြီးလျှင် တောင်ပူစာများဖြင့် ဝန်းရံကာလျက် ရှိခြင်းကြောင့် သာယာကြည်နူးစရာ နေရာဖြစ်သည်ဟုသိရကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းသဖြင့် ကျေနပ်အားရစရာ ဖြစ်ကြောင်းကိုလည်း ပြောကြပါသည်။

## ဧပြီလ ၂၈–ရက်နေ့

ဘာရီကမ္မဋ္ဌာန်းရိပ်သာအဖွဲ့ဝင်များက ဆရာတော်ကြီးနှင့် သံဃာတော်များအား ကန်တော့ကြပြီးနောက် ၎င်းတို့ သိလိုသည့် တရားနှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းလျှောက်ထားကြပါသည်၊ ဘာရီကမ္မဋ္ဌာန်းဌာန ဦးဆောင်သူတို့ ကိုယ်တိုင် ရန်ကုန်မြို့ မဟာစည်ရိပ်သာနှင့် ရွှေဘိုနယ် ဆိပ်ခွန်အထိ ရောက်ဘူးပြီး တရားပွဲများဘူးကြသဖြင့် ၎င်းတို့က ကြည်ညိုသဒ္ဓါ ရှိကြ၍လည်း ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား ကမကထပြုကာ ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားခဲ့ခြင်း ဖြစ်ပေသည်၊ ဤသို့ ဖိတ်ကြားခြင်းကြောင့်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သာသနာတော်၏အကျိုးကို ရှေ့ရှုလျက် အမေရိကန်သို့ ကြွမြန်းချီးမြှင့်တော်မူခြင်း ဖြစ်ပေသည်။

## ဧပြီလ ၂၉–ရက်နေ့

နံနက် ၅–နာရီအချိန်၌ ဘာရီကမ္မဋ္ဌာန်းဌာနတွင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့တို့သည် ဘုရားဝတ်တက်ခြင်း ပြုတော်မူကြသည်။ ဘာရီရိပ်သာအဖွဲ့ဝင်များက ရုပ်မြင်သံကြား ဓာတ်ပုံရိုက်ကူးကြကြောင်း၊ မွန်းလွဲ (၃) နာရီအချိန်ခန့်တွင် ဆရာတော်ဘုရားကြီးက ယောဂီပရိသတ် ၁၀၀–ကျော်တို့အား ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်ကို ဟောကြားတော်မူသည်၊ ထိုပရိသတ်ထဲတွင် ရိပ်သာပြင်ပမှ တရားနာကြားရန် လာရောက်သည့် ပုဂ္ဂိုလ်များလည်း ရှိပြီးလျှင် ထိုသူများမှာ အမေရိကန် တိုင်းရင်းသားချည်း ဖြစ်ကြကြောင်း။

## ဧပြီလ ၃၀–ရက်နေ့

နံနက်(၁၀)နာရီမှ(၁၁း၁၅)နာရီအထိ တရားအားထုတ်သည်တွင် ဝါရင့်ကြသော အမေရိကန်အမျိုးသား ၄–ဦးတို့နှင့် အီတလီအမျိုးသား ၁–ဦးပေါင်း ၅–ဦးတို့အား မိမိတို့တွေ့ထားသည့် တရားများကို လျှောက်ထားကြ၍ ဆရာတော်ဘုရားကြီးက မည်သို့ ဆက်လက်ပွါးများ အားထုတ်ရန်ကို ဩဝါဒပေးတော်မူပါသည်၊ ဤသို့ ဆက်ခါ တရားရေအေး တိုက်ကျွေးတော်မူယင်းဖြင့်ပင် တနေဝင် တမိုးသောက် မေလသို့ ကူးပြောင်း ရောက်ခဲ့လေသည်။

## မေလ ၁–ရက်နေ့

ဘာရီမြို့ ဝိပဿနာကမ္မဋ္ဌာန်း ရိပ်သာအဖွဲ့ (Insight Meditation Society)၏ဥက္ကဋ္ဌ မစ္စတာ စတီးဗင်ဆွာ့ဇ် (Mr. Steven Schwartz)၏ နေအိမ်၌ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့တို့က နေ့ဆွမ်း ဘုဉ်းပေးတော်မူကြောင်း၊ ထိုအိမ်မှာ ရိပ်သာအဖွဲ့ ရုံးမှကားဖြင့် တစ်နာရီခွဲခန့် သွားရသည်၊ ဝေးကွာသော တောစခန်းတွင်ရှိကြောင်း၊ ကမ္မဋ္ဌာန်းဌာနသို့ အပြန်ခရီးတွင် မက်ဆာချူးဆက်၏ နာမည်ကြီးတက္ကသိုလ်ရိပ်သာရှိရာ ခရီးလမ်းမှ ပြန်လည်ကြွခဲ့တော်မူသည်။

## မေလ ၂–ရက်နေ့

ညနေ(၃)နာရီမှ (၄း၃၀)နာရီအချိန်အထိ ဘုရားလောင်း "သိဒ္ဓတ္ထ"မင်းသား တောထွက်တော်မူကာ တရားအားထုတ်ပုံ ဉာဏ်အဆင့်ဆင့်ရရှိ၍ တရားထူးတွေ့ပုံ အကျဉ်းချုပ်ကို ဆရာတော်ဘုရားကြီးက ဟောကြားပြီး ထိုနည်းအတိုင်း မဆုတ်မနစ် အားထုတ်ကြရန်ကိုလည်း ညွှန်ကြားတော်မူပေသည်၊ ည(၈)နာရီအချိန်တွင် ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း အကျဉ်းချုပ်ကို ယောဂီများအား ညွှန်ကြားပြသဟောကြားတော်မူပါသည်၊ ထိုအချိန်တွင် ယောဂီပရိသတ် ၁၀၀–ကျော်ရှိခဲ့ကြောင်း၊ ဤနေ့ရက်မှစ၍လည်း ၁၄–ရက်စခန်း စတင်ဖွင့်လှစ်တော်မူပါသည်။

ယင်းသို့ (၁၄)ရက်စခန်း စတင်ဖွင့်သည့်နေ့၌ပင်လျှင် အချိုးကျကျ တရားအားထုတ်နည်း နိသျည်းကိုင၎်း၊ ဘာဝနာပွါးလိုစိတ် တက်ကြွလာစေရန်၎င်း၊ ဆရာတော်ဘုရားကြီးက ကရုဏာဖြင့် ဆင်ခြင်တော်မူကာ လက်ဦးအခြေခံ တရားဓမ္မပြသဟောကြားသည့်ဖြစ်ရကား တရားနာယူ အားထုတ်သူများအဖို့ သဒ္ဓါဆန္ဒ တက်တက်ကြွကြွ ထက်ထက်သန်သန်ရှိလျက် ကြံ့ခိုင်သောစိတ်၊ ကိုင်းညွတ်ကြည်လင် နူးညံ့သောစိတ် ဖြစ်စေမည်မှာ ဧကန်မုချဖြစ်၍ တန်ဖိုးရှိလှပေစွတကား။

## မေလ ၃–ရက်နေ့

နံနက် (၉) နာရီမှ (၁၁) နာရီအထိ၎င်း၊ ညနေ (၃) နာရီမှ (၅း၃၀)နာရီအထိ၎င်း၊ ဆရာတော်ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က ယောဂီများအား တရားစစ်တော်မူကြရသည်၊ ဘာရီ ကမ္မဋ္ဌာန်းဆရာများဖြစ်ကြသော ဂျိုးဇက်ဂိုးလ်စတိန်း၊ ဂျက်ကွန်ဖီးလ်(ဒ်)၊ ဂျက်ကလင်နှင့် ရှာရွက်တို့သည်လည်း တရားစစ်ရာ၌ ပါဝင်ကူညီ ဆောင်ရွက်ပေးကြပေသည်။

## မေလ ၄–ရက်နေ့

လွန်ခဲ့သည့်နေ့က ကဲ့သို့ပင် တရားစစ်ခြင်းတို့ကို ပြုတော်မူကြသည်၊ ထိုနေ့ မွန်းလွဲ (၂း၃၀)နာရီမှ ညနေစောင်းတိုင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ဘာရီရိပ်သာအနီးရှိ ဘုရင်ဂျီကျောင်း (Catholic Abbey) ဘုန်းတော်ကြီးများ၏ ဖိတ်ကြားချက်အရ ကြွရောက်တော်မူခဲ့ကြကြောင်း၊ အဆိုပါ ဘုရင်ဂျီဂိုဏ်းမှာ လွန်စွာစည်းကမ်းကြီးပြီး အသက်သတ်လွတ်ကို မှီဝဲခြင်း ပြုသည်ဟု ဆိုပါသည်၊ အပြင်ပသို့လည်း ဂိုဏ်းအဖွဲ့ဝင်များသည် အချိုးနီး သွားရောက်လည်ပတ်ခြင်းမပြုရဘဲ နေ့စဉ် ၄–ကြိမ်မျှ ဘုရားရှိခိုးခြင်းနှင့် အားလပ်ချိန်၌ တရားထိုင်ကြရကြောင်း၊ တရားထိုင်ရာ၌ ဘုရင်ဂျီနည်း၊ (Zen)နည်း၊ ယိုးဂ (Yoga)ခေါ် ဟိန္ဒူနည်း၊ သတိပဋ္ဌာန်နည်း စသည်တို့အနက် မိမိတို့ အလိုရှိသလို ထိုင်ခွင့်ရှိကြကြောင်းကို ဗဟုသုတအလို့ငှာ ဤနေရာ၌ အလျဉ်းသင့်၍ ဖော်ပြလိုက်ရပေသည်၊ ထိုကျောင်းမှ (Father Theosophyane)ပင်လျှင် ဘာရီ ဝိပဿနာ ကမ္မဋ္ဌာန်း ဌာန၌ (၃)လ တဆက်တည်း အားထုတ်ခဲ့ဘူးသူဖြစ်ကြောင်း သိရ၍ စိတ်ဝင်စားဘွယ်ရာပင်။

## မေလ ၅–ရက်နေ့

## သာမဏေနှင့် သီလရှင် ခံယူကြခြင်း

ထိုနေ့တွင်မူ သာသနာပြုလုပ်ငန်းရပ်တမျိုး တိုးပွါး၍လာပေသည်၊ သက်ဆိုင်သူများ၏ ပန်ကြားလျှောက်ထားချက်အရ အမေရိကန်အမျိုးသမီး ၂–ဦးအား ဆရာတော်ဘုရားကြီးက သီလရှင် ပြုပေးတော်မူပြီး သရဏဂုံသီလနှင့် ဘွဲ့ပေးခြင်း စသည်တို့ဖြင့် ချီးမြှင့်တော်မူပေသည် ဆရာတော် ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့ကား အခါတိုင်းကဲ့သို့ တရားစစ်ကြပါသည်၊ မွန်းလွဲ (၂)နာရီမှ (၃)နာရီအထိ ဆရာတော် ဦးဇနက–က တရားဟောကြားတော်မူသည်၊ ညနေပိုင်း ၃–နာရီမှ (၄) နာရီအထိ ပင်ဆယ်(လ်)ဗေးနီးယား (Pennsylvania) မြို့နေ ဦးဝင်းလှိုင်၏သား မောင်ဌေးလှိုင်အား သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ပေးတော်မူကြသည်။ ညနေ(၄)နာရီမှ (၅)နာရီတိုင် ရိပ်သာရှိ ယောဂီအပေါင်းတို့က ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြပြီးလျှင် သိလိုသော ဗုဒ္ဓတရားတော်ဆိုင်ရာ မေးခွန်းများကို မေးကြားခြင်း ပြုကြကြောင်း၊ ဆရာတော်ဘုရားကြီး၏ ရှင်းလင်းပြောကြားတော်မူသော၊ အဖြေများကို ဆရာတော် ဦးရေဝတဓမ္မနှင့် ဦးသီလာနန္ဒတို့က စကားပြန်အဖြစ် ဆောင်ရွက်တော်မူကြပါသည်။

## မေလ ၆–ရက်နေ့

ဆက်လက်၍ ဆရာတော် ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က နံနက်ပိုင်း၌ ယောဂီများအား တရား စစ်တော်မူသည်၊ မွန်းလွဲပိုင်း ဘော့စတွန်မြို့ရှိ မက်ဆာချူးဆက် တက္ကသိုလ် ဆေးကုသရာဌာန (Medical Centre)သို့ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူပြီးလျှင် ကျန်းမာရေးစစ်ဆေးမှုပြုခဲ့ပြီး ဘာရီသို့ပြန်လည်ကြွကာ အနားယူတော်မူပါသည်။

## မေလ ၇–ရက်နေ့

ဘာရီ ကမ္မဋ္ဌာန်းဌာန၌ ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က ယခင်နေ့များကကဲ့သို့ပင် ယောဂီများအား တရားစစ်ဆေးခြင်း ပြုတော်မူကြသည်၊ ဆရာတော်ဦးသီလာနန္ဒကမူ မွန်းလွဲ(၂)နာရီမှ (၃)နာရီအထိ တရားဟောတော်မူပါသည်။

## မေလ ၈–ရက်နေ့

ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားတော်ကို ဟောပြောခဲ့ရာမှ ထိုနေ့တွင် တရားပြီးဆုံးခြင်းသို့ ရောက်ရှိပါသည်၊ သတိပဋ္ဌာန်တရားတော်ကို မေလ(၅)ရက်မှ(၈)ရက်နေ့အထိ နေ့စဉ် ညတိုင်း(၇)နာရီအချိန်မှစ၍ နာရီဝက်ခန့် ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်၊ ထိုနေ့တွင်လည်း အခြားနေ့များကဲ့သို့၊ ယောဂီသူတော်စင်များအား ဦးဇနကနှင့်ဦးအဂ္ဂဓမ္မ နှစ်ပါးတို့က တရားစစ်ခြင်း ပြုတော်မူခဲ့ကြသည်။

## မေလ ၉–ရက်နေ့

မွန်းလွဲ(၃)နာရီခွဲခန့်အချိန်၊ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဘော့စတွန်မြို့နေ မိုက်ကယ်ကလီးမင့်စ် (Michael Clements)အိမ်သို့ ဖိတ်ကြားချက်အရ ကြွရောက်၍ ဖျော်ရည် ယမကာများကို သုံးဆောင်တော်မူပါသည်။ ည(၇)နာရီအချိန်တွင် (Commo Hall of Harvard Centre for the Study of World Religion)ခေါ် ကမ္ဘာ့ဘာသာသာပေါင်းစုံ သင်ကြားရေးဌာန၌ ဆရာတော်ဘုရားကြီးက ၄၅–မိနစ်ခန့် တရားဟောကြားတော်မူပြီးနောက် တရားဆွေးနွေးခြင်း၊ အမေးအဖြေ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့ရာ၊ ည (၉း၃၀)နာရီမှပင် ပြီးဆုံးပါလေသည်။ ထိုသို့ ကြွရောက် ချီးမြင့်ခြင်းမှာ "(Faculty of Medical School of Harvard University)"ခေါ် ထင်ရှားကျော်စောသည့် ဟားဗတ် တက္ကသိုလ် ဆေးကျောင်းနှင့် (Harvard Centre for the study of World Roligion) ခေါ် ကမ္ဘာ့ ဘာသာပေါင်းစုံ လေ့လာရေးဆိုင်ရာ ဟားဗတ်ဌာနတို့က ပူးပေါင်းပင့်ဖိတ် လျှောက်ထား၍ ဖြစ်ပါသည်၊ ဤသို့ ကျင်းပသည့် အခမ်းအနား၌ (Faculty of Medical School of Harvard University)မှ ပါမောက္ခဒေါက်တာ ဒမ်ဘရောင်း(Dr. Dam Brown)က တရားနာ ပရိသတ်အား ဦးစွာမိတ်ဆက် ပူဇော်သည့်အနေဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို အတိုချုံး၍ ဟောပြောထောမနာပြုပါသည်၊ ပရိသတ်အင်အားမှာ (၅၀)ကျော်ခန့်ရှိပါသည်၊ ထိုအထဲတွင် အချို့မှာ ဗုဒ္ဓဘာသာကို စာတွေ့လေ့လာနေသော တက္ကသိုလ်ကျောင်းသူကျောင်းသားများ ပါဝင်ပြီး၊ အချို့မှာမူ စိတ်ဝေဒနာရှင်များအား ကုသပေးနေသော ဆရာဝန်များ၊ ပါရဂူများဖြစ်ပါသည်။

## ဟားဗတ်တက္ကသိုလ်နှင့် *(၄၅)မိနစ် *သတိပဋ္ဌာန်တရားတော်

ဟားဗတ်တက္ကသိုလ်ကဲ့သို့ ကမ္ဘာ့အကျော် အသိပညာရှင်, အတတ်ပညာရှင်များ မွေးထုတ်ရာဌာနတွင် မိရိုးဖလာမှ ဆင်းသက်၍ ဗုဒ္ဓဘာသာကိုးကွယ်လာသူများ မဟုတ်သူတို့အတွက် အလွယ်တကူ သဘောပေါက် နားလည်အကျိုးများစေရန် ဆရာတော်ဘုရားကြီးက ပြန်ကြားပြောဆိုပြီး တရားဟောကြားပုံအမြွက်မှာ "အတ္ထုပ္ပတ္တိ ပြောကြားသွားတာက အတော်ကိုစုံပါတယ်၊ တရားစစ် တရားမှန်ကိုလိုလားပြီး မေးမြန်းဖို့လာကြတဲ့ ပုဂ္ဂိုလ်များကို တွေ့ရလို့ ဝမ်းသာပါတယ်၊ ဘုန်းကြီးတို့က အများနားလည်တဲ့စကားနဲ့ ဗုဒ္ဓဓမ္မတရားတော်များကို ပြောချင်ပါတယ်၊ ဒါပေမဲ့ ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်လို့ စကားပြန်နဲ့ပဲ ပြောရမယ်၊ ဘာသာပြန်မည့်သူက ကမ္မဋ္ဌာန်းတရားပြသရာတွင် ကျွမ်းကျင်တဲ့အတွက် ဘာသာပြန်ရလို့ အချိန်နည်းနည်းသာ ပိုကြာရုံပဲ ရှိပါတယ်။" (စကားပြန်အဖြစ် ဆရာတော် ဦးဇနက–က ဆောင်ရွက်တော်မူပါသည်။)

"လောကမှာရှိတဲ့ သတ္တဝါတွေဟာ လူရယ်, နတ်ရယ်နဲ့ အောက်တန်းသတ္တဝါတွေ ရှိပါတယ်၊ ဒီသတ္တဝါတွေ အားလုံးဟာ ဆင်းရဲငြိမ်းချင်တယ်, ချမ်းသာချင်ကြတာချည်းပဲ, အစဉ်ထာဝရ ဆင်းရဲငြိမ်းဖို့နဲ့ ချမ်းသာအောင်ဆိုယင် ကျင့်ပုံကျင့်နည်းနားလည်ဖို့လိုပါတယ်၊ မြတ်စွာဘုရားက သတ္တဝါတွေ ငြိမ်းချမ်းဖို့ ကျင့်ပုံ ကျင့်နည်း ဟောခဲ့ပါတယ်၊ ဒီလို ဟောတာဟာ ကိုယ်တော်တိုင် ကျင့်ကြံအားထုတ်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှ ကင်းစင်တာတွေ့ရလို့ ကရုဏာနဲ့ သတ္တဝါတွေကို သနားလို့, သူတပါးတွေ တရားရကြပါစေလို့ ကျင့်ပုံကျင့်နည်းကို ဟောတော်မူခဲ့ပါတယ်၊ ဒါကိုအရင်းခံပြုပြီး ဘုန်းကြီးတို့က ဟောကြားရပါတယ်၊ ဟောကြားရမယ်ဆိုတော့ (၄၅)မိနစ်အချိန်ရလို့ အကျဉ်းချုပ်ပဲ ဟောရမှာပါပဲ၊ မြတ်စွာဘုရား ဟောထားတာက ၄၅–နှစ်ပတ်လုံး ကြာခဲ့တယ်၊ ဒီလိုဟောကြားတဲ့ တရားဓမ္မတွေဟာ သံဂါယနာ တင်ထားခဲ့ကြလို့ တင်ထားခဲ့တဲ့ မူရင်းအတိုင်း ရှိခဲ့တယ်၊ ဘုန်းကြီးတို့က ဒါကို နားလည်အောင် ပြောဖို့ရှိပါတယ်၊ ပြောစရာဟောစရာ အများကြီးရှိပါတယ်။"

"သတ္တဝါတွေဟာ ဆင်းရဲခပ်သိမ်း ငြိမ်းပြီးတော့ စိတ်ချမ်းသာရေး, အေးငြိမ်းမှုရဖို့, အမြဲတမ်းချမ်းသာရာရဖို့, ကျင့်ပုံကျင့်နည်းတွေကို သတိပဋ္ဌာန်သုတ်ဆိုတဲ့ ဒေသနာအနေနဲ့ ဟောကြားထားခဲ့ပါတယ်၊ သတိပဋ္ဌာန်ဆိုတာဟာ ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရပြီးသိဖို့၊ ခံစားမှု ဝေဒနာတွေကိုလဲ အမှတ်ရပြီးသိဖို့၊ စိတ်ကူးကြံစည်မှုတွေကိုလဲ အမှတ်ရပြီး အမှန်အတိုင်းသိဖို့၊ မြင်မှုကြားမှုစသော သဘောတရားတွေကိုလဲ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရပြီးသိဖို့ ဒီ ၄–မျိုးပါပဲ၊ အဲဒီ ၄–မျိုးဟာ အမှတ်ရဖို့ သတိအနေနဲ့ တမျိုးထဲပါ၊ အဲဒီလို အမှတ်ရဖို့ သိဖို့ ကျင့်တာကို သတိပဋ္ဌာန်လို့ ခေါ်တယ်၊ ဒီအကျင့်နည်းလမ်းကို ဧကာယနခေါ်တဲ့ တခုတည်းသောလမ်းပဲလို့ ဟောထားပါတယ်၊ ဒီသတိပဋ္ဌာန်တရားဟာ မြတ်စွာဘုရားက ကိုယ်တော်တိုင်ကျင့်ပြီး ကိုယ်တော်တိုင် ဟောတဲ့တရားပဲ၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တိုင်း လေးလေးနက်နက်ယုံကြည်ပြီး လိုက်နာအားထုတ်ဖို့ လိုပါတယ်၊ ဆင်းရဲခပ်သိမ်း ငြိမ်းဖို့ ဒီတရားက ကိုယ်တိုင်ကျင့်ယင် ကိုယ်တိုင်တွေ့တယ်ဆိုတာကို သန္ဒိဋ္ဌိကော–လို့ ဟောထားပါတယ်၊ သန္ဒိဋ္ဌိကဂုဏ်တော်နဲ့ မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်တွေ့နိုင်တဲ့ တရားပါပဲ၊ သူများပြောတာနဲ့ မျက်စိမှိတ်ပြီးယုံရတဲ့ တရားမျိုးမဟုတ်ပါဘူး၊ ဒါကြောင့် ကိုယ်တိုင်ကျင့်ပြီး ကိုယ်တိုင်တွေ့ဖို့ လိုပါတယ်၊ ဘုရားဟောတဲ့အတိုင်းကျင့်ယင် ဘာတွေတွေ့ရမလဲ ဆိုတော့ "မိမိကိုယ်မှာ ရုပ်နဲ့နာမ် ၂–ပါးပဲ တွေ့ရမယ်၊ ရုပ်နဲ့နာမ် ၂–မျိုးသာ ရှိတယ်၊ ရုပ်နာမ်ဆိုတာ သူ့အကြောင်းနဲ့ အကျိုးတွေ ဖြစ်ပျက်နေတာပဲ၊ အတ္တဆိုတာ မရှိဘူး၊ အကြောင်းမရှိပဲနဲ့ ဖြစ်တာကို မရှိဘူး၊ ဒါကို ကိုယ်တိုင်ကျင့်ယင် ကိုယ်တိုင်တွေ့ရတယ်၊ ဖြစ်ပြီးယင် ချက်ခြင်းပျက်တဲ့ ရုပ်နာမ်တရားတွေပဲ၊ ဒွါရခြောက်ပါးက ပေါ်လာတိုင်း ဖြစ်ပျက်နေတာပဲ၊ အဲဒီ ရုပ်နာမ်တရားတွေဟာ လျင်မြန်စွာ စက္ကန့်မပြတ်ဖြစ်ပျက်နေတယ်၊ အင်မတန်မြန်တယ်၊

အဲဒီလိုခဏမစဲ ဖြစ်ပျက်နေတော့ ကိုယ့်အလိုအတိုင်း ဘာမှမဖြစ်ဘူး၊ ကိုယ့်အလိုအတိုင်းဖြစ်အောင် ဘာမှလဲမတတ်နိုင်ဘူး၊ ဘာမှအားကိုးစရာမရှိပဲ ကိုယ်က အစိုးမရလို့ အတ္တ, အသက်ကောင်, ကိုယ်ကောင်, ငါးကောင် မဟုတ်ဘူး၊ သဘောတရားမျှပဲ၊ ဒီတရားကို သူများအပြောနဲ့ သူများပြောလို့ သိရတာမဟုတ်ဘူး၊ ဘုန်းကြီးတို့ဆီမှာ ကိုယ်တိုင်ကျင့်လို့ ကိုယ့်ဟာကိုယ် အားထုတ်လို့ တရားသိသွားတဲ့ ပုဂ္ဂိုလ်တွေ ရာထောင်မက ရှိနေတာပဲ။"

"အကျဉ်းချုပ်အားဖြင့် မိမိသန္တာန်မှာ ဖြစ်တိုင်းဖြစ်တိုင်း ကိုယ်အမူအရာတွေ ရှုမှတ်ဖို့, ခံစားမှုဝေဒနာတွေကို ရှုမှတ်ဖို့, စိတ်ကူးကြံစည်တိုင်း ရှုမှတ်သိဖို့, မြင်မှု ကြားမှုတွေကို ရှုမှတ်သိဖို့လိုပါတယ်၊ အကျယ်ကတော့ ကမ္မဋ္ဌာနာသာသနာပြု တရားတော်စာအုပ်ထဲမှာ ရှိပါတယ်၊ စာအုပ်နည်းနည်းသာပါလာလို့ အားလုံးပုဂ္ဂိုလ်တွေကို မပေးနိုင်ပါ၊ တတ်နိုင်သမျှတော့ပေးပါတယ်၊ အားလုံးအတွက် မလုံလောက်တော့ အလှည့်နဲ့ ကြည့်ကြ ဖတ်ကြဖို့ပါပဲ၊ နာရီဝက်ခန့်ဖတ်ယင် ပြီးနိုင်သိနိုင်ပါတယ်" စသည်ဖြင့် ဟောကြားသွားတော်မူပါသည်။

ဆက်လက်၍–

"အဲဒီလို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ပေမယ့် စခါစမှာတော့ အကုန်မမှတ်နိုင်ပေဘူး၊ ဒါဟာ သမာဓိမဖြစ်သေးလို့ပဲ၊ ဒါကြောင့် သမာဓိဖြစ်အောင်နဲနဲက စရှုဖို့, ထင်ရှားတဲ့နည်းနဲ့ လှုပ်ရှားမှုအနည်းငယ်ကစပြီး ရှုခိုင်းရတယ်၊ ဝမ်းဗိုက်မှာ ဖောင်းတာ ပိန်တာကစပြီး ရှုရမယ်၊ ဝေဒနာ ပေါ်လာတိုင်း ဖြစ်တိုင်း ရှုရမယ်၊ စိတ်ကူးကြံစည်မှုတွေ ဖြစ်တိုင်းရှုရမယ်၊ ရုပ်နဲ့နာမ် တရား အကြောင်းနဲ့အကျိုးတရားတွေ ဖြစ်တိုင်း ရှုရမယ်၊ စိတ်ကူး စဉ်းစားရတာ မဟုတ်ဘူး၊ ပေါ်လာသမျှ ရှုမှတ်ရုံပါပဲ၊ သမာဓိ ဖြစ်လာတော့ အကုန်ရှုမှတ်နိုင်ပါလိမ့်မယ်၊ သမာဓိ အားကောင်းလာပြီဆိုယင် ကိုယ်တိုင် တွေ့နိုင်တဲ့ သဘောတွေကို ကိုယ်တိုင် တွေ့မှာပါပဲ၊ သမာဓိဖြစ်ယင် အမှန်အတိုင်းဖြစ်ပြီး ပျက်ပြီးသွားတာလဲ တွေ့ရမယ်၊ အဲဒီလို တွေ့သိရာကနေပြီး အရိယာမဂ်ဖိုလ်ကို ရောက်ယင် ဆင်းရဲခပ်သိမ်း အကုန်ကင်းငြိမ်းသွားမယ်။

အခုပြောခဲ့တာကတော့ ဆင်းရဲခပ်သိမ်းငြိမ်းအောင် အားထုတ်ဖို့ အကျဉ်းချုပ်ပဲ၊ ဘုရားအလိုတော်အတိုင်းပါပဲ၊ ဒါပေမယ်လို့ အခုခေတ်မှာ စိတ်ဆင်းရဲတာ, စိတ်မချမ်းသာတာတွေက ဖြစ်နေကြတယ်၊ အဲဒီဆင်းရဲတွေ ခံစားနေကြရတယ်၊ တရားအားထုတ်ယင်တော့ အဲဒီဆင်းရဲ ကင်းပျောက်တာတွေ, ချမ်းသာမှုရတာတွေလဲ ရှိခဲ့ပါတယ်၊ ဥပမာတခု ပြောမယ်ဆိုယင် လွန်ခဲ့တဲ့ ၂၅–နှစ် ကျော်လောက်က အင်္ဂလိပ်လူမျိုး ဒေါက်တာ–ဟောင်း(န်) ဆိုသူ ဒကာတယောက် ဘုန်းကြီးတို့ရိပ်သာကို လာအားထုတ်တယ်၊ တရက်–နှစ်ရက်ဆိုပြီး ၁၅–ရက်လောက် တရားအားထုတ်တော့ သိတန်သရွေ့သိသွားပါတယ်၊ ရုပ်နဲ့နာမ်ကိုလဲ သိသွားတယ်၊ သူ့ကိုမေးတော့ အနိစ္စ, ဒုက္ခကိုတော့ သဘောကျတယ်၊ အနတ္တကိုတော့ မတွေ့သေးဘူးလို့ဆိုတယ်၊ အဲဒီကနောက် ဆက်ပြီးအားထုတ်တော့ တရားတွေ အတော်ကောင်းသွားတယ်၊ ဝိပဿနာဉာဏ်တော့ အကုန်မဖြစ်သေးပါဘူး၊ သူက စိတ်ရောဂါကုဆရာဝန်ဖြစ်လို့ သူ့တိုင်းပြည် ပြန်သွားပြီး တာဝန်ရှိတဲ့အတိုင်း ညွှန်ကြားကုသပေးနေတယ်၊ ဒါနဲ့ မြန်မာပြည်က စိတ်ရောဂါကု ဆရာဝန် လူငယ်တယောက်က သူနေတဲ့နိုင်ငံ အင်္ဂလန်ကို ပညာဆည်းပူးဖို့ ရောက်သွားတော့ ဆေးရုံကြီးတခုမှာ တာဝန်ကျလို့ သူနဲ့တွေ့ခဲ့တယ်၊ လူချင်းမသိကြပါဘူး၊ သူက စိတ်ရောဂါရှိတဲ့ ဝေဒနာရှင်တွေကို ဖောင်းတယ်, ပိန်တယ်လို့ အမှတ်ခိုင်းနေတာ တွေ့ရတယ်တဲ့၊ ဒီတော့ မြန်မာဆရာဝန်အသစ်ကလေးက အဲဒီဆရာဝန်ကြီးကို "ဒီလို အားထုတ်ပုံ အားထုတ်နည်းကို ဘယ်ကရလာသတုန်း"လို့ မေးကြည့်တယ်၊ သူက မဟာစည်ရိပ်သာမှာ တရားအားထုတ်ခဲ့ဘူးကြောင်းပြောပြီးတော့ "ဒီနည်းဟာ တရားအားထုတ်တဲ့ သဘောပဲ၊ ဖြစ်ပျက်တာကလေးတွေကို တွေ့နေယင် သိပ်ကောင်းတာဘဲ"လို့ ပြောပါသတဲ့၊ လူတိုင်းလူတိုင်း ရှုမှတ်နေယင် သိပ်ကောင်းမှာဘဲလို့ ပြောပါသတဲ့၊ ဒါဟာ အဲဒီဆရာဝန်ကြီးက အလေးအနက်ပြုပြီး ပြောဆိုပုံပါဘဲ၊ အဲဒီလို အားထုတ်သွားယင် စိတ်ချမ်းသာမှုကိုရနိုင်တယ်၊ ငြိမ်းအေးမှုကိုရတယ်။

နဲနဲပြောချင်ပါသေးတယ်၊ ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ အားထုတ်လို့ ရောဂါဝေဒနာတွေ ပျောက်သွားခဲ့တာ ရှိပါတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးမှာပင် အကြီးအကျယ် ဝေဒနာဖြစ်ခဲ့တယ်၊အဲဒါကို ဘုရားကိုယ်တော်တိုင် ဝိပဿနာရှုမှတ်လို့ ရောဂါဝေဒနာခံစားမှု မရှိတော့ဘဲ ပျောက်သွားတယ်၊ ဘာကြောင့် ပျောက်သွားသလဲဆိုယင် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ဆိုတာဟာ ရှိတယ်၊ ရှုမှတ်နေယင် ရှုမှတ်တဲ့စိတ်က အင်မတန်စင်ကြယ်တယ်၊ အင်မတန်ကောင်းတယ်၊ ဒီလိုကောင်းမြတ်တဲ့စိတ် သန့်ရှင်းစင်ကြယ်တဲ့ စိတ်တွေကြောင့် သန့်ရှင်းစင်ကြယ်တဲ့ ရုပ်ကောင်းတွေက တကိုယ်လုံး ပြန့်နှံ့ပြီးတော့ ရုပ်ညံ့တွေက ကင်းပျောက်ပြီး ကျန်းမာကြတာပဲ၊ အဲဒီလိုကင်းပျောက်ပြီး ကျန်းမာကြပုံကို ကိုယ်တွေ့အားဖြင့် ဆင်ခြင်ကြည့်ယင် သိနိုင်ပါတယ်၊ စိတ်က ပျော်ရွှင်နေတဲ့အခါ ရုပ်က ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဖြစ်နေတာမျိုးပါပဲ၊ တချို့လူတွေမှာ နည်းအမျိုးမျိုးနဲ့ ရောဂါကုလို့ မပျောက်ပေမဲ့ တရားအားထုတ်တာနဲ့ တခါထဲ ပျောက်သွားတာလဲ ရှိပါတယ်၊ ဒီလိုပျောက်သွားတယ် ဆိုတာမျိုးတွေကို အချို့တရားစာအုပ်ထဲမှာ ဘုန်းကြီးက ဖော်ပြထားပါတယ်။ "တက္ကသိုလ်ဝိပဿနာတရားတော်" စာအုပ်၊ "ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်" စာအုပ်တွေထဲမှာလဲ အချို့ပါပါတယ်၊ အဲဒီစာအုပ်တွေကို အင်္ဂလိပ်လို ဘာသာပြန်ပြီးယင် တောင်းယူကြဖို့ပါပဲ။

စိတ်ရောဂါတွေ ပျောက်သွားတာလဲ ရှိပါတယ်၊ တချို့က ရိုးရိုးရောဂါ, တချို့က မြန်မာအခေါ်အဝေါ်နဲ့ ပယောဂလို့ ခေါ်တယ်၊ မြန်မာနိုင်ငံမှာတော့ နတ်ဆိုးတို့ မကောင်းဆိုးဝါးတို့ဆိုတာက ဖမ်းစားတတ်တယ်လို့လဲ အယူရှိကြတယ်၊ တချို့လဲ လူအချင်းချင်း ပြုစားခံရလို့ ရောဂါဖြစ်နေတယ်လို့ ပြောကြတယ်၊ အဲဒီလို ရောဂါဖြစ်တဲ့အခါ ဘုန်းကြီး၏တပည့် ဆရာတော်ကြီးတစ်ပါးထံမှာ သွားကုလို့ ရောဂါပျောက်ခဲ့တယ်လို့လဲ ပြောကြပါတယ်၊ အဲဒီဆရာတော်က သူကိုယ်တိုင်လဲ တင်းတင်းရင်းရင်း (၈) နာရီမှ (၁၂) နာရီကြာအောင် တဆက်ထဲ အားထုတ်နိုင်ပါတယ်၊ မတ်တပ်ရပ်ပြီးဖြစ်စေ, ထိုင်ပြီးဖြစ်စေ, လက်လှုပ်ခြေလှုပ်တောင် မရှိဘူးတဲ့၊ သူက အခြားသူတွေ ဆေးဖြင့်ကုလို့မရတဲ့ရောဂါကို ကုပေးတယ်၊ တချို့က ဘယ်လိုပျောက်သွားမှန်းမသိဘူးလို့တောင် ပြောကြတယ်၊ သူကုပုံကတော့ သတိပဋ္ဌာန်နည်းအရ ပေါ်တာတွေ အမှတ်ခိုင်းနေတာပါပဲ၊ မလှုပ်စေရဘူးတဲ့၊ သူကိုယ်တိုင်လဲ ရှုမှတ်နေယင်း အနီးအနားမှာပင် ရပ်ပြီးအားပေးနေတယ်၊ တချို့မှာ ရှုမှတ်လို့ ၄-၅-၆-နာရီလောက်နဲ့ ရောဂါပျောက်ခဲ့တယ်လို့ ပြောပါတယ်" စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ယင်းသို့ တရားအားထုတ်ခြင်းဖြင့် ရောဂါဝေဒနာ ပျောက်ကင်းနိုင်ပုံနည်းကိုပါ ထည့်သွင်းဟောကြားခြင်းပြုပါသည်။

သိပ္ပံပညာရှင်များနှင့် ဆွေးနွေးခြင်း, ကမ္ဘာ့ဘာသာရေး လေ့လာရေးဆိုင်ရာ ဟားဗတ်ဌာနၡ တရားဟောခြင်းများ, ယောဂီ (၁၀၀) ကျော်စီရှိသော ရိပ်သာ ၂-ခုၡလည်း တရားပြခြင်း, အနယ်နယ်အရပ်ရပ်ၡ ဝိပဿနာတရားကို ညွှန်ကြားပြသခြင်းများ ပြုလုပ်နေသည့် အချိန်အတောအတွင်း ဝါရှင်တန်, အမေရိကန် အသံလွှင့်ဌာနမှ သတင်းများကို အဆက်မပြတ်ကြိုးစားရယူကာ အသံလွှင့်သတင်းဖြန့်ချီ ပေးခဲ့လေသည်။

## မေလ ၁၀-ရက်နေ့

## ကဆုန်လပြည့် ထူးသည့်နေ့ဝယ်

ထိုနေ့သည်ကား ကဆုန်လပြည့် နေ့ထူးနေ့မြတ် ဖြစ်သည့်အလျောက် ဘာရီကမ္မဋ္ဌာန်းဌာန ရိပ်သာတွင် အားလုံးသော ယောဂီများကို နံနက်ပိုင်း (၈) နာရီအချိန်ၡ မဟာစည်ဆရာတော် ဦးဆောင်သော သံဃာတော် ၆-ပါးတို့က ယောဂီများအား (၈)ပါး သီလပေးခြင်း, သီလတရားတော် တရားဟောခြင်းနှင့် အနေကဇာတင်ခြင်းများ ပြုတော်မူကြပါသည်။

အမေရိကန်ရှိ ယောဂီပရိသတ်များသည် အရှေ့တိုင်းတရားကိုသာ ကျင့်သည်သာမက အရှေ့တိုင်း၏ ဘာသာရေး ရုပ်တု, ဘာသာရေးပန်းချီ, ဘာသာရေး အလံနှင့်ကြေးစည် ခေါင်းလောင်း, မောင်း, ဆွဲလဲ, ပုတီးတို့ကို နှစ်သက်ခုံမင်စွာ ထိန်းသိမ်းပြင်ဆင် မွမ်းမံခြယ်သ၍ ဂုဏ်ယူကြလေသည်၊ ဘာရီဌာနတွင်လည်း အရှေ့တိုင်းဘာသာရေး အသွင်အပြင်တွေကိုသာ ဝင့်ဝင့်ကြွားကြွား ပြင်ဆင်ထားကြပါသည်။

ကဆုန်လပြည့်နေ့သည် နေ့ကြီး ရက်ကြီးဖြစ်၍ ယောဂီအားလုံးက ဆွမ်းလောင်းလိုကြပြန်သည်။ ထို့ကြောင့် နံနက် (၉) နာရီအချိန်ၡ အဖွဲ့ရုံးရှေ့ လမ်းမတလျှောက် ဆရာတော်ကြီးပါမကျန် သံဃာတော်အားလုံး ဆွမ်းခံထွက်တော်မူကြရပေသည်။ ယောဂီများအဖို့ ကြုံတောင် ကြုံခဲဖြစ်သည်မို့ သဒ္ဓါပီတိလွှမ်းလျက် ဆွမ်း, သစ်သီး, မုန့်ပဲ ရသာစုံ စားဘွယ် သောက်ဘွယ်တို့ကို လှူဒါန်းကြရာ သပိတ်တော်များ ပြည့်လျှံ၍သွားခဲ့ပေသည်၊ ထိုနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က ယောဂီများအား တရားစစ်ပြီး မွန်းလွဲ ၂-နာရီအချိန်တွင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဦးဇနက-က ဗုဒ္ဓနေ့တရားတော်ကို ဟောကြားပါသည်။ ညနေ(၃)နာရီမှ(၄)နာရီအထိ ယောဂီများက ဆရာတော်ဘုရားကြီးအား အလှည့်ကျကန်တော့၍ သိလိုသောအမေးပုစ္ဆာများကို လျှောက်ထားကြပါသည်၊ ဆရာတော်ဘုရားကြီး၏ ဖြေကြားချက်များကိုမူ ဦးသီလာနန္ဒနှင့် ဦးရေဝတဓမ္မတို့က ဘာသာပြန်ဆို ပေးတော်မူကြသည်၊ ည(၇)နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးက "ချမ်းသာရေးတရားတော်" (The way to Happiness)ကို ဟောကြားတော်မူပေသည်၊ တရားဟောကြားပြီးသည့်နောက် ဟောကြားတော်မူသော ဌာနဓမ္မာရုံၡပင် သံဃာတော်များ အားလုံး ဥပုသ်ပြုတော်မူကြသည်။

## မေလ ၁၁-ရက်နေ့

ဆက်လက်၍ ယခင်နေ့ကအတိုင်းပင် ဆရာတော်ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က ယောဂီများအား နံနက်နှင့်ညနေ, ပေါင်း ၂-ကြိမ် တရားစစ်ဆေးခြင်း ပြုတော်မူကြပြီးနောက် ဆရာတော်ဘုရားကြီးထံ ယောဂီများက အလှည့်ကျလာရောက်ကန်တော့ကြသည်၊ ထိုသို့ ကန်တော့ပြီးလျှင် လိုအပ်သည်တို့ကို လျှောက်ထားကြ၍ ဦးသီလာနန္ဒနှင့် ဦးရေဝတဓမ္မတို့က ဘာသာပြန်ဆိုတော်မူသည်၊ ညၡဦးယာမ်ၡ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "ချမ်းသာရေးတရား"ကို ဆက်လက်ဟောကြားတော်မူပေသည်။

## မေလ ၁၂–ရက်နေ့

တရားထိုင်သည့် ခန်းမဆောင်သို့ ဘာရီကမ္မဋ္ဌာန်းဌာနအဖွဲ့မှ ပင့်ဖိတ်သဖြင့် သံဃာတော်အားလုံးတို့နှင့် ကပ္ပိယများပါ ကြွရောက်တော်မူကြပြီးလျှင် ဘာရီဝိပဿနာ ကမ္မဋ္ဌာန်းအဖွဲ့ဝင်များနှင့် ယောဂီအပေါင်းတို့၏ လှူဘွယ်ပစ္စည်း အမျိုးမျိုးတို့ဖြင့် လှူဒါန်းပူဇော်ခြင်းကို ခံယူတော်မူကြသည်၊ ဤသို့ မွန်မြတ်သော လှူဘွယ်ဝတ္ထုပစ္စည်းမျိုးစုံကို စေတနာသုံးတန်နှင့်အညီ ပေးလှူခြင်းအတွက် သာဓုအနုမောဒနာ တရားတော်ကို ဒါနရှင်များအား ဆရာတော်ဘုရားကြီးက ပါဠိဖြင့် တိုင်ပေးပြီးလျှင် အမျှပေးဝေကြပါသည်။ ထို့ပြင် ပရိတ်တရားတော်များဖြင့်လည်း ချီးမြှင့်တော်မူသေးသည်၊ အခါတိုင်းကဲ့သို့ပင် နံနက်နှင့် ညနေပိုင်း၌ ဆရာတော်ဦးဇနကနှင့် ဦးအဂ္ဂဓမ္မတို့က ယောဂီများအား တရားစစ်ဆေးခြင်းပြုခဲ့သည်။ ညပိုင်းတွင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် “ဗုဒ္ဓသာသနာတရားတော်”ကို ဟောကြားတော်မူကြောင်း။

## မေလ ၁၃–ရက်နှင့် ၁၄–ရက်နေ့

ထိုရက်များတွင် တရားစစ်ခြင်း, တရားဟောခြင်းများ ပြုတော်မူကြပါသည်။ ထိုနောက် မေလ ၁၄–ရက်နေ့ နံနက်(၉) နာရီခန့်တွင် ယောဂီများအား ဉာဏ်စဉ်တရားဟောပြရန် ဆရာတော်ဘုရားကြီးက ဦးဇနကအားမိန့်ကြား၍ ဦးဇနက–က တနာရီခွဲခန့် ဉာဏ်စဉ်တရား ဟောကြားရပါသည်၊ အနောက်တိုင်းမှ အချို့ယောဂီများမှာ စိတ်ကလေးငြိမ်၍ သမာဓိ အတော်အတန်ဖြစ်ပြီး ချမ်းသာမှု အနည်းငယ်မျှရနေသည်ကို တရားပြီးဆုံးသလောက် ထင်မှတ်နေကြသဖြင့်၊ ၎င်းတို့ကို တရားလမ်းဆုံး မရောက်သေးကြောင်း သူတို့ကိုယ်တိုင် သိရှိနိုင်ရန် ဆရာတော်ဘုရားကြီးက ဉာဏ်စဉ်တရားဟောကြားရန် မိန့်တော်မူခြင်း၌ဖြစ်ပါသည်။ ဘာရီ ကမ္မဋ္ဌာန်းဌာနမှ မြန်မာပြည်သို့ ရဟန်းဝတ်နှင့်သော်၎င်း၊ လူဝတ်နှင့်သော်၎င်း လာရောက်၍ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ တရားအားထုတ်လိုသူများနှင့် မဟာစည်အဖွဲ့ဝင်တို့က အလေးအနက် ညှိနှိုင်းတိုင်ပင်ကြပါသည်။ သာသနာပြုရေးတွင် အလေးထား၍ အားပေးဆောင်ရွက်တော်မူကြသလို မဟာစည်သာသနာပြုအဖွဲ့၏ အပြန်ခရီးတွင် ရဟန်းအဖြစ်ခံယူ၍ လိုက်ပါလိုသူ ၃–ယောက်နှင့် မစ္စတာအလန်စမစ်(သ်) (Mr. Alan Smith)တို့ရှိခဲ့ကြသည်၊ အခြား ၅–ယောက် ၆–ယောက် ခန့်တို့ကလည်း ရှေ့လာမည့်အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ရန်ကုန်မြို့သို့ လာရောက်ကြလိုသဖြင့် မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့် ဗီဇာနှင့်ပတ်သက်ပြီး အပြေအလည် ဆွေးနွေးခဲ့ကြသည်၊ ဘာရီ ကမ္မဋ္ဌာန်းရိပ်သာအဖွဲ့၏ ထောက်ခံမှုရရှိသူတို့အား ဆရာတော်ဘုရားကြီးအနေနှင့် ထောက်ခံရန် ဝန်လေးမည်မဟုတ်ကြောင်း မိန့်ကြားတော်မူသည်၊ တချို့ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ သွားရောက်လိုသူများရှိခဲ့ရာ မြန်မာသံရုံးမှတဆင့် လျှောက်လွှာများကို ပေးပို့ထားခဲ့ပြီးဖြစ်၍ (Stay Permit)ခေါ် ယာယီနေထိုင်ခွင့် သို့မဟုတ် ဗီဇာ (Visa)ရသည့်အခါ ရန်ကုန်သို့ သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ရသည်၊ မွန်းလွဲအချိန်တွင် ဘာရီစခန်း ကမ္မဋ္ဌာန်းနည်းပြဆရာများက မဟာစည်ဆရာတော်ဘုရားကြီးထံ၌ ဩဝါဒ ခံယူကြပါသည်။

ယင်းသို့ဝိသုဒ္ဓိမဂ်ကို ရည်ညွှန်း၍ ဟောကြားပေးသနားတော်မူသော ဩဝါဒတော်၏ အကျဉ်းချုပ်မှာ ကမ္မဋ္ဌာန်းဆရာများအနေနှင့် ချစ်ခင်ဘွယ်, ကြည်ညိုဘွယ်ရာ ဂုဏ်ရှိအပ်ကြောင်း၊ ရဟန်းမဟုတ်၍ သာမန်လူများဖြစ်လျှင်လည်း သာမန်လူ့ကျင့်ဝတ်နှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ ငါးပါးသီလ မြဲရမည်ဖြစ်ကြောင်း၊ တတ်နိုင်သလောက် ရှစ်ပါးသီလ ထိန်းနိုင်လျှင် ကောင်းကြောင်း၊ ဆက်ဆံရေးတွင်လည်း မေတ္တာနှင့် ကရုဏာကို ရှေ့ထား၍ ဆက်ဆံရန်လိုကြောင်း၊ ထိုသို့ပြည့်စုံပါမှ အလေးဂရုပြုထိုက်သော ဂုဏ်ရှိသည်မည်ကြောင်း၊ လမ်းပြညွှန်ကြားရာ၌ ပြောသင့် ပြောထိုက်သောပုဂ္ဂိုလ်ကို ပြောကြားခြင်းကိုလည်း ပြုရမည်ဖြစ်ကြောင်း၊ ကမ္မဋ္ဌာန်းတရား အားထုတ်သည်မှာ ကိလေသာငြိမ်းစေရန် အားထုတ်ခြင်းဖြစ်၍ ကိလေသာဖြစ်စေနိုင်သော အကြောင်းအရာများနှင့် ကင်းနိုင်သမျှကင်းအောင် ညွှန်ကြားရန်လိုကြောင်း၊ မြတ်စွာဘုရား အလိုတော်ကျ ကမ္မဋ္ဌာန်းထိုင်ရန်အခန်းနှင့် စင်္ကြံသွားသင့်ပုံနည်း၊ သည်းခံခြင်းတရား ပြည့်စုံစေရေး၊ တရားစစ်ရာတွင် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်းနှင့် ယခုလည်း ပြည့်ပြည့်စုံစုံရှိ၍ ဝမ်းမြောက်ပါကြောင်း စသည်တို့ပင် ဖြစ်ပေသည်။ ညပိုင်းတွင် ဆရာတော်ဘုရားကြီးက “ဗုဒ္ဓသာသနာတရားတော်” ပဋ္ဌမပိုင်းကို ဟောကြားတော်မူကြောင်း၊ ဆရာတော်ဘုရားကြီး တရားချီးမြှင့်တော်မူပြီးနောက် ဆရာတော် ဦးဇနက–က ယောဂီများသိလိုသမျှ မေးမြန်းချက်များကို ည ၉–နာရီမှ ၁၀–နာရီခွဲအထိ ဖြေကြားပေးပါသည်။ မေးခွန်းများမှာ လက်တွေ့ကျင့်ကြံအားထုတ်မှုနှင့်စပ်သော မေးခွန်း, မဂ်ဖိုလ် နိဗ္ဗာန်နှင့်စပ်သော မေးခွန်း, တမလွန် ကံတရားတို့နှင့်စပ်သော မေးခွန်းများဖြစ်ပါသည်။

## ဘာရီကမ္မဋ္ဌာန်းဌာန နည်းပြဆရာများအား မဟာစည် ဆရာတော်ဘုရားကြီးက အသိအမှတ် ပြုတော်မူခြင်း

### မေလ ၁၅–ရက်နေ့

နံနက်ပိုင်းတွင် ဘာရီ ကမ္မဋ္ဌာန်းဌာန ရုံးအဖွဲ့ဝင် ဝေယျာဝစ္စဆောင်ရွက်သူ (၁၈)ယောက်တို့အား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က အလှူရှင်များ လှူဒါန်း၍ ရရှိထားခဲ့သော မျက်နှာသုတ်ပုဝါ, ဆပ်ပြာမှအစ ပစ္စည်းများကို ပြန်လည်စွန့်တော်မူပါသည်၊ နံနက်(၈း၃၀)အချိန်တွင် (I.M.S.)အဖွဲ့ဝင်များနှင့် ယောဂီအားလုံးတို့က ဆရာတော်ဘုရားကြီး အား ဦးညွှတ်ကန်တော့ ကြသည့်အခါ ဆရာတော်ဘုရားကြီးက ၎င်းတို့၏ သာသနာမြှင့်တင်ရေးလုပ်ငန်းနှင့် ရိပ်သာစခန်း ကြီးပွါးရာ ကြီးပွါးကြောင်းကို အပတ်တကုတ် ကြိုးစားဆောင်ရွက်ကြသည့်အတွက် ချီးကျူးစကား မိန့်ကြားတော်မူပါသည်။

ထိုနောက် ဘာရီစခန်း ဝိပဿနာကမ္မဋ္ဌာန်းနည်းပြ ဆရာများအား မဟာစည်နည်းနိသျှည်းနှင့်အညီ လိုက်နာသော ကမ္မဋ္ဌာန်းဆရာများအဖြစ် အသိအမှတ်ပြုသင့်ပါကြောင်း ဆရာတော် ဦးရေဝတမ္ဗက လျှောက်ထားသဖြင့် ဆရာတော်ဘုရား ကြီးက ဂျိုးဇက်, ဂျက်, ဂျက်ကလင်းနှင့် ရှာရွန်တို့ကို မဟာစည်ကမ္မဋ္ဌာန်း ဆရာများအဖြစ် အသိအမှတ်ပြုကြောင်း လက်မှတ် တစ်စောင် ပေးတော်မူပါသည်။ ဆရာတော်ဘုရားနှင့်တကွ သာသနာပြုအဖွဲ့တဖွဲ့လုံးအတွက် ရန်ကုန်မြို့မှ အမေရိကန်၊လန်ဒန် အထိသွားလာရာ ကုန်ကျလှူဒါန်းသည့်စရိတ်များအတွက် ရေစက်ချအမျှဝေလျက် ဆရာတော်ဘုရားကြီးက အနုမောဒနာတရား ဟောကြားတော်မူပါသည်၊ ဤသို့ဟောပြောရာတွင် ကိုယ်ရေးကိုယ်တာအတွက် မည်သို့မျှ ကြောင့်ကြမစိုက်ပဲ ဆောင်ရွက်နေ သည့်အတွက်ကြောင့်၎င်း၊ အစစအရာရာတွင် သူတပါး ကြည်ညိုဘွယ်ရာဖြစ်စေရန် ဆောင်ရွက်လျက်ရှိ၍ အလွန်ချီးကျူးဘွယ် ရာ ကောင်းကြောင်းကိုပါ ထောမနာပြုတော်မူပါသည်။ ထို့နောက် နံနက်ဆွမ်းဘုဉ်းပေးပြီး "ဝူးစတား" (Worcester)လေဆိပ် သို့ ကြွမြန်းတော်မူကြပြီးလျှင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် မွန်းလွဲ (၁၂း၄၅) နာရီအချိန်၌ နယူးယောက်မြို့သို့ လေယာဉ်ဖြင့် လိုက်ပါ ထွက်ခွါတော်မူခဲ့ကြပေသည်။

### နယူးယောက်နှင့် သာသနာ့ခရီးတထောက်

"ဝူးစတား"မှ ထွက်ခွါလာသော လေယာဉ်သည် နေ့ (၁း၃၀) နာရီအချိန်တွင် နယူးယောက်မြို့တော်သို့ ဆိုက်ရောက်ခဲ့ သည်၊ ဘာရီကမ္မဋ္ဌာန်းဌာနမှ မစ္စတာ ဂယ်ရီဘတ်(က်) (Mr. Gary Buck) ဆိုသူအဖွဲ့ဝင် တစ်ဦးလည်း စောင့်ရှောက်ရန် လိုက်ပါလာခဲ့ကြောင်း၊ နယူးယောက်မြို့တော်သို့ ရောက်လုဆဲအချိန်၌ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိချေသည်၊နယူးယောက် လေဆိပ်တွင် ဦးလှဖေ (ဒေါ်တင်လှိုင်၏ခင်ပွန်း)၊ ကုလသမဂ္ဂမှ ဦးပေါ်ဦး၊ ဦးစောလွင်နှင့် ဦးသန်းတူမိသားစု စသည်တို့က စောင့်မျှော် ကြိုဆိုလျက် ရှိကြကြောင်း။

နယူးယောက်ရှိ ဦးလှဖေတို့၏ နေအိမ်၌ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့တို့က ခေတ္တရပ်နားတော်မူခိုက် ညနေပိုင်း တွင် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာသံအမတ်ကြီး ဦးမောင်မောင်ကြီး မိသားစုနှင့် ရုံးသားများ၊ ဦးဘမော် ဒေါ်ကျင်လွှမ် တို့၏ သားများ၊ ကြီးမြင့်မော်၊ ကြီးတင့်မော်၊ ဦးကျော်ခိုင်၏ ဇနီး ဒေါ်ခင်ဦးကြည်၊ ခင်ခင်ကြီး၊ ဒေါက်တာ ဦးအောင်သိန်း အစရှိသော မြန်မာအမျိုးသမီး၊ အမျိုးသားအများ လာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ဂါရဝပြုကြပါသည်။ဦးလှဖေ ဒေါ်တင်လှိုင်တို့က ၎င်းတို့၏နေအိမ်ကိုပင် ကျောင်းအမှတ် သီတင်းသုံးတော်မူပါရန် ဆရာတော်ဘုရားကြီးအား လျှောက်ထား လွဲအပ်ခြင်းပြုသည်၊ ဆရာတော်များအား သပ္ပါယအပြစ်ကင်းစေရန် ဒေါ်တင်လှိုင်က အခြား သူ့မိတ်ဆွေအိမ်၌ သွား၍ ညဥ့်အိပ်မှုကိုပြုလျက် ဆရာတော်တို့အား အထူးအလေးပြုသည်၊ ထို့ကြောင့် ဆရာတော်များမှာ ညဥ့်အခါ၌လည်း ချမ်းသာစွာ နေကြရပေသည်။

## မေလ ၁၆–ရက်နေ့

အရုဏ်ဆွမ်းကိုမူ ဦးလှဖေ ဇနီးဒေါ်တင်လှိုင်နှင့်အတူ ကြီးမြင့်မော်၊ ကြီးတင့်မော်တို့က ဆက်ကပ်လှူဒါန်းကြကြောင်း၊ နံနက် (၈)–နာရီအချိန်၌ ဆရာတော်ဦးဇနက–က အလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောကြားတော်မူပြီး အမေရိကန် အမျိုးသားအမျိုးသမီး ၈–ဦးတို့က တရားထိုင်ကြသည်၊ ထိုနေ့နံနက်ဆွမ်းကိုမူ ဦးပေါ်ဦးက ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား ၎င်း၏နေအိမ်သို့ ပင့်ဖိတ်၍ ဆက်ကပ်ကြပါသည်။ ဆရာတော်ဘုရားကြီးက အနုမောဒနာတရား ဟောကြားတော်မူပြီးနောက် ပရိသတ်သိလိုသည့် တရားအမေး ပုစ္ဆာများကို ဖြေကြားတော်မူပါသည်။ ညနေပိုင်းတွင် ကုလသမဂ္ဂအဆောက်အဦးများ တည်ရာဌာနသို့ ကြွရောက်ကြည့်ရှုတော်မူပြီး ည(၇)–နာရီအချိန်၌ အာရှအဖွဲ့ (Asian Society)တွင် ဆရာတော်ဘုရားကြီး က သတိပဋ္ဌာန်အကျဉ်းချုပ်ကို ဟောကြားတော်မူကြောင်း၊ တရားနာပရိသတ် (၁၂၀)ခန့်ရှိပြီး အမေရိကန်အမျိုးသား အမျိုးသမီး အများပါဝင်၍ အချို့မှာ တရုတ်၊ အိန္ဒိယ၊ သီဟိုဠ်နှင့် မြန်မာလူမျိုးများ ဖြစ်ကြပါသည်။ ဘာသာပြန်ဆိုခြင်းကို ဆရာတော် ဦးဇနက–က ဆောင်ရွက်၍ မိနစ်အနည်းငယ်ကြာ အမေးအဖြေ ပြုလုပ်ကြကြောင်း။

## မေလ ၁၇–ရက်နေ့

ထိုနေ့ အရုဏ်ဆွမ်းဒါနရှင်မှာ ဦးလှဖေ–ဒေါ်တင်လှိုင်တို့ ဖြစ်ပါသည်၊ နံနက် ၉–နာရီအချိန်၌ ဦးအဂ္ဂဓမ္မက အလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောကြားပြီးလျှင် အမေရိကန် အမျိုးသား အမျိုးသမီး ၅–ယောက်နှင့် မြန်မာ ၂–ယောက်တို့က (၁)နာရီကြာခန့် တရားထိုင်ကြပါသည်၊ နံနက် (၁၀း၃၀)နာရီအချိန်တွင် ဦးသန်းတူ မိသားစုတို့က ပင့်ဖိတ်ခြင်း ပြုသဖြင့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ၎င်း၏နေအိမ်သို့ကြွရောက်၍ နေ့ဆွမ်းဘုဉ်းပေးတော်မူပါသည်၊ ထိုအချိန်တွင် အခြား မြန်မာအမျိုးသားများ လာရောက် ဖူးမြော်ကြရာ၊ ၎င်းတို့အနက် ဒေါက်တာ ခင်မောင်လတ် (ရန်ကုန်မြို့ ဒေါက်တာ ဦးဘသွင်–ဒေါ်စိန်စိန်တို့၏သား)နှင့် ဇနီးတို့လည်း ရောက်ရှိနေကြသည်။ ဒကာ ဦးသန်းတူက (Video Tape) ခေါ် ရုပ်မြင်သံကြား ရိုက်ယူခဲ့ပေသည်။ ဆွမ်းအနုမောဒနာ ဟောကြားပြီး တရားမေးခွန်းများကို ဖြေကြားတော်မူပြီးနောက် ဆရာတော်ဘုရားကြီး နှင့်အဖွဲ့သည် ဒေါက်တာခင်မောင်လတ်၏ ပင့်ဖိတ်လျှောက်ထားချက်အရ ၎င်းနေထိုင်ရာဒေသ နယူးယောက်မှ ၇၅–မိုင်ဝေး ကွာသော လောင်း(န်)အိုင်လန်း (Long Island)ရှိ နေအိမ်သို့ ကြွရောက်ချီးမြှင့်တော်မူသည်၊ ထိုဒေသမှ နေဝန်းအလင်း ရောင်ခြည်မပျောက်မီ နယူးယောက်သို့ ပြန်လည် ရောက်ရှိတော်မူပြီးနောက် ည (၈)နာရီ အချိန် (International Zen Centre of New York)အမည်ရှိ အပြည်ပြည်ဆိုင်ရာ "ဇင်"ဌာနစခန်းသို့ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူ၍ ဝိပဿနာအလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောကြားခဲ့ပါသည်၊ ထိုဌာနတွင် တရားနာပရိသတ် ၆၀–ခန့်ရှိပြီးလျှင် အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာလူမျိုးပေါင်းစုံ ပါဝင်ကြောင်း၊ ဆရာတော်ဦးဇနက–က ဘာသာပြန်၍ ကြွရောက်လာကြသော တရားနာ ပရိသတ်များက ၁–နာရီကြာမျှ တရားထိုင်ကြရာ ည(၁၁)နာရီခန့်မှ ရုပ်သိမ်းခြင်းပြုပေသည်။

## မေလ ၁၈–ရက်နေ့

နံနက်အရုဏ်ဆွမ်းကို ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ဒေါ်ခင်စု၏သား ဒေါက်တာ ကျော်မြင့်–ရင်ရင်အေးနှင့် ဆွေမျိုးတစုတို့၏ နေအိမ်သို့ ကြွရောက်ဘုဉ်းပေးတော်မူသည်။ ထို့နောက် နံနက်(၈)နာရီမှ (၉)နာရီအထိ ကြွရောက်လာသော ပရိသတ်များက တရားထိုင်ပြီးလျှင် ဦးဇနက–က တရားစစ်တော်မူသည်။ ထိုနေ့ နေ့ဆွမ်းကပ်လှူလိုသဖြင့် နံနက် (၁၁)နာရီ အချိန်တွင် ဦးဘလဝမ်းဆင်း (Mr. Balwan Singh) နေအိမ်သို့ ပင့်ဖိတ်သဖြင့် ကြွရောက်တော်မူခဲ့ပါသည်။ ထိုမှတဖန် ခေတ္တ သီတင်းသုံးတော်မူရာကျောင်း (ဦးလှဖေ၏အိမ်)သို့ ပြန်လည်ကြွတော်မူကြောင်း၊ ညနေ (၆း၃၀)နာရီအချိန်တွင် ကိုလံဘီယာတက္ကသိုလ် (Columbia University) စိန့်ပေါ(လ်)ဘုရား ရှိခိုးကျောင်းတော်သို့ ကြွရောက်တော်မူပြီးလျှင် ဆရာတော် ဘုရားကြီးက "ဗုဒ္ဓသာသနာတရားတော်" (အင်္ဂလိပ်လို)ကို ဟောကြားတော်မူသည်၊ ပရိသတ်မှာ လူမျိုးပေါင်းစုံ ၁၀၀–ခန့် ရှိကြောင်း၊ ည ၁၀–နာရီ အချိန်ခန့်တွင်မှ တရားပွဲ ပြီးဆုံးလေသည်။

## မေလ ၁၉–ရက်နေ့

နံနက်အရုဏ်ဆွမ်းကို မြန်မာကုလသမဂ္ဂ သံအမတ်ရုံး အဖွဲ့သားများက စုပေါင်း၍ အလှူဒါနပြုကြရာ, သံအမတ်ကြီး ဦးမောင်မောင်ကြီး၏ နေအိမ်၌ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့တို့က ကြွရောက်ဘုဉ်းပေးတော်မူကြသည်၊ ထိုနေ့ နေ့ဆွမ်းကိုမူ မြန်မာများ အများကောင်းမှုဖြင့် ဦးလှဖေ–ဒေါ်တင်လှိုင်တို့၏ အိမ်၌ပင် လှူဒါန်းဆက်ကပ်ကြသည် မေလ ၁၉–ရက်နေ့သည် ကား ဆရာတော် ဦးသီလာနန္ဒနှင့် ဦးကေလာသတို့အဖို့ သီးခြားတာဝန်ကိုယ်စီ စတင်ယူတော်မူကြရသည့် နေ့ပေတည်း။ ၎င်းနေ့ နံနက်(၈း၃၀)နာရီ အချိန်ကစ၍ ဆရာတော်ဘုရားကြီးနှင့်ခွဲခွါလျက် နယူးယောက်မြို့မှ အမေရိကန်ပြည် အနောက်ပိုင်း ဆန်ဖရန်စစ္စကိုမြို့ (San Francisco)သို့ လေယာဉ်ဖြင့် ထွက်ခွါတော်မူခဲ့ကြရသည်၊ ညနေပိုင်း၌ နယူးယောက်တွင် ဘာရီမှ အလန်ကလီးမင့်(စ်) (Alan Clements)၏ ရှင်ပြုမင်္ဂလာပွဲနေ့ ဖြစ်သဖြင့် (I.M.S.)မှ အဖွဲ့ဝင်များလည်း လာရောက်ကြ ကြောင်း၊ အလန်ကလီးမင်းကို ဆရာတော် ဦးဇနက–က ရှင်သာမဏေပြုပေးပါသည်၊ တနေ့လုံးလိုလိုပင် နယူးယောက်၏ သဘာဝ ရာသီအတိုင်း မိုးတဖွဲဖွဲနှင့် စွေလျက်ပင်။

## မေလ ၂၀–ရက်နေ့

ဦးစောလွင်–ဒေါ်ခင်သန်းမြင့်တို့က လှူဒါန်းသော အရုဏ်ဆွမ်းကို မဟာစည်အဖွဲ့ဝင်များက ဘုဉ်းပေးတော်မူကြပြီး နေ့ဆွမ်းကိုမူ အများ၏ကောင်းမှုဖြင့် ဦးလှဖေ–ဒေါ်တင်လှိုင်တို့အိမ်၌ ဆက်ကပ်ကြပေသည်၊ ထိုနေ့ မွန်းလွဲ ၁း၃၀နာရီအချိန်၌ (Temple of Enlightenment)ခေါ် တရုတ် မယ်သီလရှင်ကျောင်းသို့ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့တို့က ကြွရောက် တော်မူပြီးလျှင် သတိပဋ္ဌာန်အကျဉ်းချုပ်ကို ဟောကြားပြီး တရားအမေးအဖြေများကို ပြုလုပ်ကြကြောင်း၊ ညနေ(၄)နာရီအချိန် တွင် မဟာစည်သာသနာပြုအဖွဲ့သည် ဗြိတိန်နှင့် ဥရောပ ခရီးစဉ်အတိုင်း ဆက်လက် ဒေသစာရီ ဖြန့်ချီတော်မူရန်အတွက် "ကနေဒီ" လေဆိပ်သို့ ကြွရောက်တော်မူခဲ့ကြပေသည်။ နယူးယောက်မြို့ "ကနေဒီ"လေဆိပ်မှ အမေရိကန်လေကြောင်းကုမ္ပဏီ (Pan-Am) လေယာဉ်ဖြင့် ည ၇–နာရီ မိနစ်–၄၀အချိန်တွင် လန်ဒန်မြို့သို့ ထွက်ခွာတော်မူခဲ့ကြပါသည်။ အမေရိကန် ပြည်တွင်း မဟာစည်သာသနာပြု လုပ်ငန်းရပ်သည်ကား နေရစ်ခဲ့ကြရသည့် သာသနဓဇနည် ရဟန်းတော်များ ဖြစ်ကြသော အရှင်သီလာနန္ဒနှင့် အရှင်ကေလာသတို့၏ ပခုံးထက်ဝယ်သို့ ကျရောက်လျက် ရှိခဲ့လေပြီ။

ဆန်ဖရန်စစ္စကိုရောက် အရှင်သီလာနန္ဒနှင့် အရှင်ကေလာသ နှစ်ပါးစလုံး ဒကာကြီး ဦးချစ်ထွန်း၏တိုက်၌ ယာယီ ကျောင်းအဖြစ် ခေတ္တသီတင်းသုံးတော်မူကြပြီးလျှင် ဆန်ဖရန်စစ္စကိုမြို့သို့ ဒုတိယအကြိမ် ပြန်လည်ရောက်တော်မူသည့် (၁၉–၅–၇၉)နေ့ကစတင်၍ တရားရှုမှတ်ရန် လာရောက်ကြသော ဒကာ၊ ဒကာမများအား မဆိုင်းမတွ တရားပြသလျက် ရှိကြလေ သည်၊ ထိုရဟန်းတော် နှစ်ပါးအဖို့ အမေရိကန်ပြည်ကဲ့သို့ လူစေ့တက်စေ့ နေကုန် အလုပ်လုပ်ကြသည့် နိုင်ငံတွင်းဝယ် ကပ္ပိယ ပြဿနာကလည်း တဖက်၊ သာသနာပြုရမည့် တာဝန်ကတဖုံတို့ကို ပြေလည်ကျေပွန်အောင် စွမ်းအားသတ္တိအပြည့်အဝဖြင့် လုပ်ဆောင်ကြရပေဦးမည်၊ ဆက်လက်ထိန်းသိမ်းကြရပေဦးမည်။

## အမေရိကန်တွင် သာသနာပြု ဆောင်ရွက်ချက်များ အခြေပြ

တစ်လခွဲခန့်အတွင်း အမေရိကန်ပြည် အရှေ့အနောက်ဒေသများ၌ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားပွဲ ကျင်းပခြင်းနှင့် အခြားသာသနာပြုဆောင်ရွက်ချက်များကို ဆန်းစစ်ကြည့်ပါလျှင် အောက်ပါအတိုင်း အကြမ်းအားဖြင့် တွေ့မြင်ရပေမည်။

| ဒေသ | တရားနာသူ | တရားပွဲ | မေး–ဖြေ | ဥပုသ်ပြု | ဆွမ်းခံ | ရဟန်းခံ |
|---|---|---|---|---|---|---|
| လော့စ်အိန်ဂျယ်(လ်)လိ(စ်) | ၁၅၀ | ၁ | – | – | – | – |
| ယပ်ကာဘဲလီဌာန | ၁၄၀(ယောဂီ) | ၉ | ၁၄ | ၁ | ၂ | ၁–ဦး |
| ဆန်ဖရန်စစ္စကို | ၁၀၀ | ၃ | – | – | – | – |
| ဝါရှင်တန် | ၂၀၀* | ၈ | ၄ | ၁ | – | ၁–ဦး<br>၄–ဦး<br>(သာမဏေ) |
| ဘယ်ရီ | ၈၀(ယောဂီ) | ၂၀ | ၁၄ | ၁ | ၁ | ၁–ဦး<br>(သာမဏေ) |
| နယူးယောက် | ၁၅(ယောဂီ) | ၅ | – | – | – | – |

* တရားနာပရိသတ် တရားထိုင်သူ(၄၀)ခန့်။

ထို့ပြင် ဝါရှင်တန်၌လည်း သိမ်သမုတ်တော်မူခဲ့သေးသည်။ အမေရိကန်တွင် ဆရာတော်ဘုရားကြီးက သီလရှင်(အမျိုးသမီးသာမဏေ) ပြုပေးခဲ့သည်မှာ (၅)ယောက်ထက်မနည်းပေ။ ဆန်ဖရန်စစ္စကို၌ ခေတ္တနေတော်မူစဉ်အခါကလည်း တရားဌာနတွင် ညစဉ် မဟာစည်ဆရာတော် တရားဟောရန် ကြွတော်မူတိုင်း ခေါင်းလောင်းတီး မြည်သံမစဲပဲ၊ တရားဟောရန် စင်ပေါ်ရောက်သည်အထိ ကြားရသည်ပင်လျှင် "အဲ့ထဲ အသံထဲက ပီတိလှိုင်းတွေ တဖြန်းဖြန်းထလာပြီး သာသနာတော်အတွက် အလွန်အားတက်မိပါတယ်"ဟူ၍ အဖွဲ့ဝင် တစ်ဦး၏ပေးစာကို ဖတ်ရှုရသဖြင့်လည်း ပီတိသောမနဿ ဖြစ်ရပေသည်။

နယူးယောက် ကနေဒီလေဆိပ်တွင်လည်း ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား နှုတ်ဆက်ပို့ဆောင်ကြသူများ စည်ကားလှပေသည်။ ဗြိတိန်နှင့်ဥရောပတိုက်တစ်ခွင် သာသနာပြု ဒေသစာရီ ခရီးစဉ်တလျှောက်လုံးတွင် လိုက်ပါရန် နယူးယောက်မြို့မှ မဟာစည် ယောဂီဟောင်း ဦးလှဖေနှင့်ဇနီး ဒေါ်တင်လှိုင်တို့ကလည်း နောက်ထွက်သည့် လေယာဉ်တစင်းဖြင့် လန်ဒန်သို့ စီးနင်းလိုက်ပါခဲ့ကြသည်၊ ဆရာတော်ဘုရားကြီး ပြည်ပသာသနာပြုရမည့် ရှေ့ခရီးစဉ်တလျှောက်တွင် ဝတ်ကြီး ဝတ်ငယ်ပြုရန် စွဲမြဲစွာ အဓိဋ္ဌာန်ဖြင့် လိုက်ပါလာခြင်း ဖြစ်ပေသည်။

၎င်းတို့၏ သဒ္ဓါတရားမှာ ကြီးမားလေစွ။ ဤမျှ သာသနာရေးကို စိတ်ပါဝင်စား အားပေးချီးမြှင့်သော စေတနာသဒ္ဓါတရား ပြည့်ဝသူ ထိုဇနီးမောင်နှံနှစ်ယောက်အား ချီးကျူးလျက် သာဓုခေါ်ဆိုရပေမည်၊ ခန္ဓာဝန်ကို ရွက်ဆောင်လျက် သာသနာပြုနိုင်ခြင်းသည်လည်း အတိတ်ဘဝ၏ ပါရမီကုသိုလ်ဆက်ပင် ဖြစ်ပေသည်။

## အင်္ဂလန်နှင့် စကော့(တ်)လန်
## သာသနာပြုခရီး
## (က) လန်ဒန်နှင့် တရားဦး ပရိသတ်

### မေလ ၂၁–ရက်နေ့

နံနက်(၇)နာရီအချိန်တွင် အင်္ဂလန်ပြည် လန်ဒန်လေဆိပ်သို့ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ဆိုက်ရောက်သည့်အခါ ဆရာတော်ဦးရေဝတဓမ္မ ဦးစီးဦးဆောင်ကာ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးတင်မောင်ဦး၊ ကမ္ဘာ့ရေကြောင်းဌာနချုပ် (ကုလသမဂ္ဂ)မှ ဦးစိန်ထွန်းအောင်၊ ဆွစ်ဇာလန်မှ ဒကာ မစ္စတာမီရ်ကို ဖရီဗါ (Mr. Mirko Fryba)နှင့် အင်္ဂလိပ်, ယိုးဒယား, သီဟိုဠ် သံဃာတော်ပေါင်း (၈)ပါးခန့်တို့က ကြိုဆိုလျက် ရှိကြပေသည်။ ဦးရေဝတဓမ္မက အမေရိကန်ပြည် ဘော့စတွန် (Boston)မှ မေလ ၁၂–ရက်နေ့ကပင် ဆရာတော်ဘုရားထံမှ ခွဲခွာခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရှိရန် အင်္ဂလန်သို့ ထွက်ခွာလာခဲ့၍ လန်ဒန်တွင် ရောက်နှင့်နေတော်မူခြင်း ဖြစ်ပါသည်၊ လေဆိပ်မှ လန်ဒန်မြို့ပေါ်ရှိ ယိုးဒယားကျောင်း ဗုဒ္ဓပဒီပ (Buddhapadipa)သို့ ကြွမြန်းခဲ့ရာ နံနက် (၉း၃၀)နာရီခန့်အချိန်၌ ရောက်တော်မူကြသည်၊ ထို့နောက် နေ့ဆွမ်းကိုမူ မဟာစည်သာသနာပြုအဖွဲ့နှင့် ယိုးဒယားကျောင်း သံဃာကုန် စုစုပေါင်း(၃၀)ကျော်ခန့်ကို ဦးစိန်ထွန်းအောင်နှင့် ဇနီးဒေါ်လှလှ တို့က ဆက်ကပ်လှူဒါန်းပါသည်။ မွန်းလွဲပိုင်း၌ မြန်မာအမြောက်အများလာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော် ကန်တော့ကြသည်၊ ညပိုင်းတွင်မူ (၈) နာရီအချိန်၌ အင်္ဂလိပ်နှင့်မြန်မာ ဧည့်ပရိသတ် (၆၀)ခန့်တို့အား ဆရာတော်ဘုရားကြီး က ဝိပဿနာတရား အကျဉ်းချုပ်နှင့် အလုပ်ပေးတရားတော်ကို ဟောကြားချီးမြှင့်တော်မူလေသည်၊ ဆရာတော် ဦးဇနက–က အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း ပြုတော်မူကြောင်း။

### မေလ ၂၂–ရက်နေ့

အရုဏ်ဆွမ်းကို ကျောင်းတော်၌ပင် ဘုဉ်းပေးတော်မူပြီး ဒကာ ဦးသိန်းထွန်းနှင့် ဇနီးဒေါ်မြမြမိုင်တို့က၊ ၎င်းတို့၏ နေအိမ်သို့ နေ့ဆွမ်းပင့်ဖိတ်လှူဒါန်းသဖြင့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က ကြွရောက်ချီးမြှင့်တော်မူကြပါသည်။ ညနေပိုင်း အချိန်တွင် ကြိုတင်ဖိတ်ကြား လျှောက်ထားချက်အရ ဆရာတော်ဘုရားကြီးသည် မျက်စိ စမ်းသပ်စစ်ဆေးခံခြင်းပြုရန် ဒေါက်တာဒေါ်ကြည်ကြည်ခိုင် (ရန်ကုန်မြို့နေ နုဂ္ဂဟအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် အမှုဆောင်တစ်ဦးဖြစ်သူ ဦးဦးခိုင်၏သမီး) ၏ ဆေးခန်းသို့ ကြွရောက်တော်မူပါသည်။ ညအခါ၌ မြန်မာအများစု ပါဝင်သော တရားနာပရိသတ်(၃၀)ခန့်တို့အား နာရီ ဝက်ခန့် တရားမထိုင်မီ ဆရာတော်ဦးဇနက က မိနစ် ၃၀–ခန့် တရားပေးတော်မူသည်။

### မေလ ၂၃–ရက်နေ့

အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက်၊ ဦးအောင်မြင့်ထွန်း–ဒေါ်ချိုချိုတို့က ဆရာတော်ဘုရားကြီးအား နေ့ဆွမ်းကို ၎င်းတို့နေအိမ်၌ ဆက်ကပ်လို၍ ဖိတ်ကြားပင့်လျှောက်သဖြင့် ကြွရောက်တော်မူခဲ့ပါသည်။ ထိုနေ့မွန်းလွဲ (၁)နာရီအချိန်၌ ရေးဆွဲထားရှိသည့် ခရီးစဉ်အတိုင်း လန်ဒန်မြို့ "ယူစတန်" ခေါ် (Euston) ဘူတာရုံသို့ သွားရောက်ပြီးလျှင် မီးရထားဖြင့် စကော့(တ်)လန်သို့ (၁း၄၅)နာရီ အချိန်တွင် ကြွမြန်းခဲ့ရာ စကော့(တ်)လန် (Scotland)ရှိ လော့ကားဘီ (Lockerbie)သို့ ညနေ (၆)နာရီ၌ ဆိုက်ရောက်တော်မူပါသည်။ ထိုခရီးမှာ မိုင် ၄၀၀–ခန့်ရှိပါသည်၊ ဆရာတော်ဘုရားကြီးနှင့်အတူ ဦးအဂ္ဂဓမ္မ, ဦးမြသိန်း, အမေရိကန်ပြည်မှ လိုက်ပါလာသည့် ဦးလှဖေနှင့် ဒေါ်တင်လှိုင်, ဒေါ်မြမြမိုင်တို့က မီးရထားဖြင့် စီးနင်းလိုက်ပါ ကြပြီးလျှင် ဆရာတော်ဦးဇနက, ဦးစိန်ထွန်းအောင်, ဒေါ်လှလှ, ဦးအောင်ချစ်နှင့်ဇနီး, မောင်ရွှေထွန်းကျော်နှင့် ၎င်းတို့၏မိခင် တို့က မော်တော်ယဉ် ၂–စီးဖြင့် ထွက်ခွါခဲ့ကြကြောင်း၊ အရှင်ရေဝတဓမ္မနှင့် အဖော်တစ်ယောက်တို့ကမူ တစ်ရက်ကြိုတင်၍ ဘာမင်ဂန်မ် (Burmingham) မြို့မှ ကားဖြင့် ထွက်ခွါတော်မူပြီး စကော့(တ်)လန်သို့ ရောက်ရှိနေခဲ့၍ "လော့ကားဘီ" ဘူတာရုံမှ ကြိုဆိုလျက်ရှိပေသည်။ လော့ကားဘီတွင် မောင်မောင်ထွန်းနှင့် ဒေါက်တာချိုချိုထွန်းတို့က ရောက်နှင့်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြပါသည်။

## (ခ) စကော့(တ်)လန် တိဘက်တန်ဆမြေလင်း ၆–ရက်စခန်း

### မေလ ၂၄–ရက်နေ့

ဦးစိန်ထွန်းအောင်နှင့် အဖွဲ့တို့က မဟာစည်အဖွဲ့အား အရုဏ်နှင့်နေ့ဆွမ်းကို ကပ်လှူကြကြောင်း။ နံနက် (၈း၃၀) အချိန်၌ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ တည်းခိုသီတင်းသုံးတော်မူကြသော တိဘက်ဘုန်းကြီးကျောင်း (Samye Ling)၏ ခန်းမဆောင်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သရဏဂုံနှင့်တကွ (၁၀)ပါးသီလ, (၈)ပါးသီလ, (၅)ပါးသီလတို့ကို ပရိသတ်အသီးသီး အားပေးတော်မူခဲ့သည်။ ထူးခြားချက်တရပ်မှာ လန်ဒန်မြို့မှ လိုက်ပါလာခဲ့သူ ဒေါ်မြမြိုင်က သီလရှင်အဖြစ်ခံယူ၍ ဆရာတော်ဘုရားကြီးက "ပညာဏစာရီ"ဘွဲ့ပေး၍ ချီးမြှင့်တော်မူခြင်း ဖြစ်ပါသည်။ ထို့နောက် သတိပဋ္ဌာန်တရားတော်နှင့် အလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောကြားတော်မူသည်။ ဆရာတော်ဦးဇနက–က မြန်မာနှင့် ဗြိတိသျှများပါဝင်သော တရားနာပရိသတ် (၃၀)ခန့်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုဟောကြားပြီး၊ မွန်းလွဲ (၂း၃၀) နာရီအချိန်၌ ဦးစိန်ထွန်းအောင်, ဦးအောင်ချစ်နှင့် မောင်ရွှေထွန်းကျော်တို့အား သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးတော်မူပါသည်။ ဤသို့ ရှင်သာမဏေ (ကိုရင်)အဖြစ် ခံယူကြပြီးနောက် ဆရာတော်ဘုရားကြီးက ဒုလ္လဘရဟန်းခံပေးတော်မူရာ ညနေ (၄း၃၀)နာရီမှ ရဟန်းခံပြီးစီးပါသည်။ တရားနာပရိသတ်လည်းမစဲပေ၊ ထိုည (၇း၃၀)နာရီမှ (၈း၃၀)နာရီအထိ မဟာစည်ဆရာတော်ဘုရားကြီးက ဗုဒ္ဓသာသနာတရားတော် (The Noble Teaching of the Buddha)ကို အင်္ဂလိပ်လို ဟောကြားတော်မူပါသည်။

### မေလ ၂၅–ရက်နေ့

ထိုနေ့၌ ထူးခြားသောအတွေ့အကြုံတစ်ရပ်မှာ လန်ဒန်အနီး မီလ်တန်ကိန်း(စ်) (Milton Keynes)မှ စကော့တလန်ပြည် ဂလာပ် (စ်)ဂို (Glasgow)မြို့၊ မိုင် ၆၀၀–ခန့် ဝေးကွာသော အရပ်အထိ ခြေလျင်လျှောက်၍ အနုမြူလက်နက်ကန့်ကွက်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆန္ဒပြသည့် ဂျပန်ဘုန်းကြီး ခေါင်းဆောင်သော အဖွဲ့ဝင် ၁၃–ဦးတို့က ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ လာရောက်၍ ကန်တော့ကြခြင်းပင် ဖြစ်ပါသည်၊ ယင်းသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားတောင့်တသည့် ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့် အေးငြိမ်းမှုရကြစေရန် "ချမ်းသာရေးတရား" ဟောကြားသည့် မဟာစည်သာသနာ့အဖွဲ့ဝင်များ မမျှော်လင့်ပဲ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံကြရသည်ကား အံ့သြစရာ ကောင်းပေစွ။ အချိန်မှာကား မွန်းလွဲ (၂)နာရီခန့်ဖြစ်သည်၊ ယမန်နေ့က ရဟန်းခံပွဲအကြောင်းကို နိုင်ငံခြားသား ယောဂီများ နားလည်နိုင်ရန် ရှင်းပြဖို့ ဦးဇနကအား ဆရာတော်ဘုရားကြီး မိန့်ကြားသဖြင့် ဦးဇနက–က သတိပဋ္ဌာန်တရား ဟောကြားရာတွင်ထည့်သွင်း၍ ရှင်းလင်းပြောပြပါသည်။ ပြီးလျှင် ယောဂီများကို တရားစစ်ဆေးပါသည်၊ ထိုနေ့ည (၇း၃၀) နာရီမှ (၈း၁၅) နာရီအထိ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် ပဋ္ဌမပိုင်း (တစ်ဝက်)ကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူပါသည်။ ထို့နောက်မှ ဥပုသ်ပြုတော်မူကြောင်း။

### မေလ ၂၆–ရက်နေ့

တိဘက် "ဆမြေလင်း"ကျောင်း၌ပင် သီတင်းသုံးလျက် အရုဏ်နှင့် နေ့ဆွမ်းများကို ဒကာ ဒကာမများက ဆက်ကပ်၍ ဘုဉ်းပေးတော်မူသည်။ မွန်းလွဲ (၂)နာရီအချိန်တွင် ဦးဟုတ်စိန်၏သမီး ဒေါက်တာ ခင်မေစိန်, ၎င်း၏ခင်ပွန်း ဒေါက်တာ ဦးမြသောင်းနှင့် သမီးများက ကျောင်းတော်သို့လာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြကြောင်း။ နေ့(၂)နာရီတွင် ဦးဇနက–က တရားဟော တရားစစ်ပါသည်၊ ညနေ(၄)နာရီ၌ ယောဂီ(၃)ဦးတို့က ဆရာတော်ကြီးအား ကန်တော့ပြီးလျှင် တရားအမေးအဖြေများ ပြုကြပါသည်။ ထိုသို့ မေးဖြေရာတွင် ဦးအဂ္ဂဓမ္မ–က ဘာသာပြန်အဖြစ် ဆောင်ရွက်ပါသည်။ ထိုနေ့တွင် စကော့တလန်ပြည် ဆရာတော်ဘုရားကြီး ခေတ္တသီတင်းသုံးတော်မူရာဒေသ၌ နံနက် (၄း၅၀) နာရီတွင် အရုဏ်လာ၍ ညအချိန် (၉)နာရီမှပင် နေဝင်ခဲ့သည်။ ရာသီဥတုမှာ သာယာလျက် ရှိပေသည်။

## မေလ ၂၇–ရက်နေ့

မြန်မာယောဂီများက ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား အရုဏ်ဆွမ်း ဆက်ကပ်ကြပြီးနောက် တရားပုစ္ဆာများကို မေးမြန်းလျှောက်ထားကြ၍ ဆရာတော်ဘုရားကြီးက ဖြေကြားတော်မူသည်၊ နေ့(၂)နာရီတွင် ဦးဇနက–က တရားဟောပြီး တရားစစ်ပါသည်၊ တဖန် ညနေ(၃)နာရီအချိန်၌ အင်္ဂလိပ်ယောဂီ(၃)ဦး လာရောက်၍ ဆရာတော် ဘုရားကြီးအား ဝတ်ပြုကြပြီး လျှင် တရားမေး–ဖြေ ပြုလုပ်ကြရာ ဦးအဂ္ဂဓမ္မ–က ဘာသာပြန်ဆိုပါသည်၊ ည (၈း၁၅)နာရီမှ (၉း၁၅)နာရီအထိ ဆရာတော် ဘုရားကြီးသည် "သတိပဋ္ဌာန် တရားတော်" ပဌမပိုင်းကို အပြီး ဟောကြားတော်မူပြီးလျှင် ဒုတိယပိုင်း ပဌမတဝက်ကိုလည်း ဟောတော်မူကြောင်း၊ ထိုနေ့တွင် ထူးဆန်းစွာ နံနက် (၂း၃၀)နာရီအချိန်တွင် အလင်းရောင်ခြည် ယုက်သန်းဖြာလျက် ည (၁၁) နာရီမှ မှောင်စပြုလေသည်။ ဥတုအခြေအနေမှာ မိုးရွာတလှည့် နေပူတလှည့်ပင်။

## မေလ ၂၈–ရက်နေ့

နံနက် ၉–နာရီအချိန်၌ အင်္ဂလိပ်ယောဂီ(၄)ဦးတို့က ဆရာတော်ဘုရားကြီးအား ရှိခိုးကန်တော့ကြပြီးလျှင် အမေးအဖြေ များ ပြုလုပ်ကြရာ ဦးအဂ္ဂဓမ္မက ဘာသာပြန်အဖြစ် ဆောင်ရွက်သည်။ ထိုနေ့ နေ့ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် အီဒင်ဘာရာ (Edinburgh)မြို့သို့ ကြွမြန်း၍ ဒေသန္တရဇာတပုသုတအလို့ငှာ လှည့်လည်ရှုစားတော်မူကြောင်း၊ ညနေပိုင်းတွင် ပြန်လည်ရောက် ရှိတော်မူပြီးနောက် ည (၇း၁၅)နာရီမှ (၈း၁၅)နာရီအထိ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရား ဒုတိယပိုင်းကို အပြီး သတ်ဟောကြားတော်မူပေသည်။

## မေလ ၂၉–ရက်နေ့

နံနက်(၉) နာရီအချိန်၌ အင်္ဂလိပ်ယောဂီ ၂–ယောက် လာရောက်၍ ဆရာတော်ဘုရားကြီးအားဖူးတွေ့ပြီးနောက်၊ တရားဓမ္မနှင့်စပ်လျဉ်း၍ သိလိုသည်တို့ကို မေးမြန်းပါသည်။ ဆရာတော်ဘုရားကြီးက ဖြေကြားတော်မူပြီး ဦးအဂ္ဂဓမ္မ–က မေး ဖြေအတွက် ဘာသာပြန်ခြင်းပြုပါသည်၊ နေ့လယ် (၂)နာရီတွင် ယောဂီများ မိမိတို့ တရားအခြေအနေကို မိမိတို့သိရှိပြီး ဆက်လက်ကြိုးစား အားထုတ်နိုင်ရန် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ဦးဇနက–က အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ဉာဏ်စဉ်တရားတော်ကို ဟောကြားပါသည်။ ည ၇–နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက "ချမ်းသာရေးတရားတော်" (The way to Happiness.)ကို ဟောကြားတော်မူသည်။ ယင်းသို့ ဟောကြားတော်မူပြီးနောက် တိဗက်ကျောင်း အကြီး အကဲဖြစ်သူ "အကုံရင်ပို့ချီ" (Akong Rimpoche)က အခမ်းအနားတရပ် ကျင်းပပြီး တရားစခန်းသိမ်းပွဲ နှုတ်ခွန်းဆက် စကား ပြောကြားကြောင်း။ ဆက်လက်၍ မြန်မာနှင့် အင်္ဂလိပ် ယောဂီသူတော်စင်များက လှူဘွယ်ပစ္စည်းအဝဝတို့ကို ဆက်ကပ် လှူဒါန်းကြပါသည်၊ ဆရာတော်ဘုရားကြီးက ကောင်းမှုအရပ်ရပ်တို့အတွက် ရေစက်ချရာ၌ ဒေါ်လှလှ, ဒေါ်လီ, ဒေါ်မြခင်နှင့် တိဗက်ကျောင်းမှ တိဗက် သီလရှင် (အင်္ဂလိပ်အမျိုးသမီး) "ဟီလာရီ"တို့က မဟာစည်အဖွဲ့ စတင်ရောက်တော်မူသည့်နေ့မှ နောက်ဆုံးနေ့အထိ ဆွမ်း, ကွမ်း, ဝေယျာဝစ္စ လုပ်အားပေး ဆောင်ရွက်သော ကုသိုလ်တော်များကိုပါ ထည့်သွင်း ရေစက်ချ အမျှပေးဝေပါသည်။ စခန်းသိမ်းပွဲမှာ ည(၉)နာရီအချိန်တွင် ပြီးစီးခဲ့လေသည်။

## မေလ ၃၀–ရက်နေ့

"ဆမြေလင်း" တိဗက်စခန်း၌ အရုဏ်ဆွမ်း ဆက်ကပ်ခြင်းကို ခံယူတော်မူပြီးနောက် နံနက် (၇း၃၀) နာရီအချိန် မော်တော်ယာဉ်များဖြင့် မဟာစည်သာသနာပြုအဖွဲ့က ထွက်ခွာခဲ့ကြရာ ၁၂၅–မိုင်ခန့်ဝေးသည့် "လဘက်ပူးလ်"မြို့ (Blackpool)သို့ နံနက်(၁၀း၃၀)နာရီအချိန် ရောက်ရှိတော်မူကြသည်၊ ထိုမြို့တွင် ဒေါက်တာဦးအောင်မြင့်နှင့် ဒေါ်သိန်းသိန်း တို့က ၎င်းတို့၏အိမ်၌ နေ့ဆွမ်းဆက်ကပ်ခြင်းပြုကြကြောင်း၊ ထိုမှတဖန် မွန်းလွဲ (၂း၃၀)နာရီအချိန်တွင် ထွက်ခွာတော်မူခဲ့ကြ ရာ မိုင် (၁၁၀–ခန့်) ကွာလှမ်းသည့် ဆရာတော် ဦးရေဝတဓမ္မ အမြဲသီတင်းသုံးရာဌာနဖြစ်သော အင်္ဂလန်နိုင်ငံ ဘာမင်ဂန်(မ်) (Burmingham) မြို့သို့ ဆိုက်ရောက်တော်မူလေသည်၊ ဆိုက်ရောက်သည့် ညနေ ၅–နာရီအချိန်တွင် မိုးသဲသဲမဲမဲရွာသွန်း လျက်ရှိကြောင်း။ ည ၈–နာရီအချိန်၌ ဆရာတော်ဘုရားကြီးက ဘာမင်ဂန်(မ်) မြို့တော်ခမ်းမသို့ ကြွရောက်၍ သတိပဋ္ဌာန် တရားတော်ကို အကျဉ်းချုပ် ဟောကြားတော်မူပါသည်။ ဆရာတော် ဦးဇနက–က ဘာသာပြန်ပါသည်၊ တရားနာသည့်ပရိသတ် (၁၀၀)ခန့်ရှိ၍ မြန်မာ, အိန္ဒိယ, အင်္ဂလိပ်များ ဖြစ်ကြသည်။ ည (၁၀း၃၀) နာရီခန့်တွင် ဘာမင်ဂန်(မ်)မြို့ ပတ်ဝန်းကျင်အရပ် တွင် နေထိုင်ကြသည့် မြန်မာများလာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြသည်။

## မေလ ၃၁–ရက်နေ့

ဘာမင်ဂန် (မ်)ဝိဟာရ၌ အရုဏ်ဆွမ်းဘုဉ်းပေးပြီးလျှင် နေ့ဆွမ်းကိုမူ နာမည်ကျော် (Boots) ဘူးတ် (စ်) ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီမှ အရာရှိ ဦးမောင်မောင်သန်းနှင့်ဇနီး ဒေါ်ဒေသန်းတို့က ဆက်ကပ် လှူဒါန်းခဲ့ပါသည်၊ မွန်းလွဲ(၂း၄၅)နာရီ အချိန်၌ ဘာမင်ဂန်(မ်)မှ လန်ဒန်မြို့သို့ ထွက်ခွာတော်မူခဲ့ကြရာ ညနေ(၄း၄၅) နာရီခန့်တွင် ရောက်ခဲ့ကြပါသည်။ ထိုနေ့ ညဉ့်ဦးယာမ်အချိန်တွင် နောက်တနေ့ စတင်ထွက်ခွါမည့် ဥရောပ ဒေသစာရီ ခရီးစဉ်နှင့်စပ်လျဉ်း၍ အစီအစဉ်များ ညှိနှိုင်း ရေးဆွဲခြင်း ပြုခဲ့ကြလေသည်။

## ပြင်သစ်ပြည်တွင်း ပဌမ သာသနာပြုခရီး

## ဇွန်လ ၁–ရက်နေ့

ခေတ္တ သီတင်းသုံးတော်မူရာ "ဗုဒ္ဓပဒီပ" ယိုးဒယားကျောင်းတွင် နံနက်အရုဏ် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် လန်ဒန် ဟိသ်ရိုး (Heathrow) လေဆိပ်သို့ ကြွရောက်ခဲ့သည်။ လေဆိပ်မှ နံနက် (၁၀း၃၀)နာရီအချိန် ပြင်သစ် (France) ပြည်သို့ ထွက်ခွာသည့် လေယာဉ်ဖြင့် လိုက်ပါတော်မူခဲ့ကြရာ၊ လီယွန်း (Lyon)မြို့အနီးရှိ လေယာဉ်ကွင်းသို့ မွန်းလွဲ (၁း၃၀) နာရီအချိန်၌ ဆိုက်ရောက်တော်မူလေသည်၊ အဆိုပါလေဆိပ်သို့ "တူနွန်"ခေါ် (Tournon) မြို့ရှိ ဗောဓိဉာဏာရာမကျောင်း (Wat Bodhinyanarama)မှ ဒါယကာ၊ ဒါယိကာမများက အသင့်လာရောက် ကြိုဆိုလျက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား "တူနွန်"ကျောင်းသို့ ပင့်ဆောင်ခဲ့ကြကြောင်း၊ "တူနွန်"မြို့နှင့် လေဆိပ်၏ အကွာအဝေးမှာ မိုင် (၇၀)ခန့်ရှိသော်လည်း သွားရာ ကားလမ်း ကျဉ်းမြောင်းသဖြင့် ညနေ (၄း၂၀)နာရီမှ တူနွန်သို့ ရောက်တော်မူလေသည်။

## ဇွန်လ ၂–ရက်နေ့

နံနက် (၉း၃၀)နာရီအချိန် ပြင်သစ်လူမျိုး ၁၃–ဦးတို့၏ အနာဂါရိက (ဖိုးသူတော်) ဝတ်ပွဲကို ကျင်းပခြင်းပြုသည်။ ၎င်းပုဂ္ဂိုလ်များက ဆရာတော်ဘုရားကြီးထံမှ (၈)ပါးသီလကို တဖန် ခံယူတော်မူကြသည်။ နေ့ဆွမ်းအတွက် ကျောင်းပရိဝုဏ် အတွင်းသို့ မဟာစည်အဖွဲ့ဝင်များက ဆွမ်းခံထွက်တော်မူခဲ့ပြီးမှ ဆွမ်းဘုဉ်းပေးတော်မူကြပေသည်၊ ထိုနေ့ညနေ (၃း၃၀)နာရီ အချိန်၌ ဆရာတော်ဘုရားကြီးက အင်္ဂလိပ်ဘာသာဖြင့် အလုပ်ပေး တရားတော်ကို ဟောကြားတော်မူခဲ့သည်။ တရားပွဲတွင် ပရိသတ် (၆၀)ခန့်ရှိပြီး ပြင်သစ်နှင့် လာအို (လော) လူမျိုးများဖြစ်ကြကြောင်း။ ဟောကြားတော်မူသော တရားတော်ကို ဗောဓိဉာဏာရာမကျောင်းမှ လာအိုဘုန်းတော်ကြီး "ဉာဏဓာရော"က ပြင်သစ်ဘာသာဖြင့် ပြန်ဆိုတော်မူသည်၊ ထိုကျောင်း၏ တည်နေရာမှာ မြို့၏အစွန် တောင်ကုန်းပေါ်၌ဖြစ်၍ သစ်ပင်ကြီးငယ်တို့ဖြင့် အုံ့အုံ့ဆိုင်းဆိုင်း တောရကျောင်းသဖွယ် ဆိတ်ငြိမ် လှပေသည်။ ကျောင်းတွင် သီတင်းသုံးတော်မူသော ရဟန်းတပါးသာ ရှိပြီးလျှင် စနေနှင့် တနင်္ဂနွေနေ့များ၌ အနီးတဝိုက်ရှိ ပြင်သစ်နှင့် လာအိုလူမျိုးများ လာရောက် တရားအားထုတ်ကြကုန်သည်။ တနေ့လျှင် ပျမ်းမျှအားဖြင့် ယောဂီပရိသတ် ၂၀–ခန့် ရှိလေသည်၊ ည (၈)နာရီတွင် ဆရာတော် ဦးဇနက–က ဝိပဿနာတရားဟောကြားပါသည်။

## ဇွန်လ ၃–ရက်နေ့

တူနွန်မြို့၌ပင် သီတင်းသုံးတော်မူလျက်ရှိသည်။ တူနွန်မြို့၏ အနေအထားမှာ တောင်စဉ်အထပ်ထပ် ဝန်းရံပတ်လျက် ရှိရကား၊ ရာသီအလိုက် စိုက်ပျိုးထားသော သီးနှံခင်းများဖြင့် မြို့၏ပတ်ဝန်းကျင်မြင်ကွင်းမှာ သဘာဝအလှကို ပန်းချီခြယ်သ ထားသကဲ့သို့ ရှိပေသည်၊ မြေညီထုအရပ်၌ ကောက်ပဲသီးနှံနှင့် ပြောင်းပင်များ စိုက်ပျိုးကြ၍ သဖြစ်သီးနှင့် ချယ်ရီသီးများ လည်းပေါများကြောင်း။ နံနက် (၁၀)နာရီအချိန်တွင် လာအိုနှင့် ဗီယက်နမ်အမျိုးသား(၈၀)ခန့် လာရောက်၍ ဆရာတော်ဘုရား ကြီးအား လှူဘွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် ကပ်လှူပူဇော်၍ နေ့ဆွမ်းဆက်ကပ်ကြကြောင်း၊ ကျောင်းတော်မှာ ပင်လယ်ရေပြင်မှ မီတာ ၃၀၀–ခန့်မြင့်သည့် ကုန်းမြေမြင့်ပေါ်တွင် တည်နေခြင်းကြောင့် ဥတုအနေဖြင့် မျှတပေသည်။ ထိုနေ့ညနေ (၃း၃၀)နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးက ယောဂီပရိသတ်တို့အား ချမ်းသာရေး တရားတော် (The way to Happiness)ကို ဟောကြား၍ လာအို (လော) ဘုန်းကြီးက ပြင်သစ်စကားဖြင့် ပြန်ဆိုတော်မူသည်။

## ဆွစ်ဇာလန်ခရီးနှင့် ခရီးနှင့် မောင့်(တ်)ဆိုလေး ၁၀–ရက် စခန်း

### ဇွန်လ ၄–ရက်နေ့

နံနက်(၆း၃၀)နာရီအချိန် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် တူနွန်(Tournon)မှ ဆွစ်ဇာလန်ပြည်သို့ ရှေ့ရှုလျက် ကီလိုမီတာ ၂၀–ခန့် ဝေးသော ဗားလင့်စ်(Valance)မြို့သို့ နံနက် (၈း၂၀)နာရီအချိန်၌ မော်တော်ယာဉ် ခရီးဖြင့်ထွက်ခွာတော်မူခဲ့ပေသည်၊ ထိုမြို့သို့ နံနက်ခင်း ၉–နာရီခန့်တွင် ရောက်တော်မူပြီး၊ တဆင့် မီးရထားဖြင့် ကင်ဗာရီမြို့သို့ ခရီးဆန့်ကြရသည်။ တဖန် ကင်ဗာရီမှ နေ့(၁၂း၁၅)နာရီတွင် ဆက်လက်၍ စီးနင်းလိုက်ပါခဲ့ကြရာ ရထားမှာ ကွေ့တချီကောက်တလှည့်နှင်းမြူဆောင်းသည့် တောင်တန်း အသွယ်သွယ်ကိုပတ်လျက် ဂျနီဗာ (Geneva)မြို့သို့ နေ့(၁း၃၅)နာရီအချိန် ဆိုက်ရောက်ခဲ့ပါသည်။ ဘူတာရုံမှ တနာရီခန့်အချိန်အတွင်းမှာပင် ရထားပြောင်းစီးခြင်းပြု၍ ခရီးတတန်ဆက်ခဲ့ကြရာ "ဘီယန်"မြို့သို့ ညနေ(၄း၁၅)နာရီအချိန်၌ ရောက်ခဲ့လေသည်။ ထိုမှတဆင့် ရထားပြောင်းလဲ စီးနင်းလိုက်ပါလာခဲ့ကြပြန်ရာ "စိန့်အီမီယာ"သို့ (၄း၅၀) နာရီအချိန်တွင် ဆိုက်ရောက်ခဲ့ကြရသည်။ ယင်းဘူတာရုံ၌ ဒေါက်တာ မီရ်ကိုဖရီဗာ (Dr. Mirko Freba)နှင့် ဦးသိန်းအောင်နှင့် မိသားစု(မြန်မာသံမှူး)နှင့်အခြား မြန်မာမိသားစုများ လာရောက်ကြိုဆိုလျက် ရှိကြပေသည်။

ထိုဒေသတွင် ဆွစ်ဇာလန်ပြည်၏ သဘာဝရှုမျှော်ခင်းဖြစ်သည့် တောင်အဆင့်ဆင့်နှင့် ကုန်းမြင့်မြင့်များ ပေါကြွယ်လှသည်။ စိန့်အီမီယာဘူတာနှင့် မနီးမဝေး မီတာ(၁၂၀၀)မြင့်မားသည့် "မောင့်တ်ဆိုလေး"(Mount Soleil)အရပ်ရှိ ဟော်တယ်ငယ်တခုတွင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က တည်းခိုကြရပါသည်။ ထိုဟော်တယ်မှာ ငယ်သည်ဟု ဆိုရသော်လည်း သုံးထပ်အဆောက်အဦးဖြစ်ပြီး၊ ဟော်တယ်တခုလုံးကို မဟာစည်သာသနာပြုအဖွဲ့အတွက် ဒကာများက ကြိုတင် ငှါးရမ်းထားခဲ့ကြပေသည်။ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က အပေါ်ဆုံးထပ်၌ သီတင်းသုံး၍၊ အလယ်ထပ်တွင်မူ အမျိုးသား ယောဂီများအား နေရာချထားခဲ့ပေသည်။ အောက်ဆုံးထပ်ကိုမူ တရားထိုင်ခြင်း၊ တရားဟောခြင်းအတွက် သတ်မှတ်ထားရှိကြောင်း၊ အမျိုးသမီး ယောဂီများအတွက် မူလက ဤဟော်တယ်၌ပင် စီစဉ်ထားသော်လည်း ဒေါက်တာ အရှင်ရေဝတဓမ္မ၏ မိန့်ကြားချက်အရ ဆရာတော်များမှာ သဟသေယျ အပြစ်ကင်းစေရန်နှင့် လဲလျောင်း၍ ချမ်းသာစွာ ကျိန်းစက်နိုင်စေရန် တာဝန်ဆောင်ပုဂ္ဂိုလ်များက ထိုအမျိုးသမီးယောဂီများကို အနီးရှိအခြားဟော်တယ်သို့ ရွှေ့ပြောင်းပေးသည်၊ ထို့ကြောင့် ထိုဌာန၌ (၇)ရက်ပတ်လုံး ချမ်းသာစွာ သီတင်းသုံးတော်မူကြရပါသည်။

ဤ "မောင့်တ်ဆိုလေး"အရပ်၌ ၁၀–ရက် စခန်းဖွင့်၍ တရားဟောကြားပြသခြင်း၊ ဘာဝနာစီးဖြန်း အားထုတ်စေခြင်းများပြုခဲ့ကြရာ၊ အမျိုးသား–အမျိုးသမီးယောဂီ စုစုပေါင်း(၃၀) တရားဝင်ကြပါသည်၊ ၎င်းတို့အားလုံးမှာ ဥရောပတိုက်သားချည်းဖြစ်ကြပြီးလျှင်၊ သရဏဂုံသုံးပါးကို ယုံမှားကင်းစွာ ဆည်းကပ်အားထားသူများ ဖြစ်ကြပေသည်။ ထိုစခန်း၌ အမေရိကန်မှ လိုက်ပါလာကြသူ ဦးလှဖေနှင့် ဒေါ်တင်လှိုင်တို့ကလည်း အခွင့်အခါမလပ်စေပဲ တရားထိုင်ခြင်း ပြုကြသည်။

### ဇွန်လ ၅–ရက်နေ့

ထိုနေ့ မိုးသောက် အချိန်မှစ၍ နံနက်ခင်း တလျောက်လုံး နှင်းများဖြင့် ညှို့မှိုင်းဖြာဝေလျက်ရှိသဖြင့် တမျိုး ကြည်နူးစရာပင်။ နံနက် (၇း၃၀)နာရီ အချိန်မှ (၉)နာရီအထိ ဦးအဂ္ဂဓမ္မသည်လည်း ယောဂီများနှင့်အတူ တရားထိုင်ခဲ့သည်။ မွန်းလွဲတွင် ယောဂီအပေါင်းက ဆက်လက်၍ ကိုယ်စီကိုယ်ငှ ဘာဝနာကမ္မဋ္ဌာန်း ဆက်လက်စီးဖြန်းခဲ့ကြောင်း။ နေ့လယ်တွင် ဦးဇနက–က တရားဟော တရားစစ်ပါသည်။ ပဇ္ဇုန်မိုးသည်လည်း ညှို့မှိုင်းကာ ရွာသွန်းလျက် ရှိချေသည်၊ ည(၇း၃၀)နာရီအချိန်မှ မိုးစဲသော်လည်း တရားသံကား မစဲသေးပေ။ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရား (ပဌမပိုင်း)ကို အင်္ဂလိပ်လို ဟောပြောတော်မူခဲ့ရာ ည (၈း၃၀)နာရီ အချိန်တွင်မှ တရားပွဲ ရုပ်သိမ်းခြင်း ပြုခဲ့လေသည်။

### ဇွန်လ ၆–ရက်နေ့

ထိုနေ့တွင်မူ အရုဏ်ဆွမ်းကို(၅)နာရီအချိန် ဘုဉ်းပေးတော်မူပြီး၊ ယောဂီများနှင့်အတူ ဦးအဂ္ဂဓမ္မပါ(၅း၄၅)နာရီမှ (၆း၁၅)နာရီအထိ တကြိမ်၊ နံနက်ပိုင်း(၇း၃၀)မှ (၈း၁၅)နာရီအထိတကြိမ် တရားထိုင်ခြင်းပြုကြ၍၊ မွန်းလွဲအချိန်တွင် ယောဂီများက ဆက်လက် တရားအားထုတ်ကြကုန်သည်၊ နေ့လယ် ၂–နာရီတွင် ဦးဇနက–က ဝိပဿနာတရား ချီးမြှင့်ပါသည်၊ ၎င်နေ့အဖို့ မိုးမရွာငြားလည်း အာကာသတခွင်ဝယ် တိမ်ခိုးတိမ်ငွေ့များဖြင့် ညှို့မှိုင်းလျက် နေရောင်ခြည် အလျဉ်းဖောက်ထွင်းနိုင်ခြင်းမရှိခဲ့ပေ။ ညနေ (၄) နာရီတွင် ဦးဇနက–က တရားစစ်ပါသည်၊ ညပိုင်းတွင် (၇း၃၀)နာရီအချိန်မှ (၈း၃၀)နာရီ အချိန်အထိ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် ဒုတိယပိုင်းကို အင်္ဂလိပ်ဘာသာစကားဖြင့် ဟောကြား ချီးမြှင့်တော်မူပေသည်။

## ဇွန်လ ၇–ရက်နေ့

ယမန်နေ့ကကဲ့သို့ပင် အရုဏ်ကျင်း လင်းရောင်ခြည် ပေါ်လာချိန်မှစ၍ ယောဂီများက မလျော့သောဇွဲလုံ့လဖြင့် တရားထိုင်ကာ ရှိကြပေသည်။ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ကမူ နံနက်(၇း၁၅)နာရီအချိန်တွင် ဦးလှဖေ၊ ဦးစိန်နှင့် မစ္စတာဖရီဗားတို့ပါ လိုက်ပါလျက် ဂျီနီဗာမြို့သို့ ကြွမြန်းတော်မူကြသည်၊ ဂျီနီဗာသို့ နံနက်(၁၀)နာရီအချိန် ဆိုက်ရောက်ပြီးလျှင် မြန်မာသံမှူး ဦးသိန်းအောင် (ယခင် ရန်ကုန်တိုင်းကောင်စီဥက္ကဋ္ဌ)၏ နေအိမ်၌ နေ့ဆွမ်း ကပ်တော်မူ၍ ဘုဉ်းပေးတော်မူကြပါသည်။ ထိုအချိန်တွင် ဂျီနီဗာသို့ ရန်ကုန်မှ ရောက်ရှိနေသော အလုပ်သမားရေးရာ ဝန်ကြီးနှင့်အဖွဲ့ဝင်များ လာရောက်ကြပြီး ကျေးဇူးရှင်မဟာစည် ဆရာတော် ဘုရားအား ဖူးမြော်ကန်တော့ကြကြောင်း။

မွန်းလွဲ(၁း၁၅)နာရီအချိန် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အဆောက်အဦများနှင့် အခြားရှုခင်းများကို ကားဖြင့် လိုက်ပါတော်မူယင်း ကြည့်ရှုတော်မူပြီးနောက် တဆက်တည်း ပြန်လည် ထွက်ခွာတော်မူခဲ့သည်။ လမ်းခရီးအကြား "မောင့်ပလဲရင်း"မြို့ရှိ တိဘက်ဘုန်းကြီးကျောင်းသို့ ခေတ္တဝင်ရောက်တော်မူသည်။ တိဘက်ဘုန်းကြီးနှင့် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာပြန့်ပွါးရေးလုပ်ငန်းကို ဆွေးနွေးသည်။ ဦးဇနက–က ဘာသာပြန်ပါသည်၊ ထိုတိဘက်ဘုန်းကြီးနှင့် အရှင်ရေဝတဓမ္မတို့မှာ အသိအကျွမ်းများဖြစ်၍ တဦးနှင့်တဦး နှုတ်ခွန်းဆက်စကား ပြောကြားတော်မူကြသည်။ ၎င်းကျောင်း၌ တိဘက်လားမား(Lama) ၂–ဦး၊ ဥရောပတိုက်သား လားမား ၁၆–ဦးနှင့် တရား အားထုတ်ဆဲ ဥရောပတိုက်သား ယောဂီ ၆၀–ခန့်ရှိကြောင်းကို သိခဲ့ရသည်။ ထိုဒေသမှ ဆက်လက်၍ ထွက်ခွာခဲ့ကြရာ "မောင့်(တ်)ဆိုလေး"သို့ ည(၈း၁၅)နာရီအချိန်၌ ဆိုက်ရောက်တော်မူကြပါသည်၊ ရာသီမှာ အသွားအပြန်ခရီးလမ်းတွင် မိုးမစဲ ဖွဲဖွဲမျှ ရွာသော်လည်း သာယာလျက် ရှိသဖြင့် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ခရီးပမ်းနွမ်းနယ်ခြင်း မရှိခဲ့ကြပေ။

## ဇွန်လ ၈–ရက်နေ့

"မောင့်(တ်)ဆိုလေး"တွင် အခါတိုင်းကဲ့သို့ နံနက်စောစော အချိန်မှ ညနေတိုင်း အချိန်သတ်မှတ်ထားချက်နှင့်အညီ ယောဂီများက တရားထိုင်ကြ၊ ပွါးများကြပေသည်။ ညပိုင်း (၇း၃၀)နာရီမှ (၈း၃၀)နာရီအချိန်အထိ ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော်ကို အင်္ဂလိပ်လို ဟောကြားတော်မူပါသည်၊ ရာသီ၏အခြေအနေမှာ ကောင်းလျက်ပင်။

ဤ (၁၀)ရက်စခန်း ဌာနတွင် နေ့စဉ်ရက်ဆက် ဆရာတော်ဘုရားကြီးအား ယောဂီများက အလှည့်ကျ ဖူးမြော်၍ ရှင်းလင်းစွာ သိလိုသည့် တရားပုစ္ဆာမေးခွန်းများကို လျှောက်ထားကြရာ အရှင်ရေဝတဓမ္မ–က ဘာသာပြန်ဆိုတော်မူပေသည်။ ဆရာတော် ဦးဇနက–ကမူ, ယောဂီများအား နေ့စဉ် ၂–နာရီတွင် တရားဟောပြီးနောက် တရားစစ်တော်မူပါသည်။

## ဇွန်လ ၉–ရက်နေ့

ထိုနေ့ နံနက်စောစောပိုင်းတွင် ဦးအဂ္ဂဓမ္မသည် အခါတိုင်းကဲ့သို့ ယောဂီများနှင့်အတူ တရားထိုင်ခဲ့ပေသည်၊ ထိုနေ့မှာ စခန်းသိမ်းနေ့ဖြစ်သဖြင့် ယောဂီများစုပေါင်း၍ ကျောင်းသင်္ခမ်း တဆောင်လုံးတွင် သန့်ရှင်းရေး လုပ်ငန်းအဝဝကို တက်တက်ကြွကြွ လုပ်ဆောင်ကြကုန်သည်။ ထို့နောက် နံနက် (၉)နာရီအချိန်၌ သံဃာတော်များနှင့်တကွ ယောဂီများ တပေါင်းတည်းစု၍ အမှတ်တရ ဓာတ်ပုံရိုက်ယူကြပါသည်။

ဤသို့ ပြုလုပ်ဘွယ်ရာ ဝေယျာဝစ္စအဖြာဖြာကို စေတနာမွန်ဖြင့် ဆောင်ရွက်ပြီးသည့်နောက် တည်းခိုရာဟော်တယ် (ကျောင်း)မှ အနီးရှိ "စပို့" ဟော်တယ်သို့ ရွှေ့ပြောင်းခဲ့ကြသည်။ "စပို့" ဟော်တယ်၌ ဘန်း (Berne) မြို့မှ လာရောက်သည့် ဓမ္မအဖွဲ့က သံဃာကုန် ယောဂီကုန်ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကျွေးမွေးကြပါသည်၊ မွန်းလွဲ (၂း၃၀)နာရီအချိန် "စိန့်အီမီယန်" ဘူတာရုံသို့ ထွက်ခွါတော်မူခဲ့ကြရာ အမေရိကန်မှ လာရောက်သူ ဦးစိန်နှင့်ဂျီနီဗာမှ ဦးသိန်းဖေတို့လည်း အတူလိုက်ပါကြသည်။ မစ္စတာ မိရ်ကိုဖရီဗားလည်း လိုက်ပါလျက်ပင်။ စိန်အီမီယန်ဘူတာမှ မွန်းလွဲ (၂း၃၀)နာရီထွက်ရထားကို စီးနင်းလိုက်ပါတော်မူခဲ့ကြရာ "ဘိယန်"ဘူတာသို့ (၃း၀၅)နာရီအချိန် ဆိုက်ရောက်ခဲ့ပါသည်။ ထိုဘူတာ၌ ရထားတဆင့် ပြောင်းစီးတော်မူကြပြီး၊ ဇူးရစ်(Zurich) သို့ (၄း၄၅)နာရီအချိန်၌ ရောက်ခဲ့လေသည်။ ထိုမှတဖန် ရထားပြောင်းလဲ စီးနင်း၍ ထွက်ခွာခဲ့ကြပြန်ရာ "ဂိုသန်"ဘူတာသို့ (၆း၀၅)နာရီ အချိန်တွင် ဆိုက်ရောက်လာပါသည်။ ထိုဘူတာရုံမှ အသင့်စောင့်ကြိုနေကြသည့် မစ္စတာ ကေအိုအွန်ကင်နှင့် ဇနီးတို့က ကားဖြင့် တဆင့် ပင့်ဆောင်၍ ၁၂–ကီလိုမီတာဝေးကွာသော "ဒီကင်" မြို့ငယ်ကလေးသို့ ညနေ(၆း၃၀)နာရီအချိန်၌ ရောက်ခဲ့လေသည်။ ထိုမြို့ကလေးမှာ တောင်ပေါ်၌ တည်ရှိပြီး နွားတိရစ္ဆာန် မွေးမြူရေးဖြင့် အသက်မွေးဝမ်းကြောင်း ပြုသူအများ နေထိုင်ကြပါသည်။ ထိုအရပ်ဒေသရှိ ကမ္မဋ္ဌာန်းရိပ်သာမှာ လွန်စွာသပ်ရပ်ကောင်းမွန်သော သုံးထပ်အဆောက်အဦးဖြစ်ပြီး ဆရာတော်ဘုရားကြီးနှင့် ရဟန်းတော်များက အပေါ်ဆုံးထပ်တွင် သီတင်းသုံးတော်မူကာ အလယ်ထပ်အခန်းတခန်း၌ ကပ္ပိယဦးမြသိန်းအား နေရာချထားခြင်းပြုပါသည်။ ထိုအလယ်ထပ်တွင် ထမင်းစားခန်း၊ စာကြည့်

ခန်းစသည်တို့လည်း ရှိပါသည်။ မြေညီထပ်တွင်မူ အခန်းအတော်များများရှိသဖြင့် အဖွဲ့နှင့်အတူ လိုက်ပါလာကြသူ ဦးသိန်းဖေ၊ ဦးစိန်နှင့် ဦးရေဝတခမ္မ၏ ကပ္ပိယ "မိုင်ကယ်"တို့ နေထိုင်ကြပါကြောင်း၊ "ဒီကင်" မြို့ရွာကလေး၏ ရာသီမှာ ပူနွေးလျက် ရှိပါသည်။

## ဇွန်လ ၁၀–ရက်နေ့

ထိုနေ့အတွက်ဆွမ်းကို နံနက်(၅း၃၀)နာရီအချိန်၌ ဘုဉ်းပေးတော်မူကြပါသည်။ နံနက်(၁၀း၃၀)နာရီအချိန်တွင် အနီးပတ်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ ၂၀–ခန့် လာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြပါသည်။ မစ္စတာ အွန်ကင်က ပရိသတ်ကိုယ်စား ဆရာတော်ဘုရားကြီးအား မိတ်ဆက်သည့်အနေနှင့် နှုတ်ခွန်းဆက်စကားပြောကြားပြီးလျှင် ဆရာတော်ဘုရားကြီးက သရဏဂုံနှင့် ငါးပါးသီလကို ပေးတော်မူကာ အနည်းငယ်ကြာမျှ တရားဟောကြားတော်မူပေသည်။ (၁၁း၃၀)နာရီအချိန်၌ အဆိုပါ ဒကာ ဒကာမများ ဆက်ကပ်ကြသည့် နေ့ဆွမ်းကို ဘုဉ်းပေးတော်မူပါသည်။ မွန်းလွဲ(၂း၃၀)နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးက ပရိသတ်အား သတိပဋ္ဌာန် အလုပ်ပေးတရားတော်ကို အကျဉ်းချုံးဟောကြားတော်မူပြီး၍ ဦးဇနက–က ဘာသာပြန်ဆိုတော်မူသည်။ ထို့နောက် ၁၅–မိနစ် တရားထိုင်စေပြီးလျှင် ရေစက်ချ အမျှပေးဝေခြင်းကို ပြုပါသည်။ ညနေ(၄)နာရီ၌ တရားပွဲသိမ်းပြီးလျှင် နံနက်ခင်းက ရိပ်သာသို့ ရောက်ရှိလာသော မစ္စတာ မီရ်ကို ဖရီဗားက ဦးရေဝတခမ္မနှင့်အတူ အီတလီပြည်ဝင်ခွင့်ဗီဇာယူရန်အတွက် "ဘန်း" (Berne)သို့ သွားခဲ့ကြရသည်။ ဒကာ ဦးသိန်းဖေကမူ ဂျီနီဗားသို့ ပြန်လည်သွားခဲ့သည်၊ ည(၉း၃၀)နာရီမှပင် နေဝန်းကွယ်ပျောက်၍ အမှောင်သို့ရောက်ခဲ့ပါသည်။

## ဇွန်လ ၁၁–ရက်နေ့

ထိုနေ့နံနက်(၂း၃၀) နာရီအချိန်တွင် တိမ်လွှာမြူနှင်း ကင်းစင်၍ အလင်းရောင်ခြည် ဖြာလျက်ရှိသည်။ အရုဏ်ဆွမ်းကိုမူ နံနက်(၅း၃၀)နာရီအချိန်မှပင် ဒေသအလိုက် အနောက်တိုင်းသားတို့၏ စားသုံးသောဓလေ့နှင့်အညီ လဘက်ရည်, ကိတ်မုန့်, ထောပတ်, အုတ်စ် (Oats)နှင့် ပေါင်မုန့်များဖြင့် အထွတ်အမြတ် ဆက်ကပ်လှူဒါန်းကြသည်။ နံနက် (၇း၃၀) အချိန်၌ ဆရာတော်ဘုရားကြီးက "စင်တီ" တောင်ထိပ်သို့ ဓာတ်ရထားဖြင့် ကြွမြန်းတော်မူခဲ့ပါသည်။ ထိုနေရာသို့ရောက်အောင် ခေတ္တတည်းခိုသီတင်းသုံးရာကျောင်းမှ ကီလိုမီတာ(၃၀)ခန့် ကားဖြင့် သွားရောက်ခဲ့ရကြောင်း၊ နေ့ဆွမ်းအမီ ရိပ်သာကျောင်းတော်သို့ ပြန်လည် ကြွရောက်တော်မူပြီး (၁၁း၃၀)နာရီအချိန်၌ သက်သတ်လွတ် နေ့ဆွမ်း လှူဒါန်းခြင်းကို ခံယူဘုဉ်းပေးတော်မူသည်။ ထိုနေ့ နံနက်ပိုင်းတွင်နေသာလျက် မွန်းလွဲအချိန် အုံ့မှိုင်းကာရှိနေပေမင့် ညပိုင်းတွင်မူ အာကာသတခွင် ကြည်ကြည်လင်လင် ကြယ်, လ, များကိုပင် မြင်တွေ့ရပေသည်။

## ဇွန်လ ၁၂–ရက်နေ့

အရုဏ်အချိန် လွန်မြောက်ပြီးသည့်နောက် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် နံနက်(၈း၅၅)နာရီအချိန်တွင် ဇူးရစ်မြို့သို့ "ဒီကင်"မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာတော်မူခဲ့ကြသည်။ ဆရာတော်ဘုရားကြီးနှင့်အတူ ဦးဇနက, ဦးအဂ္ဂဓမ္မနှင့် မစ္စတာအိုကင်က ကားတစီးဖြင့်၎င်း, မစ္စတာမာတင်, မိုင်ကယ်နှင့် ဦးမြသိန်းတို့က အခြားကားတစီးဖြင့်၎င်း၊ စီးနင်းလိုက်ပါခဲ့ကြရာ "ဇူးရစ်" (Zurich)မြို့သို့ နံနက် (၉း၅၀)နာရီအချိန် ဆိုက်ရောက်ခဲ့ကြကြောင်း။ ဇူးရစ်တွင် "ဇူးရစ်ဘတ်"အမည်ရှိ ဟော်တယ်၌ ခေတ္တတည်းခိုပါသည်။ နံနက် (၁၁း၅၀)နာရီအချိန် ဆွမ်းစားအချိန်မီ ဦးရေဝတခမ္မနှင့် မီရ်ကိုတို့လည်း ပြန်ရောက်လာခဲ့ကြပေသည်၊ ထိုအချိန်၌ ဇူးရစ်တက္ကသိုလ်မှ ပါမောက္ခ "ဟန်ကင်"က ဆရာတော်ဘုရားကြီးက လာရောက်၍ ဖူးမြော်ကန်တော့ပါသည်။ မွန်းလွဲ(၂)နာရီအချိန်၌ မြို့တွင်းသို့ ကြွမြန်းတော်မူကာ ဒေသန္တရဗဟုသုတအဖြစ် ကြည့်ရှုတော်မူပြီးနောက် ညနေ ၅–နာရီအချိန်တွင် ပြန်လည် ရောက်ရှိခဲ့ပါသည်။ ထိုနေ့ည(၇)နာရီအချိန်၌ ပါမောက္ခဟန်ကင် ထပ်မံလာရောက်၍ ဇူးရစ်တက္ကသိုလ်သို့ ကြွရောက်ချီးမြှင့်ပါရန် လျှောက်ထားပင့်ဖိတ်သဖြင့် ဆရာတော်ဘုရားကြီးက လိုက်လျောတော်မူခဲ့ပါသည်၊ အဆိုပါတက္ကသိုလ်တွင် တရားနာပရိသတ် ၁၅၀–ယောက်ခန့်ရှိနေပြီး ပါမောက္ခဟန်ကင်က ဦးစွာမိတ်ဆက်စကား အနည်းငယ်ပြောကြားပါသည်၊ ထို့နောက် ဆရာတော်ဘုရားကြီးက သရဏဂုံနှင့်တကွ ငါးပါးသီလကို ပေးတော်မူပြီး သတိပဋ္ဌာန်တရားတော် အကျဉ်းချုပ်ကို ဟောကြားချီးမြှင့်တော်မူလေသည်၊ ဟောကြားသည့် တရားတော်ကို ဦးဇနက–က အင်္ဂလိပ်ဘာသာပြန်ဆို၍ မစ္စတာ မီရ်ကိုက ဂျာမန်စကားဖြင့် ပြန်ကြားပေးပါသည်။ ဘာသာနှစ်ဆင့်ပြန်ရ၍ အချိန်ကြာသဖြင့် (၁၅)မိနစ်လောက်သာ ဆရာတော်ဘုရားကြီး ချီးမြှင့်၍ ဦးဇနကကို ဆက်လက်ဟောစေပါသည်၊ ပရိသတ်အပေါင်းက ဆက်လက်၍(၁၅)မိနစ်ခန့် တရားထိုင်ပြီးမှ တရားပွဲကို ရုပ်သိမ်းသည့်အခါ အချိန်မှာ ည(၉း၃၀)နာရီထိုးခဲ့ပြီး ဖြစ်လေပြီ။

## အီတလီနိုင်ငံ (Italy) သို့ ကြွမြန်းတော်မူခြင်း

### ဇွန်လ ၁၃–ရက်နေ့

ထိုနေ့နံနက် အရုဏ်ဆွမ်း ဘုဉ်းတော်မူပြီးနောက် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့တို့က လေဆိပ်သို့ ဆင်းတော်မူကြသည်။ မီရိုကို, မာကင်နှင့် မိုက်ကယ်တို့က လိုက်လံပို့ခဲ့ကြကြောင်း။ လေဆိပ်တွင် စစ်တောင်းစက္ကူစက်မှ ကိုသိန်းဝင်းနှင့် ကိုထွန်းအောင်တို့အား တွေ့ဆုံခဲ့သေးသဖြင့် ဆရာတော်ဘုရားအား ကုသိုလ်ထူး၍ ကန်တော့ခွင့်ရခဲ့ကြပေသည်။ နံနက် (၇း၃၀)နာရီအချိန် ရောမ(Rome)အနီး "ဖြူမီချီးနိုး" လေဆိပ်သို့ လေယာဉ်ဖြင့်လိုက်ပါခဲ့ရာ ထိုလေဆိပ်သို့ (၈း၄၀)နာရီအချိန် ဆိုက်ရောက်ခဲ့လေသည်။ လေဆိပ်တွင် အီတလီပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်လေး၊ ဒုတိယအတွင်းဝန် ဦးညဏ်လင်းနှင့် အီတလီမှ ယောဂီ"မော်ရို"တို့က လာရောက် ကြိုဆိုလျက်ရှိကြသည်။ ထိုမှတဆင့် ဂျီနိုမြို့ငယ်ရှိ "ဂါမိုဂလီယို" ခေါ်ကမ္မဋ္ဌာန်းဌာနသို့ ကားဖြင့်လိုက်ပါခဲ့ကြရာ နံနက်(၁၀း၄၅) နာရီအချိန် ရောက်ခဲ့ကြောင်း၊ နေ့ဆွမ်းကို (၁၁း၁၅)နာရီအချိန်၌ ဆက်ကပ်ကြရာ ချို, ချဉ်, ရသာ မုန့်စုံစွာနှင့် သစ်သီးအမျိုးမျိုးဖြင့် ဖွယ်ရာလှသည်။ နေ့ပိုင်းတွင် မိုးလေဝသအခြေအနေမှာ သာသာယာယာရှိလျက် ညနေတွင် မိုး အနည်းငယ်ရွာသွန်းခဲ့သည်၊ ည(၇)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် ပဌမပိုင်းကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူ၍ မစ္စတာ မော်ရိုက အီတလီလို ဘာသာပြန်အဖြစ် ဆောင်ရွက်ခဲ့သည်၊ ပြင်သစ်နှင့် အီတလီလူမျိုး ပရိသတ်ပေါင်း (၂၀)ခန့်ရှိပြီး အမေရိကန်မှ ဦးစိန်လည်း တရားနာရန်လာရောက်လျက်ရှိပေသည်၊ ည (၈)နာရီတွင် တရားပွဲ ရုပ်သိမ်းခဲ့ကြောင်း။

### ဇွန်လ ၁၄–ရက်နေ့

အခါတိုင်းကဲ့သို့ပင် နံနက် (၅း၃၀)နာရီအချိန်၌ အရုဏ်ဆွမ်း ကပ်လှူသူတို့လည်း မနည်းပေ။ (၉)နာရီမှ (၁၁)နာရီအတွင်း တရားအားထုတ်သူ ယောဂီများအား ဆရာတော် ဦးဇနက–က တရားပေးခြင်းနှင့် တရားစစ်ဆေးခြင်းများ ပြုတော်မူပါသည်။ နေ့ဆွမ်းကိုမူ သံအမတ်ကြီး ဦးခင်မောင်လေးနှင့် အိမ်သူအိမ်သားများ၊ သံရုံးအဖွဲ့ဝင် ဇနီးမောင်နှံများ၊ (FAO) စားနပ်ရိက္ခာအဖွဲ့မှ ဦးထွန်းရင်နှင့်ဇနီး၊ ဦးထွန်းမြတ်နှင့်ဇနီးတို့က လာရောက်ကြပြီးလျှင် သဒ္ဓါတရားထက်မြက်စွာဖြင့် လှူဒါန်းဆက်ကပ်ခြင်း ပြုကြပါသည်။ ဆရာတော်ဘုရားကြီးက သရဏဂုံနှင့် (၅)ပါးသီလပေးတော်မူပြီး ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူကာ ရေစက်ချ ချီးမြှင့်တော်မူပါသည်။ ထို့နောက် ဦးရေဝတမ္ဗနှင့် ဦးဇနကနှစ်ပါးတို့က ရောမမြို့သို့ ထွက်ခွါတော်မူခဲ့ကြပါသည်။ ည (၇း၃၀)နာရီအချိန်၌ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် ဒုတိယပိုင်းကို အင်္ဂလိပ်လို ဟောကြားတော်မူ၍ မစ္စတာ မော်ရိုက အီတလီဘာသာရပ်စကားဖြင့် ပြန်ဆိုပါသည်။ တရားသိမ်းသည့်အခါ အချိန်မှာ ည (၈း၃၀)နာရီဖြစ်ပါသည်။

### ဇွန်လ ၁၅–ရက်နေ့

ထိုနေ့တွင် နေ့ဆွမ်းဘုဉ်းပေးတော် မူပြီးနောက်၊ နေ့ (၁)နာရီအချိန်၌ မြန်မာသံရုံး ဝန်ထမ်းအချို့နှင့် မစ္စတာမော်ရိုတို့ပါ အတူတကွ မော်တော်ယာဉ်များဖြင့် ၉–ကီလိုမီတာခန့်ဝေးသော မြန်မာနိုင်ငံတော်သံရုံးသို့ ကြွမြန်းတော်မူခဲ့ကြရာ နေ့(၂)နာရီကျော်တွင် ရောက်ခဲ့ပေသည်။ ထိုနေ့ မွန်းလွဲ (၃)နာရီအချိန်တွင် ပုတ်ရဟန်းမင်းကြီးကျောင်းနှင့် အခြားကြည့်ရှုဘွယ်ရာနေရာများသို့ သွားရောက်လှည့်လည် ကြည့်ရှုတော်မူပြီးလျှင် ညနေ(၅)နာရီအချိန်၌ "ရိပိရာဇာကပ်လိုရီ"ရှိ မြန်မာ–အီတလီ ယဉ်ကျေးမှုသဘင်သို့ ကြွတော်မူခဲ့၍ ပါမောက္ခ ရင်ဇိုကာမစ်နာရီက ပရိသတ်များနှင့် မိတ်ဆက်ပေးပြီးလျှင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်သမိုင်းကို စလိုက် (Slide)ကားများဖြင့် ထိုးပြကာ ရှင်းလင်းပြောကြားသွားပါသည်၊ ထို့နောက် ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော်ကို အင်္ဂလိပ်ဘာသာ စကားဖြင့် ဟောကြား၍ ဒီဂျီပနယ်လီက အီတလီဘာသာပြန်အဖြစ် ဆောင်ရွက်ခဲ့လေသည်။ တရားသိမ်းသည့် ည(၇)နာရီအချိန်တွင် တည်းခိုရာ "မွန်တီကာလို" ဟော်တယ်သို့ ပြန်လည်ကြွရောက်ခဲ့ကြပေသည်။

## အင်္ဂလန်သို့ ပြန်လည် ကြွချီတော်မူခြင်း
## လန်ဒန်နှင့် ယောဂီများ၏ စေတနာမွန်

### ဇွန်လ ၁၆–ရက်နေ့

တည်းခိုသည့် "မွန်တီကာလို" ဟော်တယ် (Monte Carlo Hotel)မှ နံနက်(၅)နာရီအချိန်တွင် သံအမတ်ကြီး ဦးခင်မောင်လေးနှင့် ဦးဉာဏ်လင်း၊ ထို့ပြင် မစ္စတာမော်ရိုတို့က ကိုယ်စီကားများဖြင့် ဆရာတော်ဘုရားကြီးအား လာရောက်ပင့်ဆောင်ကာ "စီရမ်ပီနို" (Ciampino) လေဆိပ်သို့ ပို့ခဲ့ကြသည်၊ လေဆိပ်သို့ မိနစ် ၄၀–ခန့်အတွင်း ရောက်ရှိရာ (FAO) မှ ဦးထွန်းရင်နှင့်ဇနီးတို့ကလည်း လာရောက်၍ နှုတ်ဆက်ကန်တော့ကြပါသည်။ ရောမမြို့၌ ခေတ္တနေထိုင်စဉ်အတွင်း ဟော်တယ်တွင် တည်းခိုစရိတ် ကုန်ကျသမျှကို၊ လော့စ်အိန်ဂျယ်(လ်)လိ(စ်)မှ လာရောက်ခဲ့သော ဦးစိန်က သဒ္ဓါပွါးလျက် လှူဒါန်းခြင်းပြုသဖြင့် သာဓု ခေါ်ဆိုရပေသည်။ လေယာဉ်သည်လည်း နံနက် (၇း၄၅)နာရီအချိန် ထွက်ခွာခဲ့ရာ ရာသီကောင်းလျက် လန်ဒန် (Yatwich) လေဆိပ်သို့ နံနက် (၉း၅၀)နာရီအချိန်၌ ရောက်ခဲ့သည်။ လန်ဒန်လေဆိပ်တွင် လန်ဒန် တိုင်းသတင်းစာတိုက်မှ ဦးစိန်ထွန်းအောင်နှင့်အတူ ဦးရေဝတဓမ္မနှင့် ကပ္ပိယ မစ္စတာ မွန်ရို့တို့ အသင့်စောင့်ကြိုလျက် လေဆိပ်မှ ဆရာတော်ဘုရားကြီးအား ပင့်ဆောင်လာခဲ့ကြရာ ဦးစိန်ထွန်းအောင်၏ နေအိမ်သို့ (၁၁း၅၀)နာရီအချိန် ဆိုက်ရောက်ခဲ့ပါသည်။ ဦးစိန်ထွန်းအောင်နှင့် ဇနီး ဒေါ်လှလှတို့က ဝတ္ထုငွေများကို ဆရာတော်ဘုရားကြီး၏ နဝကမ္မအား လှူဒါန်းခဲ့သဖြင့် အဝဝကောင်းမှုကုသိုလ်အဖို့ကို ရေစက်သွန်းချ တရားအနုမောဒနာ ပြုတော်မူခဲ့ကြောင်း။ မွန်းလွဲပိုင်းတွင် လန်ဒန်မြို့ ယိုးဒယားကျောင်းသို့ ကြွရောက်တော်မူခဲ့ပြီးနောက် ည(၇း၃၀)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက တရားအနည်းငယ်ဟောပြောခဲ့ပါသည်။ ဆက်လက်၍ ဆရာတော် ဦးဇနက–က အလုပ်ပေးတရားတော်ကို ယောဂီပရိသတ် မြန်မာ(၁၅)ယောက်တို့အား ဟောကြားတော်မူပြီး တရားထိုင်ခြင်း ပြုစေပါသည်။

## ရှင်ပြု ရဟန်းခံ ဆောင်ရွက်ပေးတော်မူခြင်း

### ဇွန်လ ၁၇–ရက်နေ့

ထိုနေ့ အရုဏ်ဆွမ်းအလှူရှင်မှာ လန်ဒန်မြို့နေ ဦးလေးမောင်နှင့်ဒေါ်အုန်းမြင့်တို့ ဖြစ်ပါသည်။ နေ့ဆွမ်းကိုမူ ဒေါက်တာဦးလှမြင့်နှင့် ဇနီး ဒေါက်တာ ဒေါ်သိန်းမြင့်တို့က ကပ်လှူကြပါသည်၊ ထိုနေ့ နေ့လည်ပိုင်း၌ ဒုလ္လဘရဟန်းခံမည့်သူ ၄–ဦးအတွက် ပြင်ဆင်မှုများပြုလုပ်ကြပြီးလျှင် ဆရာတော်ဘုရားနှင့် ယိုးဒယားဘုန်းကြီးများ စုစုပေါင်း ပင့်သံဃာ (၁၀)ပါးတို့ဖြင့် ရဟန်းအဖြစ် မချီးမြှင့်မီ ဦးရေဝတဓမ္မ–က ပဗ္ဗဇ္ဇရှင်သာမဏေအဖြစ် ပြုပေးတော်မူသည်။ ရဟန်းခံပွဲ ပြီးဆုံးသည့်နောက် ရေစက်ချ အနုမောဒနာတရားတော်ကို ဆရာတော်ဘုရားကြီးက ဟောကြားတော်မူပြီး ညနေ ၄–နာရီမှစ၍ တနာရီခန့် ဆရာတော် ဦးဇနက–က အလုပ်ပေးတရားတော် ဟောပြောပါသည်။ ထို့နောက် နာရီဝက်ခန့်မျှ မြန်မာ့ ယောဂီပရိသတ်တို့က တရားထိုင်ခြင်း ပြုကြပါသည်။ ည ၇–နာရီအချိန်၌ ဆရာတော်ဘုရားကြီးသည် လန်ဒန်မြို့ မဟာဗောဓိအသင်းသို့ ကြွရောက်တော်မူပြီး ဗုဒ္ဓတရားတော်ကို အင်္ဂလိပ်လို ဟောကြားခဲ့သည်။ ထိုနောက်မှ တရားထိုင်ခြင်းပြုကြပြီး ည (၈း၃၀)နာရီတွင်မှ ပြီးခဲ့ပေသည်။ တရားနာပရိသတ်များ၏ ဦးရေမှာ(၁၀၀)ခန့်ရှိပြီး အင်္ဂလိပ်၊ အိန္ဒိယ၊ မြန်မာများပါ ပါဝင်ခဲ့ကြသည်။ "ယိုးဒယားကျောင်း"သို့ ဆရာတော်ဘုရားကြီး ပြန်လည် ကြွမြန်းတော်မူခဲ့သည့်အခါ ဦးရေဝတဓမ္မ၊ ဦးအဂ္ဂဓမ္မနှင့် ဦးစိန်တို့က အောက်စဖို့(ဒ်) (Oxford)သို့ ရှေ့ပြေးကြွတော်မူကြပြီး စခန်းအတွက် စီစဉ်မှုတို့ကို ဆောင်ရွက်နှင့်ကြပေသည်။

### ဇွန်လ ၁၈–ရက်နေ့

နံနက် ၆–နာရီအချိန်၌ မြန်မာသံရုံးမှ ဦးမောင်မောင်ဦးနှင့် ဒေါ်ခင်ကြည်မိသားစုတို့က အရုဏ်ဆွမ်းကပ်လှူကြသည်၊ နံနက် (၁၀)နာရီအချိန် ဆရာတော်ဘုရားကြီးက ဒေါ်ကြည်ကြည်ခိုင်၏ ပင့်ဖိတ်လျှောက်ထားချက်ကို လိုက်လျောတော်မူ၍ နေ့ဆွမ်းဘုဉ်းပေးရန် ၎င်းတို့၏နေအိမ်သို့ ကြွရောက်တော်မူပါသည်။ ဒေါ်ကြည်ကြည်ခိုင်က ဆရာတော် ဘုရားကြီးအားငင်း၊ ဦးဇနကအားငင်း၊ ဦးအဂ္ဂဓမ္မအားငင်း၊ မျက်မှန်များ ဆက်ကပ်လှူဒါန်းခြင်းပြုပါသည်။ ထိုနေအိမ်မှအပြန် (London Planetarium) နှင့် (Madams Tussands)သို့ ကြွရောက်ခဲ့သေးသည်။ ညနေ(၅)နာရီအချိန်၌ ကျောင်းတော်ဝိဟာရသို့ ပြန်လည်ရောက်ရှိတော်မူပြီးနောက် ည (၈)နာရီမှ(၁၀)နာရီတွင် (St. John Baptist Church, Surrey)တွင် သတိပဋ္ဌာန် တရားတော်ကို ဆရာတော်ဘုရားကြီးက ကြွရောက်ဟောကြားတော်မူခဲ့ရာ ဆရာတော်ဦးဇနက–က ဘာသာပြန်အဖြစ် ဆောင်ရွက်တော်မူပါသည်။

ထိုတရားဟောရာ ဌာနသို့ မစ္စတာ ရှပ်တော့(က်) (Vice-Admiral Shattock)လည်း လာရောက်တရားနာပါသည်။ တရားနာပရိသတ်(၄၀)ခန့်ရှိခဲ့ကြောင်း။မစ္စတာ–ရှပ်တော့(က်)ဆိုသူမှာ မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်တရား အားထုတ်နည်းအတိုင်း ကျင့်ကြံအားထုတ်နေသူ တစ်ဦးဖြစ်ပြီးလျှင် "An Experiment in Mindfulness" အမည်ရှိ စာအုပ်ကို ပြုစုရေးသားခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ၎င်းက ဆရာတော်ဘုရားကြီး အမိန့်ရှိသည့်အတိုင်း အားထုတ်လျှင် ကိုယ်တိုင်တွေ့ မှန်စွာသိရကြောင်းလည်း ပြောသွားလေသည်။ ဆရာတော်ဘုရားကြီးသည် ထိုနေ့ည(၁၁)နာရီခန့်မှ ကျောင်းတော်သို့ ပြန်လည်ရောက်တော်မူပေသည်။

## ဇွန်လ ၁၉–ရက်နေ့

ထိုနေ့ အရုဏ်ဆွမ်းအလှူရှင်မှာ ဦးမောင်မောင်နှင့်ဒေါ်အေးမြင့် မိသားစုတို့ဖြစ်ပါသည်။ နေ့ဆွမ်းကိုမူကား ကွယ်လွန်သူဦးအေး၏ ဒကာမဒေါ်အုံးမြင့်မိသားစုက ၎င်းတို့၏နေအိမ်၌ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား ဆက်ကပ်လှူဒါန်းကြပါသည်။ မွန်းလွဲပိုင်းတွင် ဒေသန္တရဗဟုသုတအလို့ငှါ ဗြိတိသျှပြတိုက်အစရှိသော နေရာဒေသများသို့ သွားရောက်ခဲ့ပြီး ကျောင်းတော်သို့ ပြန်လည် ကြွမြန်းတော်မူကြသည်။ ညပိုင်းအချိန် (၇း၃၀)နာရီမှ (၈း၃၀)နာရီအထိ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် တရားတော်ကို အင်္ဂလိပ်လို ဟောကြားတော်မူပြီး ဦးအဂ္ဂဓမ္မက အလုပ်ပေးတရားတော် အကျဉ်းချုပ်ကို ဟောပြောပါသည်။ ထို့နောက် တရားထိုင်၍ တရားအမေးအဖြေများကို ပြုလုပ်ခဲ့ပေသည်။ (၉း၃၀) နာရီအချိန်မှစ၍ တရားထိုင်ကြသည့် မြန်မာ အင်္ဂလိပ်ပရိသတ်မှာ ၂၅–ယောက် ရှိပါသည်။

## ဇွန်လ ၂၀–ရက်နေ့

လန်ဒန်ဝိဟာရတွင် သီတင်းသုံးနေဆဲဖြစ်သည်၊ အရုဏ်ဆွမ်း အလှူရှင်မှာ (Mrs. Margaret Fraser) နှင့် ဦးထွန်းသိန်း ဒေါ်မြမြမြိုင်တို့ဖြစ်ကြသည်။ ဆရာတော်ဘုရားကြီးအား နေ့ဆွမ်းအတွက် ဘီ–ဘီ–စီ–မှ ဦးခင်က ၎င်း၏နေအိမ်သို့ ပင့်ဖိတ်သဖြင့် ကြွရောက်ဘုဉ်းပေးတော်မူပါသည်။ တရားအနည်းငယ် ဟောကြားခဲ့ပြီးနောက်မှ ကျောင်းတော်သို့ ပြန်လည်ကြွခဲ့လေသည်၊ ထိုနေ့ည (၇း၃၀) နာရီမှ (၈း၃၀) နာရီ အချိန်အထိ မဟာစည် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် တရားတော်ကို အင်္ဂလိပ်လို ဟောကြားပြီး ဦးဇနကကမူ အလုပ်ပေးတရား အကျဉ်းချုပ်ကို ဟောပြောပါသည်။ ထိုနောက်မှ တရားထိုင်ခြင်းနှင့် တရားအမေးအဖြေတို့ကို ပြုလုပ်ကြရာ ည(၉း၃၀) နာရီမှ ပြီးစီးပါသည်။

## ဇွန်လ ၂၁–ရက်နေ့

အရုဏ်ဆွမ်း၏ ဒကာများမှာ ထိုနေ့အဖို့ ဦးစိန်ထွန်းအောင်နှင့် ဦးသိန်းထွန်းတို့ ဖြစ်ကြပါသည်၊ အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် နံနက်(၆း၃၀)နာရီခန့်အချိန်၌ (၈၆)မိုင် ကွာဝေးသော "ဆောက်သမ်တန်" (Southampton)သို့ ထွက်ခွာတော်မူခဲ့ပြီးလျှင် (Isle of Wight) သို့ ရေယာဉ်ဖြင့် ကြွရောက်ခဲ့ကြောင်း၊ ယင်းဒေသသို့ နံနက် (၉း၃၀) နာရီတွင် ရောက်ရှိခဲ့ပြီး (Little Dartmoor Vihara) မှ အင်္ဂလိပ်ဘိက္ခု ခေမဓမ္မော လာရောက်ကြိုဆိုခဲ့သည်၊ ထိုနေ့ည အဆိုပါဝိဟာရတွင်ပင် သီတင်းသုံးတော်မူပါသည်၊ ညဦး(၇)နာရီခန့်တွင် မြို့မခန်းမဆောင်သို့ ကြွရောက်ကြပြီး ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် တရားကို ဟောကြားတော်မူပါသည်၊ ဆရာတော်ဦးဇနက–က ဘာသာပြန်ဆိုခြင်းပြုခဲ့ရာ တရားအမေးအဖြေများကိုပါ ပြုလုပ်ကြသည့်အတွက် ကျောင်းတော်သို့ ည(၁၁)နာရီမှ ပြန်လည်ရောက်ရှိတော်မူခဲ့ကြပါသည်။ တရားနာပရိသတ်ဦးရေမှာ အင်္ဂလိပ်လူမျိုးချည်း ၄၀–ခန့်ရှိခဲ့ကြောင်း။

## ဇွန်လ ၂၂–ရက်နေ့

ထိုနေ့နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် (၆း၃၀)နာရီ အချိန်တွင် ကူးတို့ဆိပ်သို့ ဆင်းခဲ့၍ "ဆောက်သမ်တန်" (Southampton) သို့ ပြန်လည်ကြွခဲ့သည်။ ထိုမှတဖန် လန်ဒန်မြို့သို့ကြွမြန်းခဲ့ပြီးနောက် ဒေါ်သန်းသန်းအေး၏အိမ်၌ နေ့ဆွမ်းကပ်သဖြင့် ဘုဉ်းပေးတော်မူပါသည်။ ညပိုင်းတွင် (၇း၃၀)နာရီအချိန်မှအစပြု၍ တစ်နာရီကြာမျှ ဆရာတော်ဘုရားကြီးက လန်ဒန်ဝိဟာရ၌ သတိပဋ္ဌာန်တရား ဟောကြားတော်မူပြီး ဦးအဂ္ဂဓမ္မက အလုပ်ပေးတရားကို အကျဉ်းချုံး ဟောပါသည်။ ထို့နောက်မှ ကြွရောက်လာကြသော ပရိသတ် ၂၅–ဦးတို့က တရားထိုင်ခြင်းနှင့် အမေးအဖြေများပြုလုပ်ခဲ့ကြရာ ည(၉း၃၀)နာရီမှ တရားသိမ်းခဲ့ပေသည်။

## ဇွန်လ ၂၃–ရက်နေ့

လန်ဒန်မြို့တွင် သီတင်းသုံးတော်မူခိုက် ဒါန, သီလ, ကုသိုလ်တော် ပွားများသူများလည်း မျှော်လင့်သည်ထက်များ ပေသည်၊ ထိုနေ့ အရုဏ်ဆွမ်း၏ ဒါနရှင်များမှာ ဦးမောင်မောင်(George) မိသားစုနှင့် မစ္စစ်မာဂရက် ဖရေဇာ (Mrs. Margaret Fraser)တို့ ဖြစ်ကြပါသည်၊ ထို့နောက် ဦးစိန်ထွန်းအောင်နှင့် ဦးသိန်းထွန်းတို့၏ ဘုရားဆင်းတုတော်များ အနေကဇာ တင်တော်မူပါသည်။ နေ့ဆွမ်းကိုမူ မြန်မာသံရုံး၌ ဆက်ကပ်ကြသဖြင့် မြန်မာပရိသတ် ၁၀၀–ခန့်အား တရားရေအေး ဖြင့် တိုက်ကျွေး ချီးမြှင့်တော် မူခဲ့ပေသည်၊ ဆရာတော်ဘုရားကြီးသည် မွန်းလွဲ (၁း၃၀) အချိန်တွင် ၄၇–မိုင် ကွာဝေးသော (Maidstone Kent)ရှိ (Friendship Society) အသင်းသို့ ကြွရောက်၍ သတိပဋ္ဌာန်တရားတော်ကို ဟောပြောတော်မူ သည်။ ထိုအသင်း၌ အင်္ဂလိပ်–မြန်မာ တရားနာပုဂ္ဂိုလ်များ (၁၅)ဦးခန့် လာရောက်ခဲ့သည်၊ ညနေပိုင်းတွင် ကျောင်းတော်သို့ ပြန်လည်၍ ကြွမြန်းခဲ့ပြီးနောက် ည(၈း၁၅)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက (Oaken Holt) အရပ်သို့ ကြွမြန်းရမည်ဖြစ် သည့်အတွက် ယိုးဒယားဘုန်းကြီး များအား နှုတ်ခွန်းဆက် ဩဝါဒစကားကို မိန့်ကြားတော်မူပါသည်။

ထိုနေ့ည(၉)နာရီအချိန်၌ ဝိဟာရမှ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့တို့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာတော် မူခဲ့ကြရာ ညသန်းခေါင်ယာမ် အချိန်မှပင် (Oaken Holt) သို့ ရောက်တော်မူကြပေသည်။

## အောက်(စ်)ဖို့(ဒ်) ရှိ "အုတ်ကင်ဟို့လ်တ်"ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာနနှင့် ပုဂ္ဂိုလ် (၁၃) ဦးတို့ ဒုလ္လဘ ရဟန်းအဖြစ် ခံယူခြင်း

ဤကမ္မဋ္ဌာန်းဌာနအား ဦးစီးတည်ထောင်သူမှာ မြန်မာနိုင်ငံသား ဦးမြတ်စော ဖြစ်ပါသည်။ ယင်းဌာနသို့ ကျေးဇူး တော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကြွရောက် တရားချီးမြှင့်တော်မူကာ (Intensive Meditation Retreat) ခေါ် ဝိပဿနာဘာဝနာ စီးဖြန်းရန် စခန်းဖွင့်ရေးအတွက် အစီအစဉ် အရပ်ရပ်တို့ကို ကြိုတင် ပြုလုပ်ထားခဲ့ကြောင်း။ ၁၀–ရက် စခန်းဖြစ်သည်နှင့်အမျှ ဇွန် (၂၄) ရက်နေ့မှ ဇူလိုင်လ (၃)ရက်နေ့တိုင် နေ့စဉ် နေ့တိုင်းအတွက် အစီအစဉ်ကို ရေးဆွဲသတ်မှတ် ကျေညာထားရှိခဲ့ရာ နံနက် (၄) နာရီမှ စ၍ နေ့ညမလပ် တရားအားထုတ်နိုင်ရန် စီစဉ်ချက် (Programme)မှာ တိကျ အကွက်စေ့လှပေသည်။

## ဇွန်လ ၂၄–ရက်နေ့

ထိုနေ့ အရုဏ်ဆွမ်းကို ဦးမြတ်စောနှင့် မိသားစုတို့က လှူဒါန်းဆက်ကပ်ကြသည်။ နေ့ဆွမ်းကိုမူ ဦးမြတ်စော မိသားစုနှင့်တကွ အများ၏ ကောင်းမှုဖြင့် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ဆက်ကပ်ကျွေးမွေး လှူဒါန်းကြပါသည်။ ၎င်း နေ့ နံနက်(၉)နာရီအချိန် အထူးအစီအစဉ် တရပ်အဖြစ်ဖြင့် ရဟန်းဘိက္ခုအပါး (၃၀)တို့က စုပေါင်း၍ တရားရွက်ဆိုပြီး ဗုဒ္ဓ သာသနာ့ အလံတော်ကို (Oaken Holt) ကမ္မဋ္ဌာန်းဌာန၌ ကြွားကြွားဝင့်ဝင့် လွှင့်ထူတော်မူကြသည်။

နံနက် (၉း၁၅)နာရီအချိန်၌ ရဟန်းဘိက္ခုအပါး (၃၀) တို့ကဦးဆောင်လျက် ဒုလ္လဘရဟန်းခံယူကြမည့် ရှင်သာမဏေ လောင်းတို့သည် ဝတ်ဖြူစင်ကြယ်ဆင်မြန်း၍ ဓမ္မာရုံကြီးခမ်းမဆောင်သို့ ဦးစွာကြွရောက်ခဲ့ကြကြောင်း။

ထို့နောက် နံနက် (၁၁း၂၀) နာရီ အထိ ရဟန်းတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ကြပြီးလျှင် ရဟန်းခံ အခမ်းအနားစတင် ဆောင်ရွက်ခဲ့ကြသည်။ ရဟန်းအဖြစ် ခံယူသူများမှာ ဦးမြတ်စော, ဦးဖေ, ဦးခင်, ဒေါက်တာ–လှဖေ, (နယူးယောက်မှ) မိုးကျော်သောင်း (ဦးကျော်သောင်း၏သား), ဦးဖေ၏သား စတီဖန်ဖေ, လင်းသန်းအေး, သူရိမ် သန်းအေး, ဦးမောင်မောင်တို့အပြင် အင်္ဂလိပ်လူမျိုး(၄)ဦးတို့ ဖြစ်ကြပါသည်၊ ရှင်သာမဏေအဖြစ် ခံယူသူများလည်းရှိကြ၍ ထိုနေ့ ရှင်ပြုရဟန်းခံပွဲတော်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အမှူးပြုချီးမြှင့်တော်မူခဲ့သည်ဖြစ်၍ အမှတ်တရ ရုပ်ရှင်ဓာတ်ကားများ ရိုက်ကူးယူခဲ့ကြသည်။

မွန်းလွဲ ၂–နာရီ အချိန်တွင် လန်ဒန် ဗုဒ္ဓဘာသာ ဝိဟာရမှ ဆရာတော် ဦးသဒ္ဓတိဿ (Venerable H. Sadatissa) က အုတ်ကင့်ဟို့လ်(တ်) ကမ္မဋ္ဌာန်းဌာန ဥက္ကဋ္ဌအနေနှင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား မိတ်ဆက်နှုတ်ခွန်း ပြောကြားတင်လျှောက်ခဲ့သည်။

ညနေ(၂း၁၅) မှ (၄)နာရီအထိ ဆရာတော်ဘုရားကြီးက တရားဒေသနာဟောကြားတော်မူ၍၊ ဆရာတော် ဦးဇနက– က အင်္ဂလိပ်ဘာသာပြန်အဖြစ် ဆောင်ရွက်တော်မူသည်။ ည ၈–နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးက သရဏဂုံနှင့်တကွ

ရှစ်ပါးသီလကို ပေးပြီးလျှင် အလုပ်ပေးတရားတော်ကို အမြွက်မျှ ဟောကြားတော်မူပါသည်။ ထို့နောက် ဆရာတော် ဦးဇနက–က ဆက်လက်၍ အပြီးတိုင် ဟောကြားတော်မူလေသည်၊ ထိုနေ့တနေ့လုံး မိုးရွာမစဲ တသဲသဲပင်။

## အုတ်ကင်ဟို့လ်(ထ်) ၁၀–ရက်စခန်း

## ဇွန်လ ၂၅–ရက်နေ့မှ ဇူလိုင်လ ၃–ရက်နေ့အထိ

ဝိပဿနာကမ္မဋ္ဌာန်း (၁၀)ရက်စခန်း ဖွင့်လှစ်သော ဤ (Oaken Holt) ရိပ်သာတွင် ကြိုတင်ရေးဆွဲ ချမှတ်ထားသည့် အစီအစဉ်အတိုင်း ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ကြကုန်သော ယောဂီသူတော်စင် အပေါင်းတို့က ဘာဝနာပွားများခြင်း, စီးဖြန်းခြင်းပြုလျက် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ဝင်များ၏ ညွှန်ကြားပြသတော်မူသော တရားဓမ္မများကို မပိုတ်မသုံ ခံယူကျင့်သုံးကြပါသည်၊ ဒကာဦးမြတ်စောနှင့် မိသားစုတို့က မမောနိုင်မပမ်းနိုင် လုံးဝတာဝန်ယူကာ ဆွမ်း ကွမ်း ဖျော်ဖြုံအစ သာသနာ့ဝေယျာဝစ္စ ဥဿုံအလုံးစုံကို မဆုတ်မနစ်သောလုံ့လနှင့် စေတနာ့ရွှင်မြူး သဒ္ဓါထူးဖြင့် ထောက်ပံ့ ဆောင်ရွက်ကြပေသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား နေ့စဉ် ယောဂီများက ဖူးတွေ့နိုင်သည့်အချိန်ကိုလည်း နံနက် (၉း၁၅)နာရီမှ (၁၀း၁၅) နာရီတကြိမ်, မွန်းလွဲ (၄း၃၀) နာရီမှ (၅း၃၀) နာရီ တကြိမ် သတ်မှတ်ထားရှိပြီးလျှင် ဆရာတော် ဦးဇနက–က ယောဂီများအား တရားစစ်ရန် အချိန်ကိုလည်း နံနက်(၆း၄၅) နာရီမှ (၁၀း၄၅) နာရီအထိတကြိမ်၊ မွန်းလွဲ (၄း၃၀)နာရီမှ ည (၇း၄၅) နာရီအထိ တကြိမ် ပြဋ္ဌာန်းထားရှိသဖြင့် ယောဂီများအနေနှင့် လွန်စွာအားရပီတိသောမနဿ ဖြစ်ကြရပါသည်၊ နေ့စဉ်(၂)နာရီတွင်လည်း ဝိပဿနာတရားများကို ဟောကြားပါသည်၊ ဇူလိုင်လ ၂–ရက်နေ့ နေ့လယ် ၂–နာရီတွင် ဉာဏ်စဉ်တရားတော်ကို ဟောကြားရပါသည်။

ဇွန်လ (၂၅) ရက်နေ့မှ ဇွန်လ (၂၉) ရက်နေ့များတွင် ညစဉ် ၈–နာရီအချိန်၌ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မီးရှူးတန်ဆောင်သဖွယ် သတိပဋ္ဌာန်တရားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းလမ်းကို ညွှန်ကြားပြသ ပေးသနားတော်မူပေသည်။

ဇွန်လ (၂၉) ရက်နေ့ နေ့ဆွမ်းကို ဆရာတော် ဘုရားကြီးနှင့်တကွ သံဃာတော် ၄–ပါးတို့က အောက်စ်ဖို့(ဒ်)နေ အောင်ဆန်းစုကြည် (ဗိုလ်ချုပ်အောင်ဆန်း၏ သမီး)၏ နေအိမ်သို့ ပင့်ဖိတ်သဖြင့် ကြွရောက် ဘုဉ်းပေးတော်မူကြသည်။

ဇွန်လ (၃၀) ရက်နေ့တွင်မူကား နေ့ဆွမ်းကို ဦးတင်မောင် မိသားစုတို့က ဒါနရှင်အဖြစ် ခံယူ၍၎င်း, အချို့ပွဲတို့ကို အင်္ဂလန်သို့ ခေတ္တ ရောက်ရှိနေသူ ဒေါ်မျိုးသိမ့် (ဦးကျော်သောင်း၏ဇနီး) က တာဝန်ယူ၍၎င်း, ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ယောဂီအပေါင်းတို့အား ဆက်ကပ်ကျွေးမွေး လှူဒါန်းခြင်းပြုပါသည်။

ဇွန်လ (၃၀) ရက်နေ့နှင့် ဇူလိုင်လ (၁)ရက်နေ့များတွင် ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော်ကိုငှင်း၊ ဇူလိုင်လ(၂)ရက်နေ့မှ ဇူလိုင်လ(၃)ရက်နေ့များ၌ ဗုဒ္ဓသာသနာ တရားတော်ကိုငှင်း ဟောကြားချီးမြှင့်တော်မူခဲ့လေသည်။

## (Oaken Holt)ကမ္မဋ္ဌာန်းဌာနကို မဟာစည် ရိပ်သာခွဲအဖြစ် အသိအမှတ် ပြုတော်မူခြင်း

## ဇူလိုင်လ ၃–ရက်နေ့

ထိုနေ့တွင် ဒကာကြီး ဦးမြတ်စော နှင့် ဇနီး ဒေါ်စန်းရီ မိသားစုတို့က မြန်မာ့လက်ရာမွန် လက်သုတ်စုံကို နေ့ဆွမ်းအဖြစ် ဆက်ကပ်လှူဒါန်းပြီးလျှင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးအား အောက်စ်ဖို့(ဒ်)ရှိ (Oaken Holt) ကမ္မဋ္ဌာန်းဌာနကို မဟာစည်သာသနာ့ရိပ်သာခွဲအဖြစ် အသိအမှတ်ပြုတော်မူပါရန် အလေးအနက် ပန်ကြား လျှောက်ထားခြင်းပြု၍ ဆရာတော်ဘုရားကြီးက အသိအမှတ်ပြုတော်မူပေသည်။ ထိုကမ္မဋ္ဌာန်းဌာနတွင် မူလက တိဘက် မဟာယာန၊ ဇင်းမယ်မြောက်ပိုင်းနည်းအတိုင်း ကျင့်ခဲ့ကြရာ ယခုအချိန်မှစ၍ နောင်အခါ မဟာစည်နည်းအတိုင်း ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကြရမည်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးက–ကမ္မဋ္ဌာန်းတရား အားထုတ်ပုံ, အားထုတ်နည်းတို့ကိုလည်း ညွှန်ကြားခဲ့သည်သာမက၊ မြန်မာဗုဒ္ဓဘာသာ အသင်းဖြစ်မြောက်ရေးအခြေခံအဖွဲ့ဖွဲ့ရန် ဆရာတော် ဦးဇနကအား ဆောင်ရွက်ပေးစေတော်မူသည်။

ယင်းကမ္မဋ္ဌာန်းဌာန၌ သံဃာတော်များ မိုတင်း နေထိုင်တော်မူရန် (၂၆)ပါးအတွက် နေရာနှင့် လူယောဂီများအဖို့ နေရာထိုင်ခင်း (၈၀)ယောက်အတွက် အလုံအလောက် ရှိပါကြောင်းကိုလည်း ရှိခိုးလျှောက်ထားခဲ့သည်၊ ဒကာကြီးဦးမြတ်စော

က ဆရာတော် ဦးဇနက–အား ရှေ့နှစ် မေလ (သို့မဟုတ်) ဇွန်လလောက်တွင် အောက်စ်ဖို့ဒ်ရှိ ကမ္မဋ္ဌာန်းဌာနသို့ ခေတ္တ ကြွရောက်၍ တရားဟောပြော ပြသပါရန် ပင့်ဖိတ်ခြင်းပြုသည်ဟု သိရပါသည်၊ အမေရိကန်ပြည် ဘာရီကမ္မဋ္ဌာန်းဌာနမှ တရားနည်းပြ ဆရာများကိုလည်း ရံဖန်ရံခါ လာရောက်တရား ပြသစေလိုပါကြောင်း လျှောက်ထားသဖြင့် ဆရာတော်ဘုရားကြီးက ထိုသို့ဆန္ဒရှိပါလျှင် အမြဲတမ်းကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါး လိုမည့်သဘောရှိနေကြောင်း ပြောကြားပါသည်၊ဦးမြတ်စောက မြန်မာပြည်မှ အမြဲတမ်း ကမ္မဋ္ဌာနာစရိယဆရာတော်တစ်ပါးကို စေလွှတ်ပေးနိုင်ပါက ပေးပါရန်နှင့် စရိတ်စခအတွက် ၎င်းကပင် လုံးဝတာဝန်ယူမည် ဖြစ်ပါသည်ဟုလျှောက်၍ ဆရာတော်ဘုရားကြီးက ယင်းကိစ္စကို နောက်မှအခြေအနေအရ စီစဉ်ညွှန်ကြားမည်ဟု မိန့်တော်မူခဲ့လေသည်။

## အင်္ဂလန်မှတဖန် ဟော်လန်သို့ သာသနာပြု ကြွမြန်းတော်မူခြင်း

### ဇူလိုင်လ ၄–ရက်နေ့

အရုဏ်တွင် ဦးမြတ်စောနှင့် မိသားစုတို့က ဆွမ်း ဆက်ကပ် လှူဒါန်းခြင်းပြုပြီးနောက် နံနက် (၇း၃၀)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက သရဏဂုံသုံးပါးနှင့် ပဉ္စသီလတို့ကို ပေးတော်မူကာ ဦးမြတ်စောတို့၏ ကမ္မဋ္ဌာန်းဌာနနှင့် ပတ်သက်သည့် အလှူတော်ငွေ အဝဝတို့အတွက် ရေစက်သွန်းချ အမျှဝေတော်မူသည်။ ထို့နောက် ဆွမ်းကို ဘုဉ်းပေးတော်မူကြပြီးလျှင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် မွန်းလွဲ (၁း၃၀) နာရီအချိန်တွင် လန်ဒန် (Heathrow) လေဆိပ်သို့ ထွက်ခွာတော်မူခဲ့ကြလေသည်၊ ညနေ (၄း၁၅) နာရီအချိန် ထွက်ခွာသည့် ဗြိတိသျှလေကြောင်းကုမ္ပဏီလေယာဉ်ဖြင့် ဟော်လန် (Holland) နိုင်ငံ၊ "အမ်စတာဒမ်" (Amsterdam) မြို့သို့ လိုက်ပါတော်မူခဲ့ကြရာ ညနေ (၅း၁၅)နာရီ အချိန်တွင် ဆိုက်ရောက်ခဲ့ကြပါသည်။ အမ်စတာဒမ်လေဆိပ်၌ ဗုဒ္ဓယာန (Boeddhayana Centrum) အဖွဲ့မှပုဂ္ဂိုလ်များ လာရောက်ကြိုဆိုလျက် ရှိကြသည်၊ ဟော်လန်နိုင်ငံ အချိန်မှာ တစ်နာရီခြားနားခြင်းရှိ၍ ည(၇)နာရီ အန်လေဆိပ်မှ ကားဖြင့် ထွက်ခွာတော်မူခဲ့ကြပြီး ကီလိုမီတာ (၆၀)ကွာဝေးသော (Gravenhague)ခေါ် ဒေသသို့ (၇း၄၅)နာရီအချိန်၌ ဆိုက်ရောက်ခဲ့ကြလေသည်၊ ထိုနေ့ည တရားနာ ပရိသတ် (၂၅)ဦးခန့် ရှိပါသည်။ ဆရာတော်ဘုရားကြီးက သရဏဂုံနှင့် ငါးပါးသီလကို ပေးတော်မူ၍ နှုတ်ဆက်မိန့်ခွန်း ပြောကြားတော်မူပါသည်။

### ဇူလိုင်လ ၅–ရက်နေ့

ထိုနေ့ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် နံနက် (၈)နာရီ အချိန်၌ ဆရာတော်ဘုရားကြီးက သရဏဂုံနှင့် ၈–ပါးသီလကို ပေးတော်မူပြီး အလုပ်ပေးတရားတော်၏ အနှစ်သာရကို အမြွက်မျှဟောကြားတော်မူခဲ့သည်။ ဆက်လက်၍ ဆရာတော် ဦးဇနက–က အပြီးတိုင်ဟောတော်မူပါသည်၊ ည (၈)နာရီအချိန်တွင် တရားနာပရိသတ် (၃၀)ခန့်အား ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားကို ဟောကြားတော်မူကြောင်း။

### ဇူလိုင်လ ၆–ရက်နေ့

ရိပ်သာ၏ ကောင်းမှုဖြစ်သည့် အရုဏ်ဆွမ်း ဆက်ကပ်ခြင်းကို ခံယူတော်မူကြပြီးနောက် နံနက် (၈)နာရီ အချိန်၌ ယောဂီအများ လာရောက်ကြ၍၊ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြပါသည်၊ နံနက်(၉း၄၅)နာရီ အချိန်တွင် (Panorama Mesdag Museum) ခေါ် ပြတိုက်သို့ ပင့်ဖိတ်ချက်အရ ဗဟုသုတအလို့ငှာ ကြွရောက်ရှုစားတော်မူပြီးလျှင် နံနက်(၁၁)နာရီအချိန်၌ (Venerable Dhamma Wiranata) အရှင်ဓမ္မဝိရနာတ၏ မယ်တော်အိမ်သို့ကြွရောက်၍ နေ့ဆွမ်းလှူဒါန်းဆက်ကပ်ခြင်းကို ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က ချီးမြှင့်တော်မူကြသည်။ ထိုအရပ်မှ (Dykes)ခေါ် ရေကာရှုခင်းများကိုကြည့်ရှုပြီးနောက် ကျောင်းတော်သို့ ပြန်လည် ကြွရောက်တော်မူခဲ့ပေသည်။ ည(၈)နာရီအချိန်တွင် အရှင်ဓမ္မဝိရနာတ၏ ကျောင်းသို့ကြွရောက်ပြီး ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူပါသည်။ ဤတရားစခန်းတွင်လည်း ဦးဇနက–က နေ့စဉ် တရားစစ်သည်။

## ဟော်လန်မှသည် ဘွန်း ဌာနီ ဂျာမဏီသို့ ကြွချီတော်မူခြင်း

### ဇူလိုင်လ ၇–ရက်နေ့

ဗုဒ္ဓယာနအဖွဲ့မှ အရုဏ်ဆွမ်းကို ဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းပြီးလျှင် ယောဂီများ၏ ဖူးမြော်ခြင်းကို ဆရာတော်ဘုရားကြီးက ခံယူတော်မူပါသည်။ ထို့နောက် ဗုဒ္ဓယာနစင်တာကျောင်း ဆရာတော် အရှင်ဓမ္မဝိရနာတအား ဩဝါဒ ပေးတော်မူပြီးလျှင် ထိုဌာနမှ ဆက်ကပ်သောနေ့ဆွမ်းကို ဘုဉ်းပေးတော်မူပါသည်။ နေ့ (၂)နာရီအချိန် ဆရာတော်ဘုရားကြီးက တရားနာပရိသတ်များအား ချမ်းသာရေးတရားတော်ဖြင့် ချီးမြှင့်၍ နှုတ်ဆက် မိန့်ခွန်းပေးတော်မူသည်၊ အဆိုပါကျောင်း ဘုန်းကြီးက အများယောဂီတို့၏ကိုယ်စား ဆရာတော်ဘုရားကြီးအား ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကန်တော့ပြီးနောက် ဝါဝစ်ကျောင်းသို့ မော်တော်ယာဉ်များဖြင့် (၄)နာရီအချိန်၌ ထွက်ခွာတော်မူခဲ့ရာ၊ ညနေ (၆)နာရီအချိန် ဆိုက်ရောက်တော်မူသည်။ ထိုကျောင်းမှ ဆရာတော် ဦးမေတ္တာဝိဟာရီနှင့် သံဃာတော်များအပြင် ဥပါသကာများက ကြိုဆိုကန်တော့ကြကြောင်း၊ ၎င်းကျောင်းတော် တည်ရာဌာနသို့ ဂျာမနီပြည် ဘွန်းမြို့မှ မြန်မာနိုင်ငံ စီးပွားရေးဆိုင်ရာသံမှူး ဦးကိုကိုကြီးက လာရောက် ခရီး ဦးကြိုပြုပါသည်။ အဆိုပါ ဝါဝစ်ကျောင်းမှ ဦးမေတ္တာဝိဟာရီနှင့် ဦးသုမင်္ဂလတို့ပါ အတူလိုက်ပါလျက် ဆရာတော်ဘုရားကြီး နှင့်အဖွဲ့သည် (၆း၃၀)နာရီတွင် ကားဖြင့် ထွက်ခွာလာခဲ့ကြကာ ည(၈း၃၀)နာရီအချိန်၌ (Kampstraat)မြို့ရှိ (Mr. & Mrs. P. Franssen) "မစ္စတာနှင့် မစ္စစ်ဖရန်ဆင်"တို့၏ နေအိမ်၌ ခေတ္တ ရပ်နားကြလေသည်၊ ၎င်းပုဂ္ဂိုလ်မှာ (Boeddharama, Waalwijk)အဖွဲ့အတွင်းရေးမှူး မစ္စတာ ပက်ထရစ်ဖရန်ဆင်၏ ဖခင် ဖြစ်လေသည်။ ထိုမှတဆင့် ဆက်လက်ကြွမြန်းခဲ့ရာ ည (၁၁)နာရီအချိန်မှပင် အနောက်ဂျာမနီပြည် ဘွန်းမြို့ရှိ ဦးကိုကိုကြီးအိမ်သို့ ရောက်တော်မူခဲ့လေသည်၊ ခရီးတလျှောက်လုံးတွင် မိုးအနည်းငယ် ရွာသည်မှအပ ရာသီဥတု အခြေအနေမှာ ကောင်းမွန်လျက်ရှိခဲ့ပါသည်။ ဝါဝစ်နှင့် ဘွန်းမြို့ အကွာအဝေးမှာ (၂၆၇) ကီလိုမီတာရှိလင့်ကစား လမ်းပန်းကောင်းသဖြင့် ခရီးမပန်းလှပေ။

### ဇူလိုင်လ ၈–ရက်နေ့

အရုဏ်ဆွမ်းကို ဦးကိုကိုကြီးနှင့် မိသားစုတို့က ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား ဆက်ကပ်လှူဒါန်းခဲ့ပြီး နံနက် ၈–နာရီအချိန် အနောက်ဂျာမနီဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်ညွှန့်နှင့် ဇနီးတို့အား အမှူးထားလျက် မြန်မာသံရုံး အရာရှိများနှင့်တကွ အခြားမြန်မာများကပါ စုပေါင်း၍ နဝကမ္မအဖြစ် ဝတ္ထုငွေများကိုင၎်း, အခြားလှူဘွယ် ပစ္စည်းများကိုင၎်း ဆက်ကပ်လှူဒါန်းခြင်းပြုခဲ့ကြသည်၊ ဆရာတော်ဘုရားကြီးက အဆိုပါကောင်းမှုအဝဝတို့အတွက် ရေစက်ချ အမျှပေးဝေခြင်း, သရဏဂုံနှင့် ငါးပါးသီလကို ပေးတော်မူခြင်း ပြုတော်မူပြီးနောက် အများကောင်းမှု နေ့ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ အချိုပွဲ များကိုလည်း ရန်ကုန်မှ ဦးချစ်စိန်၏သမီး ရူဘီစိန် (Ruby Sein)နှင့် သားချင်းများက ဆက်ကပ်ကြပါသည်။ ထိုနေ့မွန်းလွဲ (၂)နာရီအချိန်၌ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် မြန်မာသံအမတ်ကြီးအိမ်သို့ ကြွရောက်ခဲ့ပြီးလျှင် ဂျာမန် ဗုဒ္ဓဘာသာဝင် အချို့တို့၏ လျှောက်ထားသော တရားအမေးပုစ္ဆာများကို ဖြေကြားတော်မူပေသည်။ ထိုအချိန်တွင် ရန်ကုန်မှ ဦးတင်ထွန်း (Ruby Sein ၏ မောင်)က ရိုက်ကူးထားသည့် ဆရာတော်ဘုရားကြီး မြန်မာပြည်မှ ပြည်ပ သာသနာပြုခရီး မထွက်ခွါမီ မဟာစည်သာသနာ့ရိပ်သာ၌ ပူဇော်ကန်တော့ခံပုံနှင့် မင်္ဂလာဒုံလေဆိပ်သို့ ကြွမြန်းပုံမှအစ လေယာဉ်ထွက်ခွါပုံအထိ ရုပ်ရှင် ကားများကို အများပရိသတ် ကြည့်ညိုနိုင်ကြစေရန် ပြသခဲ့ကြောင်း။ ညနေ (၄း၁၅)နာရီ (ဂျာမန်စံတော်ချိန်)၌ ဘွန်းမြို့မှ ထွက်ခွါခဲ့ပြီး ဘယ်လ်ဂျီယမ် (Belgium)ကို ဖြတ်သန်း၍ ဒတ်ချ် (Dutch)ဆရာတော် ပုညဓမ္မော သီတင်းသုံးရာရိပ်သာ "တီးဒိုး" (Tidorp Hoge Zoom 79. Burgh Holland)သို့ ည(၁၂)နာရီအချိန် ဆိုက်ရောက်ခဲ့ပါသည်၊ ဤသို့ ညဉ့်သန်းခေါင်မှ အချိန်နောက်ကျ ရောက်ရှိခဲ့ခြင်းမှာ ခရီးအဝေး ကီလိုမီတာ(၃၇၀)ခန့်သာ ဖြစ်သော်လည်း လမ်းခွဲလမ်းမွှာများ သဖြင့် လမ်းလွဲမှားသွားခြင်းကြောင့် ဖြစ်ပေသည်။ အဆိုပါ (Tidorp) စခန်းအရောက် ဘိက္ခုမေတ္တာ ဝိဟာရီနှင့် ဦးသုမင်္ဂလာ တို့အပြင် ဦးကိုကိုကြီးတို့ပါ လိုက်ပါ ပို့ဆောင်ခဲ့ကြပါသည်။

## ဟော်လန်ပြည် တီးဒိုးဒေသစခန်း

### ဇူလိုင်လ ၉–ရက်နေ့

တီးဒိုး (Tidorp) အမည်ရှိ ရိပ်သာကမ္မဋ္ဌာန်းစခန်းမှ ဆက်ကပ်သည့် အရုဏ်ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီး နောက် နံနက်(၆)နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် တရားတော်ကို အတိုချုံး၍၎င်း, အလုပ်ပေးတရားတော် အနည်းငယ်ကို၎င်း ဟောကြားတော်မူပြီး ဦးဇနက–က ဆက်လက် အပြီးသတ်–ဟောကြားပါသည်၊ အဆိုပါ စခန်း၏ ထူးခြား ချက်တရပ်မှာ တောရိပ် တောင်ရိပ် အာဝါသကိုမှီကာ တောရကျောင်းသဖွယ် သဘာဝဖန်တီးလျက် အဆောက်အဦးဟူ၍မရှိပဲ သွားလာ ရွှေ့ပြောင်းနိုင်သော မော်တော်ယာဉ်ရှိ (Caravan) ခေါ် ဖျင်ကြမ်းတဲများ စခန်းပေါ်၌ ယောဂီများက နေထိုင်ကြ ခြင်းဖြစ်ပါသည်။ ရောင့်ရဲတင်းတိမ်မှုကို နှလုံးသွင်းလျက် လျှပ်စစ်ဓာတ်မီး မထားရှိပဲ ဖယောင်းတိုင် အလင်းရောင်ကိုသာ အားထားကြသည်။ သုံးရေသောက်ရေကိုလည်း ရေတွင်းမှ ရယူသုံးစွဲခြင်းပြုပါသည်၊ ဝစ္စကုဋီမှာ ကျင်ငယ်အတွက် ပလပ် စတစ်ပုံးကို မြေပေါ်တွင်ထားလျက် ကျင်ကြီးအတွက် တွင်းငယ်တူး၍ ပုံးကို အတွင်း၌ထည့်ထားကြောင်း၊ အဖုံးအကာထားရှိ ပြီး တနေ့လျှင် ယောဂီများက စေတနာအလျောက် ၂–ကြိမ်သုတ်သင် ရှင်းလင်းခြင်းပြုကြကြောင်း၊ ညနေ (၆)နာရီအချိန်တွင် ဥပုသ်ပြုပြီး နောက် ည(၈)နာရီမှ(၉)နာရီအချိန်အထိ ယောဂီပေါင်း ၂၀–ခန့်တို့အား ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန် တရား ဟောကြား ချီးမြှင့်တော်မူခဲ့ပါသည်။

### ဇူလိုင်လ ၁၀–ရက်နေ့

ယောဂီများဆက်ကပ်သည့် အရုဏ်ဆွမ်းကို ဆရာတော်ဘုရားကြီးက ဘုဉ်းပေးတော်မူပြီးလျှင် နံနက်(၉)နာရီမှ (၁၁) နာရီအထိ ယောဂီများ၏ ဖူးမြော်ကန်တော့ခြင်းကို ခံယူတော်မူခဲ့သည်။ ထိုသို့ ဖူးမြော်ကန်တော့လျက် သိလိုသော တရားတော် နှင့်စပ်ဆိုင်သည့် မေးခွန်းများကို မေးမြန်းကြရာ ဆရာတော်ဘုရားကြီးက ရှင်းလင်း ဖြေကြားတော်မူပါသည်။ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် နေ့သန့်စင်တော်မူကာ ညပိုင်းတွင်မူ (၈)နာရီမှ (၉)နာရီတိုင် သတိပဋ္ဌာန်တရားတော်ကို ဆက် လက် ဟောကြားတော်မူလေသည်။ ဦးဇနကက နေ့စဉ် တရားဟော တရားစစ်ဆေးပါသည်။

### ဇူလိုင်လ ၁၁–ရက်နေ့

(Tidorp) စခန်းတွင် တည်းခို သီတင်းသုံးတော်မူသည့် ရက်များအတွင်း ရာသီဥတုမှာ ပူနွေးလျက် သာသာယာယာ ရှိပေသည်။ ထိုနေ့တွင်လည်း ယခင်နေ့များကဲ့သို့ပင် တရားရေအေးတိုက်ကျွေးလျက်ပင်၊ မွန်းလွဲ(၃)နာရီအချိန်၌ စတီဗင်စမစ် (သ်) (Mr. Steven Smith) ခေါ် ယောဂီတစ်ဦး လာရောက်တွေ့ဆုံ ဖူးမြော်ပြီးလျှင် ရန်ကုန်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်မှ ပေးလိုက်သော ဆရာတော်ဘုရားကြီး၏ မွေးနေ့မင်္ဂလာ ဖိတ်ကြားစာများကို ဆက်ကပ်ပါသည်။ ၎င်းယောဂီ မှာ ရန်ကုန် မဟာစည်ရိပ်သာတွင် ၇–ရက်မျှ ဇူလိုင်လဆန်းအထိ တရားဝင်ခဲ့ပြီး ဟော်လန်သို့ ပြန်လည်ရောက်လာသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ည(၈)နာရီမှ (၉)နာရီအထိ ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရား ဟောကြားတော်မူသည်။ ထိုနေ့ ညတွင်ပင် ဝါဝစ်မှ ရဟန်းတော် ဦးမေတ္တာဝိဟာရီတို့ ကြွရောက်လာခဲ့ကြပေသည်။

## ဟော်လန်မှတဖန် ပြင်သစ်ထံ ရောက်ရပြန်လေပြီ

### ဇူလိုင်လ ၁၂–ရက်နေ့

ရာသီဥတု အခြေအနေမှာ အအေးအပူမျှတ၍ ဖေးကူရန် ဝတ်ရုံတော်အထူးမလိုအပ်ပေ၊ ထိုနေ့နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက်(၈)နာရီအချိန်၌ ဆရာတော် မေတ္တာဝိဟာရီနှင့် တီးဒေါ့(ပ်)မှ ဒတ်ချ်ဘုန်းတော်ကြီး ပုညဓမ္မောတို့က ကားကိုယ်စီဖြင့် လိုက်ပါလျက် ဆရာတော်ဘုရားကြီးအား ပင့်ဆောင်၍ (၁၁၂) ကီလိုမီတာ ဝေးကွာသော "ဝါးလ်ဝစ်(က်) (Waalwijk) သို့ ထွက်ခွာတော်မူခဲ့ကြရာ နံနက်(၁၀း၁၅) နာရီအချိန်တွင် ဆိုက်ရောက်ခဲ့ပါသည်။ နေ့ဆွမ်းကိုမူ မေတ္တာ ဝိဟာရကျောင်း၌ ဘုဉ်းပေးတော်မူပြီးနောက် မွန်းလွဲ ၁း၅၀ နာရီအချိန် အမ်စတားဒမ် (ဗျာအနမိဓာ)သို့ ဆက်လက် ကြွမြန်းခဲ့ လေသည်၊ ညနေ ၃–နာရီ အချိန်၌ (Holland International Rondwaart) ၏ စီစဉ်ထားချက်အတိုင်း အမ်စတားဒမ်၏ နာမည်ကျော်ကြားသော မြို့လယ် ရေကာတာ တူးမြောင်း ခရီး တပတ်ကို မော်တော်စက်ရေယာဉ် (Launch) ဖြင့် လှည့်လည် ရှုစားတော်မူကြပါသည်။ ညနေ ၅–နာရီကျော်တွင် (Schiphol) ခေါ် လေဆိပ်သို့ ဆင်း၍ ပြင်သစ်ပြည် ပါရီမြို့သို့တဖန် လေယာဉ်ဖြင့် ထွက်ခွါတော်မူခဲ့ကြပါသည်၊ ပါရီမြို့သို့ ရောက်ရှိသည့်အခါ ည ၇–နာရီထိုးခဲ့လေပြီ။

ပါရီလေဆိပ်၌ မြန်မာသံအမတ်ကြီး ဦးစောလှိုင်နှင့် ဦးသန်းထွန်း စသည့် မြန်မာသံရုံး အဖွဲ့ဝင်များက (Ky- Vien-Tu) ကျောင်းမှ ဗီယက်နမ်ဘုန်းတော်ကြီး ဒေါက်တာ ခန္တိဓမ္မော (Dr- Khanti Dhammo)နှင့် တပည့်ရဟန်း ဒကာ ဒကာမများတို့ပါ အတူလာရောက် ကြိုဆိုဝတ်ပြုကြပါသည်။ လေဆိပ်မှ ည(၇း၅၀)နာရီ အမှောင်မလွှမ်းမီ ထွက်ခွါခဲ့ပြီးနောက် သံအမတ်ကြီး ဦးစောလှိုင်က ပင့်ဆောင်ခြင်းပြုသဖြင့် ပါရီမြို့တွင်းရှိ သံရုံးအိမ်ဂေဟာသို့ ကြွမြန်းခဲ့လေသည်၊ သံအမတ်ကြီး ဦးစောလှိုင်က ၎င်း၏နေအိမ်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူရန် ဆရာတော်ဘုရားကြီးအား လျှောက်ထားခဲ့၍ ထို အိမ်ဂေဟာ၌ပင် တည်းခိုခြင်း ပြုခဲ့ကြောင်း။

## ဇူလိုင်လ ၁၃–ရက်နေ့

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား မြန်မာ သံအမတ်ကြီး ဦးစောလှိုင် ဇနီး ဒေါ်မြင့်မြင့်နှင့် မိသားစုတို့က အရုဏ်နှင့်နေ့ဆွမ်းကို ဆက်ကပ်လှူဒါန်းကြပါသည်၊ မွန်းလွဲ ၂–နာရီအချိန်တွင်မှ ပြင်သစ်ပြည် မြို့တော်ပါရီ၏ သဘာဝ အလှရှုခင်းများကို ဒေသန္တရဗဟုသုတအလို့ငှါ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့တို့က လှည့်လည်ကြည့်ရှုတော်မူပြီး ညနေပိုင်းတွင် သံရုံးဂေဟာသို့ ပြန်လည်ရောက်ရှိခဲ့လေသည်။ ည(၉)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက မြန်မာသံအမတ်ကြီးမိသားစုနှင့်သံရုံးအဖွဲ့ဝင်တို့အား သရဏဂုံသုံးပါးနှင့် ၅–ပါးသီလကိုပေးပြီးနောက် သတိပဋ္ဌာန်တရားတော်ကို ၁၀–မိနစ်ခန့် ဟောကြားတော်မူပါသည်၊ ထို့နောက်မှ တရားထိုင်ခြင်းပြုကြရာ ည(၁၀း၃၀)နာရီအချိန်မှ တရားသိမ်းခဲ့လေသည်။

## ဇူလိုင်လ ၁၄–ရက်နေ့

နံနက် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် နံနက်(၈း၁၅)နာရီအချိန် မဟာယာနကျောင်း (Mahayana Temple of Monastere Boudhque)သို့ ကားဖြင့် ဆရာတော်ဘုရားကြီးအဖွဲ့တို့က ကြွမြန်းတော်မူခဲ့သည်။ အဆိုပါကျောင်းရှိ အချို့အမျိုးသားများက ဆရာတော်ဘုရားကြီးထံတွင် ငါးပါးသီလခံယူကြကြောင်း။ ခရီးဦးကြိုဆိုသူ ပရိသတ်အင်အားမှာ ၃၀–ယောက်ခန့်ရှိပါသည်၊ ပရိသတ်အများစုမှာ ဗီယက်နမ်အမျိုးသားများ ဖြစ်ကြပေသည်။ ထို့နောက် အချိုအဖျော်ယမကာများကို ဆက်ကပ်ကြပြီးလျှင် ဆရာတော်ဘုရားကြီးအား ကျောင်း၏ အနေအထားကို လိုက်လံ ပြသကြကြောင်း။ ထိုကျောင်းမှ နံနက်(၉း၅၀) အချိန်၌ ထွက်ခွာတော်မူခဲ့ပြီး နာရီဝက်ခန့်မျှဝေးသော (Ky-Vien-Tu) ဗီယက်နမ်ကျောင်းသို့ ဆက်လက်ကြွရောက်တော်မူခဲ့ပေသည်၊ ဗီယက်နမ်ကျောင်းတွင် အရှေ့တောင်အာရှ စားဖွယ် သောက်ဖွယ် ဆွမ်းဟင်းလျာ သစ်သီးမျိုးစုံဖြင့် အချိုပွဲပါမကျန် ဆက်ကပ်လှူဒါန်းခြင်း ပြုကြပေသည်၊ မွန်းလွဲ ၂း၁၅ နာရီအချိန်တွင် ဆရာတော်ဘုရားကြီးအား ဗီယက်နမ်ဆရာတော် ဒေါက်တာ ခန္တိဓမ္မော (Dr. Khanti Dhammo)က မိတ်ဆက်နှုတ်ခွန်း ပြောကြားယင်း ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ထည့်သွင်းကာ တရားနာပရိသတ်အား တင်ပြသွားကြောင်း။ ၎င်းနောက် ဆရာတော်ဘုရားကြီးက နှုတ်ဆက်စကား ပြန်ကြားပြောဆိုတော်မူပြီး အလုပ်ပေးတရားတော် အနည်းငယ်ကို အင်္ဂလိပ်လို ဟောပြောခဲ့လေသည်။ ဆက်လက်၍ ဆရာတော် ဦးဇနက–က ဟောကြားခြင်းပြုတော်မူပါသည်။ ထိုသို့ဟောကြားစဉ် ပရိသတ်များ ၅၀–ခန့်ရှိပြီး ဗီယက်နမ် အမျိုးသားအမျိုးသမီးများ ဖြစ်ကြလေသည်။ ၎င်းတို့အထဲတွင် မြင်ကွန်းမင်းသားကြီး၏သမီးတော် ဒေါ်ဖြူ၏ ရင်သွေးဖြစ်သည့် ဒေါ်စိန်မြိုင်ဆိုသူလည်း ပါဝင်ခဲ့ပါသည်၊ ဒေါ်စိန်မြိုင်သည် မူလက ဗီယက်နမ်နိုင်ငံတွင် နေထိုင်ခဲ့ပြီး ဗီယက်နမ်အမျိုးသား ခင်ပွန်းသည်နှင့်အတူ သမီးများနှင့် ပါရီ (Paris)တွင် အခြေစိုက်နေထိုင်လျက်ရှိကြောင်း သိခဲ့ရသည်။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်ကို အမျိုးသားတဦးက အင်္ဂလိပ်ဘာသာမှ ဗီယက်နမ်ဘာသာဖြင့် ပြန်ဆိုပေးခဲ့သည်။ ညနေ ၅–နာရီခန့် တရားသိမ်းပြီးနောက် ထိုကျောင်းမှ သီတင်းသုံးတော်မူရာ မြန်မာသံရုံးဂေဟာသို့ ပြန်လည်ကြွတော်မူခဲ့ပေသည်။ မြန်မာသံအမတ်ကြီးအိမ်တွင် ည(၉)နာရီအချိန် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားတော်ကို သံရုံးအဖွဲ့ဝင်အားလုံး မိသားစုတို့အား ဟောကြားချီးမြှင့်တော်မူပါသည်။ ထို့နောက် သံအမတ်ကြီးမိသားစုနှင့်တကွ သံရုံးအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ဖြင့် ဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်ဘုရားကြီးက အနုမောဒနာတရား ပေးသနားတော်မူပြီး ရေစက်ချ အမျှဝေကြပါသည်။ တရားပွဲကိုမူ ည(၁၀း၄၅)နာရီမှ သိမ်းခဲ့လေသည်။ ပါရီမြို့တော်၏ ရာသီဥတုမှာ ကောင်းလျက်ပင်။

## ပါရီမှ လန်ဒန်
## အဆန်ခရီး

### ဇူလိုင်လ ၁၅–ရက်နေ့

ထိုနေ့နံနက် (၄)နာရီအချိန်၌ မြန်မာသံအမတ်ကြီး ဦးစိုးလှိုင်မိသားစုတို့၏ ဒါနကုသိုလ်ဖြစ်သည့် အရုဏ်ဆွမ်းကို ဘုဉ်းပေးတော်မူကြပြီးလျှင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် နံနက် (၅း၁၀)နာရီအချိန်တွင် ပါရီမြို့မှ မော်တော်ကားဖြင့် ပြင်သစ်မြောက်ဘက် ကမ်းရိုးစွန်းရှိ "ကယ်လေ" (Callais) မြို့သို့ ထွက်ခွာတော်မူခဲ့ကြပါသည်။ ပါရီနှင့်ကယ်လေမြို့မှာ ကီလိုမီတာ ၂၉၉–ကွာဝေးသဖြင့် နံနက် (၈း၂၅)နာရီအချိန်မှပင် ဆိုက်ရောက်ခဲ့လေသည်။ အဆိုပါ (Callais) ဆိပ်ကမ်းမှ သမ္ဘာန်ရေယာဉ် (Hovereraft)ဖြင့် နံနက်(၉း၂၀) နာရီအချိန်၌ ထွက်ခွာတော်မူခဲ့ကြရာ၊ (English Channel) ခေါ် ပင်လယ်ရေလက်ကြားကို ဖြတ်သန်း၍ အင်္ဂလန်ပြည်ရှိ ဒိုဗာ (Dover) တဘက် ဆိပ်ကမ်းမြို့သို့ မိနစ်အနည်းငယ်အတွင်း ရောက်ရှိခဲ့သည်၊ ဒိုဗာတွင် ဦးစိန်ထွန်းအောင်, ဒေါက်တာ–ဦးဝင်မောင်, ဒေါက်တာ ရွှေထွန်းကျော်နှင့် ဦးသိန်းထွန်းတို့က လာရောက် ကြိုဆိုလျက် ရှိခဲ့ကြပါသည်။ ထိုမှတဆင့် ကားလမ်းခရီးဖြင့် လန်ဒန်မြို့သို့ ဆက်ခဲ့ပြန်ရာ ဦးမောင်မောင်၏ အိမ်သို့ မွန်းမလွဲမီ (၁၁း၃၀) နာရီအချိန်၌ ရောက်ခဲ့၍ နေ့ဆွမ်းဆက်ကပ်သည်ကို ဘုဉ်းပေးတော်မူကြပါသည်။ ဆွမ်းစားပြီး မကြာမြင့်မီ ဒေါ်အုန်းမြင့်၏နေအိမ်သို့ ကြွတော်မူပါသည်။ ဒေါ်အုန်းမြင့်က ၎င်း၏နေအိမ်ကို ကျောင်းအမှတ်အဖြစ်ဖြင့် သီတင်းသုံးတော်မူရန် လျှောက်ထားခဲ့လေသည်။ ည(၈း၁၅)နာရီ အချိန်တွင် ဒေါ်အုန်းမြင့်အိမ်၌ပင် အောက်စ်ဖို့ဒ် (Oxford)မှ ရောက်လာသော ဦးမြတ်စော အပါအဝင် မြန်မာပရိသတ် ၅၀–ခန့်တို့အား အနုသန္ဓေစကား ပြောကြားနူတ်ဆက်ပြီး ညစမ္မာယ်တော်မူပါသည်။

## လန်ဒန်မှဘန်ကောက် တခေါက်ပြန်လည်
## သာသနာတလီ ဖြန့်ချီတော်မူခြင်း

### ဇူလိုင်လ ၁၆–ရက်နေ့

မိုးသောက်ယာမ်အချိန်တွင် ဒေါ်အုန်းမြင့်မိသားစုတို့ကပင် သဒ္ဓါကြည်နူးဘောဇဉ်ထူးဖြင့် အရုဏ်ဆွမ်းကပ်လှူကြပေသည်။ နံနက်(၇)နာရီအချိန်တွင်မူ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဟိသ်ရိုး (Heathrow) လေယာဉ်ကွင်းသို့ ကြွချီတော်မူပြီးလျှင် လန်ဒန်မြို့မှ လေယာဉ်စီးနင်းလိုက်ပါကာ ထွက်ခွာတော်မူခဲ့လေသည်။အချိန်သည်ကား နံနက်(၈း၅၇)နာရီရှိလေပြီ။ ယင်းလေယာဉ်၏ ခရီးလမ်းစဉ်မှာ "ရောမမြို့" (Rome)မှ "ကိုင်ရို" (Cairo) ကိုင်ရိုမှ "အဘူဒဗေ" (Abu Dabhai) ထိုမှ တဆင့် အိန္ဒိယပြည် နယူးဒေလီမြို့ (New Delhi)သို့ ဖြစ်ပါသည်။ နယူးဒေလီတွင် ခေတ္တရပ်နားခဲ့ပြီး၊ နောက်တနေ့တွင် အာရှအရှေ့တောင်ဆီသို့ ဦးတည်ပျံသန်းသည့် လေယာဉ်ဖြင့် လိုက်ပါလာခဲ့ကြပါသည်။

### ဇူလိုင်လ ၁၇–ရက်နေ့

လေယာဉ်ပေါ်တွင်ပင် ဆရာတော်ဘုရားကြီးသည် ထိုနေ့နံနက် အရုဏ်ဆွမ်းကိုငင်း, နေ့ဆွမ်းကိုငင်း, ဘုဉ်းပေးသုံးဆောင်တော် မူခဲ့သည်။ စီးနင်းလိုက်ပါလာသော လေယာဉ်သည် ယိုးဒယားပြည် ဘန်ကောက်မြို့သို့ နေ့လယ် (၁၂း၃၀) နာရီအချိန်၌ ဆင်းသက်ခဲ့လေသည်။

ဘန်ကောက်လေယာဉ်ကွင်းသို့ ဆိုက်ရောက်သည့်အခါ ဆရာတော် ဦးအာသဘ, မြန်မာသံရုံးမှ ဦးသိန်းနှင့် အခြားအရာရှိများ, ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်မေမေပု, ဦးကျော်စိုး စသည့်ပုဂ္ဂိုလ်များက လာရောက်ကြိုဆိုလျက်ရှိကြပါသည်။ လေဆိပ်မှတဆင့် "ချွန်ဘူရီ" (Chonburi)သို့ ထွက်ခွါခဲ့ကြရာ ညနေ (၄) နာရီခန့်၌ ရောက်ခဲ့လေသည်။ ည၌ဦးယံ (၇း၃၀) နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက ယောဂီ ပရိသတ်အား သတိပဋ္ဌာန် တရားကို ဟောကြားတော်မူပါသည်။ ထိုမှတပါး တရားနာပရိသတ်အား မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်ကို ထည့်သွင်း၍ ဩဝါဒ (၃)မျိုးဖြင့် အဆုံးအမ တရားပေးသွားတော်မူပါသည်။ ယင်းသို့ တပည့်သားသံဃာတော်များအား ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် မိန့်မြွက်တော်မူသည့် ပါဠိဂါထာတော်မှာ–

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

ဖြစ်ပါသည်။ ထိုဂါထာတော်ကို ဆရာတော်ဘုရားကြီးက မြန်မာ စကားပြေဖြင့်–

(၁) မကောင်းမှု အကုသိုလ်ဟူသမျှ မပြုပါနှင့်၊
(၂) ကုသိုလ်ဟူသမျှကိုပြုပါ၊
(၃) မိမိစိတ်ကို အညစ်အကြေးမရှိအောင် စင်ကြယ်ပါစေ။

ဟူ၍ တိတိကျကျ ဘာသာပြန်ကြား ညွှန်ပြတော်မူပေသည်။ ထိုဩဝါဒတော်ကို အတိုချုံး၍လည်း မှတ်မိကြစေရန် အောက်ပါ ဆောင်ပုဒ်ကလေးဖြင့် ထပ်ဆင့်ချီးမြှင့်တော်မူခဲ့ပေသည်။

"အကုသိုလ်များ ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွားစုံစေ။
မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး ဘုရားဆုံးမပေ။"

ဤသို့ဟောကြားချက်အစုံအလင်ကို ဆရာတော် ဦးအာသဘ–က ယိုးဒယားဘာသာစကားရပ်ဖြင့် ပြန်ဆိုဟောပြောခဲ့သည်။ တရားပွဲကို ည (၉) နာရီ၌ ရုပ်သိမ်းခဲ့ကြောင်း။ ယိုးဒယား၏ ရာသီဥတုအခြေအနေမှာ ထိုအချိန်အခါ၌ အပူချိန်ဒီဂရီမှာ များလျက်ရှိပေသည်။ ယိုးဒယားသို့အပြန်ခရီးတွင် ဝင်ရောက်ရပ်နားရခြင်းမှာ တပည့်များဖြစ်ကြသော သံဃာတော်များနှင့် ယောဂီများ၏ မူလတောင်းပန်လျှောက်ထားချက်အရ ဖြစ်ပေသည်။

## ချွန်ဘူရီ ဝိဝေက စခန်းနှင့် ဘန်ကောက်ဝတ်မဟာတပ်သို့ ကြွမြန်းခြင်း

### ဇူလိုင်လ ၁၈–ရက်နေ့

ချွန်ဘူရီဝိဝေကအာစုမ် ကျောင်းတွင် ဘန်ကောက်မြို့မှ အတူလိုက်ပါလာကြသော ဒေါ်မေမေပု, ဒေါ်သန့်သန့် တို့က ကိုယ်တိုင်ကိုယ်ကျ စီမံချက်ပြုတ်၍ ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းခြင်းပြုပါသည်။ နံနက် ၈း၃၀ နာရီအချိန်၌ ချွန်ဘူရီမှ ထွက်ခွါတော်မူခဲ့ပြီးလျှင် ဘန်ကောက်မြို့ (Wat Mahadart) ဝတ်မဟာတပ်ကျောင်းသို့ ကြွမြန်းခဲ့သည်၊ ဘန်ကောက်သို့ နံနက်(၁ဝး၃၀)နာရီအချိန်၌ ရောက်ရှိပြီး နေ့ဆွမ်းကို ဘုဉ်းပေးတော်မူပါသည်၊ အဆိုပါကျောင်းတွင် တရားနာရန် ပရိသတ် ရဟန်းရှင်လူ စုစုပေါင်း(၅၀၀)ခန့် ရောက်လျက်ရှိကြရာ မွန်းလွဲ (၁း၃၀)နာရီအချိန်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားကို ညနေ (၃း၃၀) နာရီတိုင် ဟောကြားတော်မူခဲ့ပေသည်။ ဆရာတော်ဘုရားကြီးသည် တရားပွဲအပြီး ခေတ္တအနားယူခဲ့ပြီးနောက် (Mahamakut) ခေါ် သံဃာ့တက္ကသိုလ်သို့ ကြွတော်မူ၍ သတိပဋ္ဌာန်တရားကိုပင် အတိုချုပ်ဟောတော်မူခဲ့ကြောင်း။ ထိုသို့ဟောကြားသည့် တရားတော်ကို မြန်မာဘာသာ တတ်ကျွမ်းသည့် ယိုးဒယား (ထိုင်း) ဘုန်းကြီးတပါးက ဘာသာပြန်ဆို ဟောပြောပါသည်။ ယင်းသို့ တရားဟောကြားသည့်အခါ ပရိသတ်(၂၀၀)ခန့် တက်ရောက်နာကြားကြသည်။ အဆိုပါတက္ကသိုလ်တွင် သံဃာတော်များ သီတင်းသုံးရန် ကျောင်းတစ်ကျောင်းရှိ၍ ငါးထပ်အနက်တထပ်တွင် တရားထိုင်ရန် သတ်မှတ်ထားရှိပေသည်၊ တရားပွဲ ရုပ်သိမ်းချိန်မှာ (၆)နာရီ ဖြစ်ပါသည်၊ (၇)နာရီအချိန်တွင် ထိုင်း (Thai) သံဃာရာဇာနှင့် ဆရာတော်ဘုရားကြီးက တွေ့ဆုံခဲ့သည်၊ ထို သံဃာရာဇာ ဆရာတော် မှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားထက် ဝါတော်ကြီးသည်ဟု သိခဲ့ရကြောင်း။ ည (၇း၃၀)နာရီအချိန်၌ သံဃာ့တက္ကသိုလ်ကျောင်းတော်မှ ထွက်ခွာတော်မူခဲ့ပြီး "ဝတ်မဟာတပ်"သို့ (၈)နာရီအချိန် ပြန်လည်ရောက်ရှိတော်မူခဲ့ပါသည်။

## ဘန်ကောက်မှ လန်းပန်းသို့ ကြွရောက်တရားချီးမြှင့်ခြင်း

### ဇူလိုင်လ ၁၉–ရက်နေ့

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား "ဝတ်မဟာတပ်" ကျောင်းတွင် စားသောက်ဖွယ်များ သစ်သီးများနှင့် ယိုးဒယားဆံပြုတ်ဆွမ်းတို့ဖြင့် အရုဏ်ဆက်ကပ်ကြသည်။ ထိုနေ့နံနက် (၆း၃၀) နာရီအချိန်တွင် လန်းပန်း (Lampang) သို့ သွားရောက်ရန်အတွက် လေယာဉ်ဆိပ်သို့ ကြွမြန်းတော်မူပါသည်။ ယိုးဒယားပြည်တွင် လေယာဉ်ခရီးစဉ်အရ နံနက်(၈)နာရီ အချိန်တွင် ထွက်ခွါသောလေယာဉ်ဖြင့် လိုက်ပါတော်မူခဲ့ရာ (၁၀း၄၅)နာရီအချိန်၌ လန်းပန်းသို့ ဆိုက်ရောက်ခဲ့သည်။ ထိုခရီး စဉ်တွင် ဘန်ကောက်မှ ဦးသောဘနဆရာတော်လည်း ဆရာတော်ဘုရားကြီးနှင့် လိုက်ပါလာတော်မူခဲ့ကြောင်း။ နံနက်(၁၀) နာရီအချိန်၌ ဦးဓမ္မာနန္ဒ သီတင်းသုံးတော်မူရာ "ဝတ်ထမအို့"ကျောင်းသို့ ဆရာတော်ဘုရားကြီးအား ပင့်ဆောင်ရန်အတွက် လေဆိပ်တွင် ဆရာတော်ဦးဓမ္မာနန္ဒ, ဆရာတော် ဦးပညာဝံသ, ဦးသာသနနှင့် ဒကာ ဒကာမများက လာရောက်နှင့်ခဲ့သည်။ ဦးဓမ္မာနန္ဒကျောင်းသို့ နံနက်(၁၁)နာရီအချိန်တွင် ရောက်တော်မူကြပြီးနောက် နေ့ဆွမ်းကို ဆက်ကပ်လှူဒါန်းကြလေသည်၊ နေ့ဆွမ်းမှာ သဒ္ဓါထူးလျက် တရုတ်ဟင်းလျာ စုံလင်စွာနှင့် ချို, ချဉ်, မုန့်မျိုးစုံ သစ်သီးမျိုးစုံ ပါဝင်ပါသည်။ ညနေ(၄)နာရီ အချိန်၌ ဆရာတော်ဘုရားကြီးက ကျောင်းတော်ရှိ သံဃာတော်များ, သီလရှင်များနှင့် ဒကာ ဒကာမများ ပေါင်း(၄၀)ခန့်ကို အလုပ်ပေးတရားတော် အနည်းငယ် ဟောကြားတော်မူပြီး ဆက်လက်၍ ဆရာတော် ဦးဇနက–က ဟောကြားတော်မူကာ ည (၆း၃၀)နာရီအချိန်၌ တရားပွဲသိမ်းခြင်း ပြုခဲ့ပါသည်။ ထို့ပြင် တရားနာကြသူ ဒကာဒကာမများက သဒ္ဓါကြည်နူး ပစ္စည်းထူး တို့ဖြင့်လည်း ဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းကြလေသည်။

## လန်းပန်းမှ ဇင်းမယ်သို့<br>ဒေသစာရီ ကြွချီတော်မူခြင်း

### ဇူလိုင်လ ၂၀–ရက်နေ့

ထိုနေ့ တနေ့လုံးလိုလိုပင် ညနေ (၄း၃၀) နာရီအချိန်အထိ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် လန်းပန်း၌ပင် ရှိခဲ့ပေ သည်။ နံနက်စောစော အသားယာဂုနှင့် ချိုချဉ်, မျိုးစုံ စသည့် အရုဏ်ဆွမ်း ဆက်ကပ်သည်ကို ခံယူဘုဉ်းပေးတော်မူကြပြီး နောက် နံနက် (၈း၁၅) နာရီမှစတင်၍ လန်းပန်းရှိ မြန်မာဘုန်းကြီးကျောင်းများသို့ လိုက်လံကြည့်ရှုခဲ့ကြပါသည်။"ဝတ်ပါမန်" ကျောင်း၌ ဦးသာသနလည်း အတူလိုက်ပါတော်မူပါသည်၊ ဦးစွာ ဦးပညာဝံသကျောင်း "ဝတ်စီချွန်"သို့ ကြွရောက်တော်မူခဲ့ပြီး ထိုကျောင်းတော်တွင် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို ဆရာတော်ဘုရားကြီးက ခံယူဘုဉ်းပေးတော်မူပါသည်။ နေ့လယ် အချိန်၌ ခေတ္တအနားယူတော်မူပြီးလျှင် မွန်းလွဲ (၂း၁၅)နာရီအချိန်တွင် သတိပဋ္ဌာန်တရားတော် အတိုချုပ်ကို ဟောကြားခဲ့ သည်။ ထို့နောက်မှ ရဟန်းယောဂီ လူယောဂီ ပရိသတ် (၆၀)ကျော်ခန့်က ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့၍ လှူဘွယ်ပစ္စည်းအမျိုးမျိုးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြကုန်သည်။ ဆရာတော်ဘုရားကြီးက တရား အနုမောဒနာပြု၍ ရေစက် သွန်းချ အမျှဝေပြီးလျှင် ညနေ(၃း၄၀)နာရီ အချိန်တွင် တရားပွဲသိမ်းခဲ့ကြောင်း။

ညနေ (၄)နာရီအချိန်၌ ကျောင်းမှ ထွက်ခွါတော်မူပြီးနောက် ဝါတော် (၆၀)ဝါရှိ လန်းပန်း ဂိုဏ်းချုပ်ဆရာတော်ကြီး ၏ကျောင်းသို့ သွားရောက်၍ ကန်တော့ခဲ့ကြသည်။ ထိုမှတဖန် ဆရာတော်ဘုရားသည် အဖွဲ့ဝင်များနှင့်အတူ လန်းပန်းမှ ဇင်းမယ် (Chiengmai)သို့ ကြွမြန်းခဲ့ရာ (၉၆) ကီလိုမီတာ ခရီးကိုဖြတ်သန်း၍ ညနေစောင်းအချိန် (၆)နာရီခန့်တွင် ဆိုက် ရောက်ခဲ့လေသည်၊ ဇင်းမယ်တွင် (Wat Moung Mang) ကျောင်း၌ တည်းခိုခြင်းပြုခဲ့ရာ ထိုကျောင်းဘုန်းကြီး ဦးသီရိမင်္ဂလာ (Acam Thong)က အလေးအနက် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်မိန့်ခွန်း ပြောကြားပါသည်။ အဆိုပါကျောင်း၌ ရဟန်း (၂၉)ပါး၊ သာမဏေ (၁၃)ပါးနှင့် သီလရှင် (၄၀)ခန့် ရှိသည်ဖြစ်၍ ဒကာ ဒကာမများဖြင့် စည်ပင်လှပေသည်။ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက ပြန်လည်၍ မိန့်ခွန်းပြောကြားခဲ့ရာ လန်းပန်း "ဝတ်ပါမန်"ကျောင်း ဆရာတော် ဦးသာသနက ယိုးဒယားဘာသာဖြင့် ပြန်ဆိုတော်မူပါသည်။ ည (၈း၃၀)နာရီအချိန်၌ ယောဂီပရိသတ် ရဟန်း (၅၀)ခန့်နှင့် အမျိုးသား အမျိုးသမီး(၁၂၀)ခန့်အား ဆရာတော်ဘုရားကြီးက သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ အသီးသီး ပေးတော်မူပါသည်။ ဆရာတော်ဦးဇနက–က ဆက်လက်၍ ချမ်းသာရေးတရားတော် (The Way to Happiness)ကို အင်္ဂလိပ်လို ဟောကြား တော်မူခဲ့ရာ ထိုင်းအမျိုးသမီးတဦးက ယိုးဒယားဘာသာ ပြန်ဆိုပေးပါသည်။

## ဇင်းမယ်တခွင် လှည့်လည်စဉ်

### ဇူလိုင်လ ၂၁–ရက်နေ့

ဇင်းမယ်မြို့ “ဝတ်သောင်းမန်” ကျောင်းတော်၌ ဟင်းလျာမျိုးစုံနှင့် ယာဂုမကျန် စားဖွယ် သောက်ဖွယ်များဖြင့် အရုဏ်ဆွမ်း ဆက်ကပ်ကြလေသည်၊ ထို့နောက် နံနက် (၈)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက ဇင်းမယ်၏ ဌာနခွဲဖြစ်သည့် “ဝတ်တပေါတာရာမ” တောကမ္မဋ္ဌာန်းကျောင်းသို့ ကြွရောက်တော်မူပါသည်။ ဤကျောင်းတွင် ရဟန်းယောဂီ (၂၈)ပါး၊ သီလရှင်(၂၀)ဦးနှင့် လူယောဂီ (၂၆)ယောက်ခန့် ရှိကြောင်း။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ယောဂီပရိသတ်ပေါင်း (၁၀၀)ခန့်အား သတိပဋ္ဌာန်တရားတော် အတိုချုပ်ကို ဟောကြားခဲ့ရာ မော်လမြိုင်တွင် ကြီးပြင်းလာခဲ့သော ယိုးဒယားအမျိုးသားယောဂီ ဦးသာ ဆိုသူက မြန်မာစကား ကောင်းစွာတတ်ကျွမ်းသည့်အလျောက် ဘာသာပြန်ဆိုခြင်း ပြုပါသည်။ နံနက် (၁၀း၃၀)နာရီ၌ တရားသိမ်းပြီးလျှင် နေ့ဆွမ်းကို ထိုကျောင်းမှ ဆက်ကပ်လှူဒါန်းပါသည်။ နေ့မွန်းလွဲ (၁း၁၅)နာရီအချိန်တွင် ကျောင်းမှ ထွက်ခွာတော်မူပြီး ဆရာတော်ဘုရားကြီးသည် “ဝတ်ကျစ်ဝပ်” (Wat Kyit Vut)ကျောင်း, ထိုမှတဖန် “ဝတ်ဖဆင်” (Wat Phasin)သို့ ဆက်လက်ကြွမြန်းခဲ့ရာ ညနေ (၃)နာရီတွင် ရောက်တော်မူခဲ့သည်။ အဆိုပါ “ဝတ်ဖဆင်”၌ ဆရာတော်ဘုရားကြီးက “သမဂ္ဂါနံ တပေါ သုခေါ” တရားတော်ကို ဟောကြားတော်မူသည်။ ဆရာတော်ဦးဇနက–က မြန်မာဘုန်းကြီးကျောင်းများ၌ စာချပုံစာချနည်းတို့ကို ဟောကြားပါသည်။ ထို့နောက်မှ ဝက်မောင်းမင်း (Wat Moung Mang)သို့ ပြန်လည် ကြွတော်မူခဲ့ရာ ညနေ (၄း၄၅)နာရီ အချိန်တွင် ဆိုက်ရောက်တော်မူပါသည်။ ညပိုင်း (၈း၃၀) နာရီအချိန်၌ ရဟန်း (၄၀)ခန့်၊ လူယောဂီ (၆၀)ခန့်ရှိ တရားနာပရိသတ်အား ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော် (The Way to Happiness)ဖြင့် တိုက်ကျွေးတော်မူခဲ့သည်။ ဆရာတော်ဦးသာသန–က ဘာသာပြန်ဆိုခဲ့ကြောင်း။ ယောဂီပရိသတ်များက ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း တရားပွဲအပြီးသတ် ရုပ်သိမ်းသည့်အခါ ည (၁၀)နာရီခွဲလေပြီ။

### ဇူလိုင်လ ၂၂–ရက်နေ့

ထိုနေ့ အရုဏ်ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက်၊ နံနက် (၈း၃၀) နာရီအချိန်တွင် ဆရာတော်ဘုရားကြီးနှင့် တပည့်သံဃာတော်များက ဇင်းမယ်မှ (၁၀)ကီလိုမီတာ ကွာဝေးသည့် ယိုးဒယားမြသပိတ်တောင်ဘုရားသို့ ကြွရောက်တော်မူခဲ့ကြသည်။ ယင်း မြသပိတ်တောင်ကျောင်းမှာ ကမ္မဋ္ဌာန်း ဌာနတခု ဖြစ်ကြောင်း၊ ထိုကျောင်းတော်သို့ အရောက်တွင် ရဟန်းတော် (၂၀)ခန့်နှင့် သီလရှင်အပါအဝင် လူယောဂီ (၄၀)ခန့်တို့က ကြိုဆိုလျက် ရှိကြကြောင်း။ နေ့ (၁၁)နာရီအချိန်၌ မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့ဖြင့် ကပ်လှူသည့် နေ့ဆွမ်းကို ဘုဉ်းပေးတော်မူခဲ့သည်။ မွန်းလွဲ (၁း၃၀)တွင် ဆရာတော်ဘုရားကြီးက ရဟန်းနှင့်လူယောဂီ ပရိသတ်(၁၀၀)ကျော်တို့အား သတိပဋ္ဌာန်တရားအကျဉ်းချုပ်ကို ဟောကြားတော်မူပေသည်။ ဒကာ ဦးသာ–က ယိုးဒယားဘာသာဖြင့် ပြန်ဆိုခြင်းပြုပါသည်။ ထိုအချိန်တွင် မိုးအနည်းငယ်ရွာသွန်းလျက် ရှိခဲ့သည်။ ညနေ(၃)နာရီအချိန်၌ ဇင်းမယ်သို့ ပြန်လည်၍ ကြွတော်မူခဲ့ရာ၊ (၄း၁၅)နာရီအချိန်တွင် ရောက်ရှိခဲ့ကြောင်း။ ည(၈း၃၀)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက ကျောင်းတော်ရှိ ရဟန်းရှင်လူ ပရိသတ်(၁၀၀)ကျော်အား သတိပဋ္ဌာန်တရား အနည်းငယ် ဟောကြားပြီး ဆရာတော် ဦးဇနက–က ဆက်လက် ဟောကြားတော်မူခဲ့ရာ ည (၁၀)နာရီအချိန်တွင်မှ တရားသိမ်းခြင်းပြုခဲ့ပါသည်။

## ဇင်းမယ်မှ ဘန်ကောက် ပြန်လည်ရောက်

### ဇူလိုင်လ ၂၃–ရက်နေ့

နံနက် အရုဏ်တက်စချိန်ဝယ် ဆက်ကပ်သည့် ယာဂုအစရှိသော ချိုချဉ်ရသာပါရှိသည့် ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက်။ နံနက်(၈း၃၀)နာရီအချိန်တွင် ဇင်းမယ်အနီးရှိ “ဝတ်ဖာထ”ကျောင်းသို့ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့က ထွက်ခွာတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး နောက်တော်ပါးသို့ “မောင်းပန်းကျောင်းဘုန်းကြီး” ဘန်ကောက်မှ ဦးသောဘန “ဝတ်ဖာဖန်”မှ ဦးသာသန၊ မယ်ဆိုင်းမြို့ မြို့ပိုင်ဘုန်းကြီးဦးဝိလာသ (မြန်မာစာပေ တတ်ကျွမ်းသည်)နှင့် “ဝတ်စီကြုံး”မှ ဦးပညာဘိဝံသတို့လည်း လိုက်ပါလာခဲ့ကြသည်။ အဆိုပါ “ဝတ်ဖာထ”ကျောင်း၌ ရဟန်းရှင်လူ ယောဂီပရိသတ် ၈၅–ဦးခန့် ရှိခဲ့ကြောင်း။ ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားအကျဉ်းချုပ် ဟောကြားတော်မူပြီး ဦးဝိလာသက ဘာသာပြန်ဆိုတော်မူပါသည်။ ထို့နောက် ယောဂီပရိသတ်အား ၁၀–မိနစ်ခန့်မျှ တရားလေ့ကျင့်ထိုင်စေပါသည်။ တရားသိမ်းသည့်အချိန်မှာ နေ့ဆွမ်း ဘုဉ်းပေးရန် (၁၁)နာရီအချိန် ရောက်ရှိနေသဖြင့် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြလေသည်။ မွန်းလွဲ (၁း၁၅)နာရီ အချိန်၌ (Phra Buddhapatapha) အမည်ရှိ ကျောင်းတော်သို့ ကြွမြန်းခဲ့ရာ နာရီဝက်ခန့် အကြာတွင် ရောက်ရှိတော်မူပါသည်။ ထိုကျောင်းတော်ရာမှ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသည့်အခါက ဒေသစာရီ ကြွချီတော်မူလာစဉ် ရေသနုပ်လုန်းသည့်နေရာ ဖြစ်သည်ဟု သိခဲ့ရပါသည်။ ကျောင်းတွင် ပရိယတ္တိနှင့် ပဋိပတ္တိ

နှစ်ရပ်စလုံးသင်ကြား၍ လက်ရှိသံဃာတော် ၉၂–ပါး၊ သာမဏေ ၉၁–ပါး ရှိပါသည်။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရဟန်းပရိသတ်(၂၀၀)ခန့်နှင့် တရားနာ ကလျာဏ ပရိသတ် ၂၀၀–ခန့်တို့အား သီလပေးတော်မူပြီးနောက် ဗုဒ္ဓဒေသနာတော် တရားတော်ကို ဟောတော်မူပါသည်။ အဆိုပါကျောင်းမှ ဇင်းမယ် ပဏ္ဏာသနှင့် မင်္ဂလတ္ထဒီပနီရေးသားတော်မူသော ဆရာတော် သီတင်းသုံးရာ ကျောင်းသို့ ကြွရောက်တော်မူခဲ့သည်။ ယင်းကျောင်းတော်တွင် ယခုအခါ ဆရာတော် (Allan Lonpho)နှင့် သံဃာ ၅-ပါး ရှိပါသည်။ ထိုဆရာတော်အား ခေတ္တခဏ နှုတ်ဆက်စကားပြောကြားပြီး "ဝတ်မောင်းမန်း"သို့ ပြန်လည်ကြွမြန်းခဲ့ရာ ညနေ(၆း၂၀)နာရီခန့်၌ ပြန်လည်ရောက်ရှိတော်မူလေသည်။ ည(၈)နာရီအချိန်တွင် တကျောင်းလုံးရှိ သံဃာတော်များ ရှင်သာမဏေများ၊ သီလရှင်များနှင့်အမျိုးသား အမျိုးသမီး ယောဂီအပေါင်းတို့က ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား လှူဘွယ်ပစ္စည်း အစုစုတို့နှင့် လှူဒါန်းကန်တော့ကြပါသည်။ ဆရာတော်ဘုရားကြီးက ပြန်လည်နှုတ်ဆက်မိန့်ခွန်းဟောပြောကာ ရေစက်ချ အမျှဝေခဲ့သည်။ ည (၈း၃၀)နာရီ အချိန်ခန့်တွင် ကျောင်းတော်မှ ထွက်ခွာတော်မူခဲ့ကြပြီး အဝေးပြေး ခရီးသည်တင်ဆောင်သော မော်တော်ယာဉ် (De Luxe Coach)ဖြင့် ဘန်ကောက်သို့ ပြန်လည် စီးနင်းလိုက်ပါလာခဲ့လေသည်။ ည ၉–နာရီတွင် ဇင်းမယ်မှ ထွက်ခွါလာရှိရာ နောက်တနေ့ နံနက် ၅း၄၅ နာရီအချိန် ဘန်ကောက်သို့ ဆိုက်ရောက်ခဲ့ပါသည်။ ဇင်းမယ်နှင့်ဘန်ကောက် ခရီးအကွာအဝေးမှာ (၇၂၈)ကီလိုမီတာရှိကြောင်း။

## ဇူလိုင်လ ၂၄–ရက်နေ့

ထိုနေ့နံနက် ဝတ်မဟာတပ်ကျောင်းသို့ ရောက်ရှိပြီးနောက် အရုဏ်ဆွမ်းဘုဉ်းပေးတော်မူသည်။ နေ့ဆွမ်းကိုမူ ထိုကျောင်းတော်၌ပင် သုံးဆောင်တော်မူပြီးလျှင် မွန်းလွဲ ၂း၁၅ နာရီအချိန်တွင် ဆရာတော်ဘုရားကြီးက သတိပဋ္ဌာန်တရားကို ဟောကြားတော်မူရာ ဦးဝိလာသ–က ဘာသာပြန်အဖြစ် ဆောင်ရွက်ပါသည်။ တရားနာပရိသတ်မှာ ရဟန်းရှင်လူ ၁၅၀၀–ခန့် ရှိလေသည်။ ညနေ ၄း၄၅ နာရီအချိန်မှာပင် တရားပွဲ ပြီးဆုံးခဲ့ပါသည်။

# ဘန်ကောက်မှ တလီချွန်ဘူရီ

## ဇူလိုင်လ ၂၅–ရက်နေ့

နံနက်(၅း၃၀)နာရီအချိန် အရုဏ်ဆွမ်းဆက်ကပ်သည်ကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးနောက် ၈–နာရီခန့်တွင် "ချွန်ဘူရီ" (Chonburi)သို့ ကြွမြန်းတော်မူပါသည်။ နေ့ဆွမ်းစားချိန် ရောက်တော်မူခဲ့ရာ ဆရာတော်ဦးအာသဘ၏ ကျောင်းဒကာအိမ်၌ ရသာစုံလင် ချိုချဉ်သစ်သီးမျိုးစုံဖြင့် နေ့ဆွမ်းဆက်ကပ်ခြင်းကို ခံယူဘုဉ်းပေးတော်မူသည်။ ထိုမှတလီ ဝိဝေကအာစမ် (Viveka Ascm) ကျောင်းသို့ ညနေ (၃း၃၀)နာရီအချိန် ပြန်လည်ရောက်ခဲ့ပါသည်။ ညနေ (၆း၃၀) နာရီ အချိန်တွင် ဆရာတော်ဘုရားကြီးက တရားနာပရိသတ်အပေါင်းအား ၅–ပါးသီလ၊ ၈–ပါးသီလ အသီးသီးပေးတော်မူပြီး သတိပဋ္ဌာန်တရားတော်ကို ဟောကြားတော်မူပေသည်။ ဆရာတော်ဦးသာသန–က ဘာသာပြန်အဖြစ် ဆောင်ရွက်တော်မူလျက် ည(၇း၃၀) နာရီခန့်တွင် တရားရေအေး တိုက်ကျွေးခြင်း ပြီးဆုံးခဲ့ပါသည်။

## ဇူလိုင်လ ၂၆–ရက်နေ့

ထိုနေ့ နံနက် အာရုံဆွမ်းကို နံနက် (၆)နာရီအချိန်၌ ဘန်ကောက်မှ ချွန်ဘူရီသို့ ခေတ္တ လာရောက် နေထိုင်ကြသော ဒေါ်မေမေပု၊ မသန်းသန်းတို့က ကိုယ်တိုင်ချက်ပြုတ် လှူဒါန်း ဆက်ကပ်ကြပါသည်။ နေ့ဆွမ်းကိုမူ မသန်းသန်းနှင့် ၎င်း၏ ခင်ပွန်း လီပိတီယောင်း (Lee Pit Teong) တို့က ဆက်ကပ်ခြင်းပြုသည်။ မွန်းလွဲ(၂)နာရီအချိန်၌ ဆရာတော်ဘုရားကြီးက ချမ်းသာရေးတရားတော်ကို ဟောပြောရာ ဦးသာသနက ဘာသာပြန်ဆိုကြောင်း။ ညနေ (၃း၃၀)နာရီ၌ တရားသိမ်းပြီးနောက် (၄)နာရီအချိန်ခန့်တွင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းသို့ ပင့်ဆောင်တော်မူကြသဖြင့် လိုက်ပါတော်မူခဲ့ပြီးလျှင် ည (၇း၃၀) နာရီအချိန် "ချွန်ဘူရီ" ကျောင်းသို့ ပြန်လည် ရောက်ရှိတော်မူသည်။

## ချွန်ဘူရီ ဘန်ကောက် ရန်ကုန် အပြန်ခရီး

## ဇူလိုင်လ ၂၇–ရက်နေ့

ဝိဝေကအာစုမ်ကျောင်းမှ အရုဏ်ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် နံနက်(၇း၅၀) အချိန် ဘန်ကောက်မြို့သို့ ထွက်ခွာတော်မူခဲ့ကြရာ နံနက်(၁၀)နာရီအချိန် "ဝတ်မဟာတပ်"ကျောင်းသို့ ဆိုက်ရောက်တော်မူပါသည်။ ဘန်ကောက်မြို့ နေ့ဆွမ်းကိုမူ ဦးခင်မောင်စိန်နှင့်ဒေါ်အမာရီတို့က ၎င်းတို့၏နေအိမ်သို့ ပင့်ဖိတ်၍ ဆက်ကပ်လှူဒါန်းကြပါသည်။ ထို့ပြင် ၎င်းတို့ဇနီးမောင်နှံက လှူဒါန်းသော ဆွမ်း လှူဘွယ်ဝတ္ထု အမျိုးမျိုးတို့အတွက် ဆရာတော်ဘုရားကြီးက အနုမောဒနာတရား ဟောကြား၍ ရေစက်ချ အမျှပေးဝေပါသည်။ မတ်ရပ်နာရီကြီး တလုံးကိုလည်း လှူဒါန်းခဲ့ပေသေးသည်။ ထိုမှတဖန် ဒကာဦးသိန်းထွန်း၊ ဒေါ်မေမေပုတို့အိမ်သို့ ကြွရောက်ပြီး ညနေ(၃)နာရီအချိန်တွင် ရန်ကုန်သို့ ပြန်လည်ကြွမြန်းတော်မူရန် ဘန်ကောက်လေယာဉ်ကွင်းသို့ ဆင်းခဲ့ရာ မြန်မာသံရုံးမှ ဦးသိန်းနှင့် အခြားအရာရှိများ၊ ဦးသိန်းထွန်းနှင့် ဇနီးမိသားစု၊ ဒေါ်သန်းသန်းနှင့် ခင်ပွန်း၊ ဦးမောင်မောင်၊ ဦးသာ၊ ဦးလှဖေ၊ ဒေါ်တင်လှိုင် (နယူးယောက်)၊ ဦးကျော်စိုးတို့နှင့် ဆရာတော် ဦးအာသဘ၊ ဦးသောဘန၊ ဦးသာသနနှင့် အခြား ကျောင်းဒကာ၊ ဒကာမများက လိုက်လံပို့ဆောင်ကြပါသည်။ ဆရာတော်ဘုရားကြီးအဖွဲ့နှင့်အတူ အပြန်ခရီးတွင် အမေရိကန်ပြည်မှ ရဟန်းဝတ်ဖြင့် (Mr. Alan Clements)သည်၎င်း၊ (Mr. Roger Smith) ဆိုသူသည်၎င်း၊ မြန်မာပြည်သို့ ဤသာသနာ့ရိပ်သာ၌ တရားအားထုတ်ရန် လိုက်ပါလာခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် ညနေ (၆း၅၅) မိနစ် အချိန်၌ ဘန်ကောက်မှ ထွက်ခွာသည့် "ဘီ–အေ–စီ"ခေါ် မြန်မာ့လေကြောင်းကော်ပိုရေးရှင်းလေယာဉ်ဖြင့် လိုက်ပါတော်မူခဲ့ကြရာ ရန်ကုန် မင်္ဂလာဒုံလေဆိပ်သို့ ည(၇း၃၀)နာရီခန့်တွင် ချောမောစွာ ဆိုက်ရောက်တော်မူခဲ့ကြပါသည်။

## ကြိုဆိုပွဲအစီအစဉ်နှင့် ရန်ကုန်ယောဂီပရိသတ်

၂၇–၇–၇၉ နေ့ ညနေ(၆)နာရီခွဲကျော်ခန့်တွင် ဘန်ကောက်မှ ရန်ကုန်မြို့သို့ ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ပြန်လည်ရောက်တော်မူကြမည်ဟု သတင်းအတိအကျကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ရရှိသည့်နေ့ကစ၍ မဆိုင်းမတွ ကြိုဆိုပင့်ဆောင်ရေးအရပ်ရပ်ကို စီစဉ်ခဲ့ကြပါသည်။

မင်္ဂလာဒုံလေဆိပ်မှ မဟာစည် သာသနာ့ရိပ်သာသို့ ပင့်ဆောင်ရမည့် ည (၇)နာရီအချိန်ခန့်မှာ မှောင်စ အချိန်အခါဖြစ်သည်ကိုလည်းကောင်း၊ ဝသန်ကာလ မိုးအခါသမယဖြစ်၍ မိုးလေအခြေအနေ အဆင်မပြေ ဖြစ်နိုင်သည်ကိုလည်းကောင်း၊ ထည့်သွင်းစဉ်းစား၍ အစီအစဉ်ပြုလုပ်ရေးအတွက် အမှုဆောင်အဖွဲ့မှ အလေးအနက်ဆွေးနွေးခဲ့ကြရာ ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်နှင့်လည်း ညီညွတ်စေရန် အကျယ်ချဲ့၍ တခမ်းတနား ပြုလုပ်ကာကြိုဆိုခြင်း မပြုပဲ အထိုက်အလျောက် လေဆိပ်၌ သာသနာ့ရိပ်သာရှိ တာဝန်ခံအဖွဲ့အစည်းများဖြစ်သည့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်များနှင့် ချမ်းမြေ့ရိပ်သာ၏ အမှုဆောင်အဖွဲ့တို့သာလျှင် နာယကဆရာတော်များနှင့် သံဃာတော်များအား အမှူးထားလျက် သွားရောက်ကြိုဆိုရန်ကို အဆုံးအဖြတ်ပြုခဲ့လေသည်။ ထို့ပြင် လေယာဉ်ကွင်း နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ခွင့်ရနိုင်ရန်ကိုလည်း သက်ဆိုင်ရာ အာဏာပိုင်တို့၏ လုံခြုံရေးရှုဒေါင့်မှ အလေးပြုလျက် အသင့်အတင့်အရေအတွက်မျှကိုသာ ဝင်ခွင့်ရယူပြီးလျှင် မော်တော်ယာဉ်သွားလာရေး အစီအစဉ်များကိုပါ ပြုလုပ်ခဲ့ပါသည်။ အခြားယောဂီများအဖို့ မိမိတို့ဆန္ဒအလျောက် ကိုယ်ပိုင်ကားများဖြင့် သွားရောက်၍ အပြင်ယာဉ်များ ရပ်နားရန် သတ်မှတ်ထားသည့် လေဆိပ်စကြ်န်ဝမှ ကြိုဆိုခြင်းကိုပင် အဖွဲ့ချုပ်က ဆော်သြအားပေးခြင်း မပြုသော်လည်း တားမြစ်ခြင်းကိုမူ မပြုခဲ့ပေ။ သို့တစေ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ပြန်လည်ရောက်ချိန်တွင် လေဆိပ်၌ ရဟန်းရှင်လူ ယောဂီပရိသတ်များ အထူးတလည် များပြားလျက်ရှိသည်ကို အံ့သြဘွယ်ရာ တွေ့မြင်ခဲ့ကြရပါသည်။

အဖွဲ့ချုပ်၏ အဓိကအစီအစဉ်မှာ လေဆိပ်မှ ရိပ်သာသို့ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သား ပင့်ဆောင်ခဲ့ပြီးလျှင် ရိပ်သာတွင် ဖလ်ယဉ်ဓမ္မာရုံတော်ကြီး၌ပင် ယောဂီအပေါင်းက ဆရာတော်ဘုရားကြီးအား ခေတ္တခဏမျှ ဖူးတွေ့ကန်တော့ကြရန် ဖြစ်ပါသည်။ ပရိသတ်များက ဖလ်ယဉ်ဓမ္မာရုံနှင့် ဓမ္မသာလာမဏ္ဍပ်အရှေ့မှ စည်းကမ်းသေဝပ်စွာ စောင့်ဆိုင်း ဖူးမြော်ကြိုဆိုကြရန်ကို ကြိုတင်၍ စာဖြင့်ကမ်းလှမ်း မေတ္တာရပ်ခံထားခြင်းနှင့် စီမံထားအပ်သည်တို့ကိုပါ ပြုလုပ်ခဲ့ပါသည်။ အချုပ်အားဖြင့် ဆရာတော်ဘုရားကြီး ရိပ်သာသို့ ဆိုက်ရောက်တော်မူလာပြီးနောက် ဓမ္မာရုံတွင်း၌ မိနစ်အနည်းငယ်မျှ နှုတ်ခွန်းဆက်သြဝါဒတရားတော်ကို ပရိသတ်က နာယူကြရန် အစီအစဉ်တရပ်ဖြစ်လေသည်။

အထက်တွင် အကျဉ်းချုံး ဖော်ပြသကဲ့သို့ ကြိုဆိုရေး အစီအစဉ်များ ပီပြင်စွာပြုလုပ်ခဲ့ပြီးနောက်၊ (၂၇–၇–၇၉) နေ့ ညနေ(၅)နာရီအချိန် ရိပ်သာမှ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် နာယက ဆရာတော်များနှင့် အချို့သံဃာတော်များအား လေဆိပ်သို့ အမှုဆောင်အဖွဲ့အသီးသီးတို့က ပင့်ဆောင်ခဲ့ကြပါသည်။

ဘန်ကောက်မှ ထွက်ခွာလာသော မြန်မာ့လေကြောင်း ကော်ပိုရေးရှင်းလေယာဉ်သည်လည်း ည (၇း၃၀) နာရီခန့် အချိန်တွင် မင်္ဂလာဒုံ လေယာဉ်ကွင်းသို့ ချောမောစွာ သက်ဆင်းလာပြီးသည့်နောက် လေယာဉ်ကွင်းသို့ ဝင်ခွင့်ရရှိသည့် တာဝန်ခံပုဂ္ဂိုလ်အချို့တို့က ဆရာတော်ဘုရားကြီးနှင့်အဖွဲ့အား ကြိုဆို ဖူးမြော်လျက် ပြည်ပခရီးသွား ဧည့်သည်များ အနားယူသော အဆောက်အဦးအတွင်းသို့ ပင့်ဆောင်ခဲ့ကြပါသည်။ ထို့နောက် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး ဌာနများ၏ လိုအပ်ချက်တို့ကို စည်းကမ်းနှင့်အညီ ဆောင်ရွက်ပြီး သာသနာ့ရိပ်သာသို့ ဆက်လက်ထွက်ခွာခဲ့ကြရာ လေဆိပ်ပြင်ပ ထိပ်ဝမှ ထောင်ချီလျက်ရှိသော ပရိသတ်တို့က စောင့်ဆိုင်း၍ ဆရာတော်ဘုရားကြီးအား သောင်းသောင်းဖြဖြ ကြည်ညိုဖူးမြော်ကြသကဲ့သို့ သာသနာ့ရိပ်သာတွင်လည်း နေရာလပ်မကျန် ယောဂီပရိသတ်အင်အား ရာထောင်မက သူ့ထက်ငါဦးစွာ အားပါးတရ ဖူးမြင်လိုသောဆန္ဒ ပြင်းပြစွာဖြင့် စောင့်မျှော်ကန်တော့ခဲ့ကြပါသည်။ ထိုအချိန်တွင် ရာသီဥတုအခြေအနေမှာ မပူမအေး မိုးရွာတလှည့် တိတ်တလှည့်ရှိခဲ့ပါသည်။

ည(၈)နာရီအချိန်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ရိပ်သာသို့ အစီအရီကားများဖြင့် ဆိုက်ရောက်လာတော်မူခဲ့ရာ ယောဂီထု ပရိသတ်သည်လည်း တည်ငြိမ်စွာ လက်အုပ်မိုး၍ ရှိခိုးကန်တော့လျက် ရှိကြပေသည်။ ရိပ်သာ၏ ပရိဝုဏ်အတွင်းတွင် မီးရောင်စုံတို့ဖြင့် ထွန်းညှိထားရှိသဖြင့် ကြည်နူးဘွယ်ရာ ရှိလှပါသည်။ ခရီးရောက်မဆိုက် ဆရာတော်ဘုရားကြီးသည် ခရီးပန်းနွမ်းနယ်ခြင်းကို ပဓာနပြုတော်မမူပဲ မိနစ်(၂၀)ခန့် အသင့်ကြိုဆို စောင့်ဆိုင်းလျက်ရှိကြသော ယောဂီပရိသတ်အား ၈–ပါးသီလ ပေးတော်မူပြီးလျှင် နှုတ်ခွန်းဆက် ဩဝါဒကို မိန့်မြွက်တော်မူခဲ့လေသည်။

## ဆရာတော်ဘုရားကြီး၏ နှုတ်ဆက်မိန့်ခွန်း

ဘုန်းကြီးတို့ပြန်လာတာကို ဒီက စိတ်ပါလက်ပါနဲ့ ကြိုဆိုနေကြတာတွေ အများကြီး တွေ့ရတယ်၊ လေယာဉ်ပျံဌာနမှာ ဒီလောက်များများရှိလိမ့်မယ်လို့မထင်ဘူး၊ရိပ်သာမှာတော့ တော်တော်များများ ရှိလိမ့်မယ်လို့ ထင်ပါတယ်၊ခုတော့ လေယာဉ်ပျံဌာနကို အများကြီးလာနေကြတာကိုး၊ လေယာဉ်ပျံဌာနမှာကို အများကြီးတွေ့ရတာကိုး။

ကမ္ဘာ့သာသနာပြု တရားတော်ဆိုပြီးတော့ ဘုန်းကြီးတို့ လျှောက်ပြီးဟောလာခဲ့ကြတာ ဧပြီလ (၁)ရက်နေ့ကစပြီး ယနေ့ ဇူလိုင်လ (၂၇)ရက်နေ့အထိ လေးလနီးပါးရှိသွားပြီ၊ သာသနာပြု သွားကြတာ၊ အစစ အရာရာအကြောင်း ညီညွတ်ပါတယ်၊ ဒီက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်တွေကလဲ သင့်လျော်အောင် ဆောင်ရွက်ပေးကြလို့ ဗုဒ္ဓသာသနာတော်ကို ရိုသေလေးစားတဲ့ ဆိုင်ရာပုဂ္ဂိုလ်တွေကလဲ အားပေးကူညီကြလို့ ချမ်းချမ်းသာသာနဲ့ သွားကြရပါတယ်၊ [အဆင်ပြေပါတယ်] ရောက်ရာ ရောက်ရာမှာလဲ ဗုဒ္ဓသာသနာတော်ကို ရိုသေလေးစားတဲ့ပုဂ္ဂိုလ်တွေ အတော်အသင့်တော့ တွေ့ရပါတယ်၊ တချို့နေရာတွေမှာဆိုယင် ဘုန်းကြီးတို့က အဲဒီလောက်တောင် မမျှော်လင့်ပါဘူး၊ တော်တော်များများ တွေ့ရပါတယ်၊ အဲဒီ ရောက်ရာဌာနမှာ သင့်တော်တဲ့တရားလဲပဲ ဟောကြရပါတယ်၊ ဒီက ဟောဖို့ရာ တရားအစီအစဉ်ကလေးကလဲ ပါသွားတာနဲ့ တော်တော်အဆင်ပြေပါတယ်၊ ဒီက ဦးညီညီနဲ့ ဦးသာနီးတို့ ဘာသာပြန်တဲ့ တရားကလေးတွေက ပါတာနဲ့ အင်္ဂလိပ်လိုဖတ်ပြပြီးတော့လဲ ဟောရပါတယ်၊ တချို့ကလဲ ဗမာလိုပဲ နာခြင်တယ်၊ ဒါနဲ့ ဗမာလိုလဲ နည်းနည်းပါးပါး ဟောရပါတယ်၊ တခါတရံကျတော့ ဘုန်းကြီးက နည်းနည်းဟောပြီးတော့ ဦးဇနကကို များများဟောခိုင်းရပါတယ်၊ သူကလဲပဲ အင်္ဂလိပ်လိုဟောတာပြောတာတွေ တော်တော်ကျွမ်းကျင်ပါတယ်၊ အစကတော့ ဘုန်းကြီးက ဒီလောက်မကျေပွန်ဘူးလို့ အောက်မေ့တယ်၊ ဟိုကျတော့မှ သူကပြောပုံဆိုပုံရောတာဝန်ကျေပွန်ပါတယ်၊ တချို့ မေးမြန်းတာတွေရှိတယ်၊ တချို့က အသံကလေးနည်းနည်းကလေးပဲ ကြားရတယ်၊ အဲဒါလဲ ဖြေကြားနိုင်ပါတယ်၊ တော်တော်ဟန်ကျဒါပဲ၊ ရောက်ရာဌာနတွေမှာ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများ ရှိကြပါတယ်၊ တရားလဲ ရိုရိုသေသေ လေးလေးစားစား အားထုတ်တဲ့သူတွေ အတော်အသင့်တော့ ရှိပါတယ်။

ဒါပေမယ့်လို့ ဗုဒ္ဓဘာသာနိုင်ငံတွေနဲ့ နှိုင်းစာကြည့်ယင်တော့ အင်မတန်အားနည်းပါသေးတယ်၊ အဲဒီနိုင်ငံတွေမှာ သာသနာပြုရောက်နေတဲ့ ထေရဝါဒရဟန်းတော်တွေလဲပဲ တချို့တွေ့ရပါတယ်၊ ယိုးဒယားနိုင်ငံက၊ ကမ္ဘောဒီးယားက၊ သီဟိုဠ်က၊ အဲဒီလိုနိုင်ငံကပုဂ္ဂိုလ်တွေ တွေ့ရပါတယ်၊ ဗမာပြည်ကတော့ အင်္ဂလန်မှာ ဦးရေဝတမွေ့ တပါးပဲတွေ့ရပါတယ်၊ အဲဒီလို ရောက်ရာ ရောက်ရာတွေမှာ ဗုဒ္ဓသာသနာကို ပြုစုနေကြတဲ့ ပုဂ္ဂိုလ်တွေ တွေ့ရတဲ့အတွက်လဲ ဝမ်းမြောက် ဝမ်းသာပါတယ်၊ ဘုန်းကြီးတို့ဟောတဲ့တရားတွေကို လေးစားတဲ့ပုဂ္ဂိုလ်တွေများပါတယ်၊ ယိုးဒယားကဆိုလို့ရှိယင် "ဝတ်မဟာတပ်" ဆရာတော်ဘုရားကြီးကနေပြီး ပဋိပတ္တိ သာသနာပြုဘို့ရာ ညွှန်ကြားခဲ့လို့ ဒီက ဦးအာသဘကို ဟိုမှာ လွှတ်ထားရတယ်၊ မြန်မာလို ၁၃၁၄ –ခုနှစ်ကပါပဲ၊ အဲဒီကထဲက ယိုးဒယားကို ရောက်နေတယ်။ ဝတ်မဟာတပ်ကျောင်းက အားထုတ်တာ တော်တော် အဆင့်အတန်းမြင့်တယ်။ သူတို့ဆီက ဒီမှာလာပြီး အားထုတ်တဲ့ မဟာဓာတုတ်ဆိုတဲ့ ကိုယ်တော်ကလဲ တော်တော် အဆင့်အတန်းမြင့်နေပါတယ်။ ဒါပေမဲ့ သူက အခြားအကြောင်းရှိလို့ အခြားသွားနေလို့ ဘုန်းကြီးနဲ့ မတွေ့ခဲ့ရဘူး။ သူတို့ဆီက အားထုတ်

ထားတဲ့ပုဂ္ဂိုလ်တွေက အမေရိကန်တို့, အင်္ဂလန်တို့, ဥရောပတို့ ရောက်ပြီး ဟောပြောနေကြတယ်။ အင်မတန် ဝမ်းသာပါတယ်။ သူတို့က ဒီကနည်းနိသျတွေ ဟောပြနေကြတယ်၊ အချို့ကလဲ အခြားနည်းနိသျတွေ ဟောပြောနေတာ ရှိတာပေါ့လေ၊အဲဒါတွေ ဘုန်းကြီးတို့ တတ်နိုင်သမျှ ဟိုမှာ ဟောခဲ့ရပါတယ်။ နေရာဌာနပေါင်းလဲ တော်တော်များပါတယ်။ တော်တော် နှံ့နှံ့စပ်စပ်လဲ သွားရတယ်။ ဟိုကပုဂ္ဂိုလ်တွေကလဲ ဘုန်းကြီးတို့ ချမ်းချမ်းသာသာသွားရအောင် သင့်လျော်သလို အစစအရာရာ စီစဉ်ပေးကြတယ်။ လေယာဉ်ပျံနဲ့ သင့်လျော်ယင် လေယာဉ်ပျံနဲ့၊ ကားနဲ့ သင့်လျော်ယင် ကားနဲ့ ပို့ပေးကြလို့ ချမ်းချမ်းသာသာနဲ့ ဘုန်းကြီးတို့ သွားရပါတယ်။ အဲဒီအမေရိကန်မှာလဲ ဌာနပေါင်း တော်တော်များပါတယ်။ ဥရောပနဲ့ စတော့(တ်)လန်ဘက်မှာ ဌာနပေါင်း ပိုပြီးများပါတယ်။ အဲဒီဌာနတွေ အကြောင်းကတော့ မှတ်တမ်းရေးလာတဲ့ ပုဂ္ဂိုလ်တွေရဲ့ဆန္ဒအရ ဖော်ပြမှ စေ့စေ့စပ်စပ် နားလည်နိုင်မှာပါ။

အခုတော့ နှုတ်ဆက်အနေနဲ့ ဟောပြောရတာပဲ၊ ဟိုနိုင်ငံက ဘုန်းကြီးတို့ ဟောပြောတဲ့တရားတွေ ကြားနာကြရလို့ အားရဝမ်းသာကြတယ်။ ဒါပေမဲ့ အခြားနိုင်ငံများမှာတော့ ဒီမှာလိုပရိသတ်ကမများဘူး၊ အခုမြန်မာနိုင်ငံမှာတော့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အင်မတန်များတာပဲ၊ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။ ဒီမှာ ဘုန်းကြီးတို့ ဟိုဟိုဒီဒီ လိုက်ဟောတဲ့အခါမှာပဲ ပရိသတ်နှစ်ထောင် သုံးထောင်ရှိတယ်။ ဟိုနိုင်ငံတွေကတော့ ဒီလို ပရိသတ်မများဘူး။ ယိုးဒယားတော့ အတော်အသင့်ရှိတယ်။ ဟိုတနေ့က ဝစ်မဟာတပ်ကျောင်းတိုက်က သူတို့ဥပုသ်နေ့ဖြစ်တဲ့ လကွယ်နေ့ပေါ့။ ဘုန်းကြီးတို့ ရက်နဲ့ဆိုယင် ဝါခေါင်လဆန်း (၁)ရက်နေ့ပေါ့။ အဲဒီမှာ ဥပုသ်သည်တွေရော အခြားသူတွေရော တရားနာကြတာ တော်တော် များပါတယ်၊ (၂၀၀၀) နီးပါးလောက် ရှိပုံရတယ်။ ဟို ဖင်းမယ်နယ်ထဲက တောင်ပေါ်ဌာန တခုမှာလဲ ပရိသတ်တွေ အတော်များပါတယ်။ အဲဒီမှာလဲ တရားအားထုတ်တဲ့ ကမ္မဋ္ဌာန်းကျောင်းတွေလဲပဲ (၁၅၀)လောက်ရှိတယ်လို့ သိရတယ်၊ ကျောင်းကြီးတွေတော့ မဟုတ်ပါဘူး၊ ကျောင်းကလေးတွေပါပဲ။ ဗမာပြည်လောက်တော့ အားထုတ်တဲ့ ပုဂ္ဂိုလ်များတယ်လို့ မဆိုနိုင်ပါဘူး။ ဗမာပြည်ကတော့ အင်မတန် များတာပါပဲ။ ဒီက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကနေပြီး သတင်းတွေပို့ထားလို့ ဟိုက မေးတဲ့အခါကာလမှာ ဘုန်းကြီးတို့က ပြောရတယ်။ ဗမာပြည် သာသနာ့ရိပ်သာမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်ရှိသတုန်းလို့ တချို့ကမေးတယ်။ ဒီက ဘုန်းကြီးတို့ ဟိုရောက်နေတုန်း စာတွေပို့ထားတာ ရှိပါတယ်။ ယောဂီ (၄၀၀)ကျော်လောက်ရှိတယ်။ နဲတဲ့အခါမှာ (၄၀၀-၄၀၀)ကျော်ရှိတာ သိရတယ်လို့ပြောခဲ့တယ်။ များတဲ့အခါများမှာတော့ မနှစ်က သင်္ကြန်တွင်းမှာ ယောဂီ (၁၆၀၀)ရှိတယ်၊ ဒီနှစ်တော့ ဟိုက စာတွေပို့ပေးလိုက်တာနဲ့ ယောဂီ (၂၀၀၀)ကျော် ရှိတယ်ဆိုတာ ပြောတော့ ဟိုကပုဂ္ဂိုလ်တွေက အင်မတန် အံ့သြကြပါတယ်။ ဗုဒ္ဓသာသနာတော်အတွက် အားရဝမ်းသာ ဖြစ်ကြပါတယ်။

အဲဒီတော့ ဒီမှာ တရားအားထုတ်နေကြတဲ့သူတွေ အင်မတန် ဝမ်းသာစရာကောင်းတယ်။ အကြောင်းညီညွတ်လို့ အားထုတ်ကြရတာဟာ ကိုယ့်အတွက်လဲ ဝမ်းသာစရာကောင်းတယ်၊ သာသနာတော်အတွက်လဲ ဝမ်းသာစရာ ကောင်းပါတယ်။ အဲဒါ နောက်ရက် နောက်ရက်တွေကျမှ အကြောင်းအားလျော်စွာ ဖော်ပြ ဟောရဦးမှာပဲ။ ယခုတော့ နှုတ်ဆက်အနေနဲ့ပဲ ကြာကြာချည်း ဟောလို့ မတော်ပါဘူး။ ဒီလောက်ဆို ပြည့်စုံပါပြီ။ ဟိုမှာတော့ ည (၈) နာရီလောက်က စ ဟောယင် တစ်နာရီ, တစ်နာရီကျော်လောက်ဟောပါတယ်၊ (၉) နာရီကျော်မှ ပြီးပါတယ်။ ဒါပေမဲ့ အနောက်နိုင်ငံတွေမှာတော့ တော်တော်နဲ့ နေမဝင်သေးဘူး၊ (၁၀)နာရီလောက်မှ နေဝင်တာကိုး။ နံနက်(၄)နာရီလောက်ဆိုရင် လင်းတာပဲ။ (၂)နာရီ (၃)နာရီလောက်ပဲ မှောင်လိုက်တယ်။ တနေရာမှာက "နော်ဝေး"လား၊ အဲဒီမှာတော့ မေလ(၁၄)ရက်က နေပြီး ဇူလိုင်လ(၃၀)ရက်အထိ နေမဝင်ဘူးလို့ ဆိုပါတယ်။ အဲဒီနေရာ ဘုန်းကြီးတို့က သွားကြည့်ဖို့ ဗဟုသုတအနေနဲ့သွားဖို့ စိတ်ကူးတယ်။ ဒါပေမဲ့ မရောက်ခဲ့ပါဘူး။ အင်္ဂလန်ရောက်သွားတော့ တရားဟောပြီး ည(၉)နာရီကျော်အောင်တောင် နေကို မြင်နေရတာလဲရှိတယ်။ ဒါပေမဲ့ မိုးမှုံတွေက မပြတ်ဖြစ်နေတာ များပါတယ်။ တိမ်တွေဖုံးကွယ်နေတော့ ဟို နော်ဝေးမှာနေလဲ မြင်မှာမဟုတ်ဘူး။ ဒါကြောင့် အဲဒီနော်ဝေးကို မသွားခဲ့ပါဘူး။ နေပွင့်နေတဲ့ အခါမှာတော့ ဟိုမှာ ည(၉)နာရီကျော်သော်လဲ နေမဝင်သေးဘူး။ ည (၁၀)နာရီကျော်လောက် (၁၁)နာရီလောက်မှ အိပ်ရပါတယ်။ အဲဒါဟာ နေ့စဉ်လိုလို ဖြစ်နေပါတယ်၊ ဒါပေမဲ့ နေလို့ထိုင်လို့ကတော့ အဆင်ပြေပါတယ်။ ဒီတော့ အခု(၈)နာရီခွဲဆိုတာဟာ ဟိုကအနေနဲ့တော့ စောပါသေးတယ်။ ဒါပေမဲ့ ဒီကအမြင်နဲ့ဆိုတော့ မှောင်နေပြီ။ ဒါကြောင့် ဒီကနေ့ နှုတ်ခွန်းဆက်တရား ဒါလောက်နဲ့တော်ပါပြီ။

ဘုန်းကြီးတို့ ဟောပြောခဲ့တာတွေ အာရုံပြုကြခြင်း၊ ရိုရိုသေသေနဲ့ လာရောက် ဖူးမြော်ကန်တော့ကြခြင်း အစရှိသော ဤကောင်းမှု ကုသိုလ်ကံတွေကြောင့် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ မိမိတို့ စွမ်းနိုင်သမျှ အားထုတ်ကြသဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ၊

သာဓု....သာဓု....သာဓု။

## ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
## ပြည်ပ သာသနာပြု ခရီးတခွင်

## ဟောပြော ဖြေကြားတော်မူသော
## အချို့ တရားဓမ္မအနှစ်သာရများ

### ၁။ နိဗ္ဗာန်၏ အဓိပ္ပာယ် အတိုချုပ်

နိဗ္ဗာနဆိုတာ ငြိမ်းသည်ဟု အနက်အဓိပ္ပာယ်ရှိသည်၊ ကိလေသာတွေ အကုန်ငြိမ်းခြင်း, ရုပ်နာမ်တွေ အကုန်ငြိမ်းခြင်း ပင်ဖြစ်သည်။ ငြိမ်းဆိုတာကလဲ အသစ်ဖြစ်ခွင့်မရှိတော့ပဲ ပြတ်စဲခြင်း, ကင်းခြင်းပင်ဖြစ်သည်၊ အဲဒီလို ကိလေသာ ဟူသမျှ လုံးဝငြိမ်းသည့်အတွက် ဘဝသစ်ရုပ်နာမ်တွေ ဖြစ်ခွင့်မရှိတော့ပဲ ဆင်းရဲအားလုံး ငြိမ်းလေတော့သည်။ ဘဝအသစ်ဖြစ်ခြင်း, ဇာတိမရှိသောကြောင့် အိုခြင်း, နာခြင်း, သေခြင်း, ကိုယ်စိတ်ဆင်းရဲခြင်း ဟူသမျှလုံးဝ မရှိတော့ပဲ ကင်းငြိမ်းသွားလေတော့သည်။ ယင်းသို့ ဆင်းရဲငြိမ်းသည့် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့ကြောင်း၊ ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်တွင် ရုပ်နာမ်မျှ , အကြောင်းအကျိုးမျှကို သိအောင်ရှုမှတ်ရန် ခဏမစဲဖြစ်ပျက်နေသည်ကို ကိုယ်တိုင်တွေ့ပြီး သိအောင် ရှုမှတ်ရန်၊ အနိစ္စ, ဒုက္ခ အနတ္တသဘောကို ကိုယ်တိုင်တွေ့ပြီး သိအောင် ရှုမှတ်ရန်များကိုလည်း ဟောကြားတော်မူခဲ့ကြောင်း ရှင်းလင်းဖြေကြားတော်မူခဲ့သည်။

### ၂။ တရားဟောနေစဉ် ဟောနေသည့်ပုဂ္ဂိုလ်သန္တာန်၌ ဖိုလ်စိတ်ဖြစ်ခြင်း–ရှိ–မရှိ

မြတ်စွာဘုရားမှာ တရားနာပရိသတ်များက သာဓုခေါ်နေစဉ်၌ ဖလသမာပတ် ဝင်စားတော်မူကြောင်း၊ သာဓုခေါ်မှုဆုံးသည့်အခါ တရားကို ဆက်ပြီး ဟောတော်မူကြောင်း ပြဆိုထားတာရှိပါသည်။ ဘုရားတပည့် သာဝကများမှာတော့ ထိုသို့ ဖိုလ်ဝင်စားခြင်း ဖြစ်–မဖြစ်ကို ပြောဖို့မဖြစ်နိုင်ပါ၊ သာမန်ပုဂ္ဂိုလ်တွေမှာဆိုယင် ဟောသင့်သောတရားများကို ဆင်ခြင်နေရသောကြောင့် ဖလသမာပတ် ဝင်စားနိုင်သည့် ရဟန္တာပင် ဖြစ်သော်လဲ ဖိုလ်စိတ်ဖြစ်ခြင်း ရှိသည်ဟုဆိုရန် မဖြစ်နိုင်ပါ။ သို့သော် ဖလသမာပတ် ဝင်စားနိုင်သည့်ပုဂ္ဂိုလ်မှာ ဆိုယင်တော့ ဝင်စားလိုသည့်အခါ ဖြစ်နိုင်ခွင့်ရှိပါသည်။

### ၃။ ရှုမှတ်နေစဉ် ကြောက်စိတ်ပေါ်လာပါက အဘယ်သို့ ပြုအပ်ပါသနည်း

မပြတ်ရှုမှတ်လျက် တရားအားထုတ်နေသူမှာ ကြောက်စရာမရှိပါ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဘေးရန်ကင်းကြောင်း, ချမ်းသာကြောင်း ကုသိုလ်တရားသာ ဖြစ်ပွားနေသည်။ အကယ်၍ ကြောက်စိတ် ဖြစ်ပေါ်လာလျှင် အဲဒီစိတ်ကို ကြောက်တယ် ကြောက်တယ်ဟု ရှုမှတ်ပြီး ဖောင်းတာပိန်တာ စသော မှတ်နေကျကိုသာ စူးစိုက်ပြီး ရှုမှတ်နေရမယ်၊ အဲဒီလိုရှုမှတ်နေယင်း ကြောက်စိတ်ပေါ်လာပြန်ယင် ကြောက်တယ်ကြောက်တယ်လို့ရှုမှတ်ပြီး မှတ်နေကျကိုသာ စူးစူးစိုက်စိုက် မပြတ်ရှုမှတ်နေရမယ်။ အဲဒီလို စူးစူးစိုက်စိုက် ရှုမှတ်နေလျှင် မကြာခင်မှာပဲ ကြောက်စိတ်ကင်းပြီး အမှတ်ကောင်းမြဲ ကောင်းသွားနိုင်သည်။

### ၄။ ရှုမှတ်အားထုတ်နေဆဲ၌ စိတ်ပျံ့လွင့်မှုဖြစ်လျှင် ဘယ်လိုလုပ်ရပါမလဲ

ရှုမှတ်အားထုတ်ခါစမှာ သမာဓိအားက မရှိသေးသောကြောင့် စိတ်ကူးကြံစည်မှုတွေဟာ မကြာခဏဖြစ်တတ်တယ်၊ အဲဒီလို စိတ်ကူးပျံ့လွင့်နေတာကို မသိပဲလဲ ရှိနေတတ်တယ်၊ အကယ်၍ အဲဒီလို ပျံ့လွင့်နေတဲ့စိတ်ကူးကို သိယင်တော့ အဲဒီစိတ်ကူးကို ဘယ်ပုံဘယ်နည်းဖြင့် ကြံစည်စိတ်ကူးနေတယ်လို့ ဆင်ခြင်နေဘို့တော့ မလိုပါဘူး၊ အဲဒီစိတ်ကူးကြံစည်မှုကို စိတ်ကူးတယ်, ကြံစည်တယ်, ပျံ့လွင့်တယ် စသည်ဖြင့် ရှုမှတ်ပြီးတော့ ဖောင်းတာ ပိန်တာစသော ရှုမှတ်နေကျကိုသာ မပြတ်ရှုမှတ်သွားရတယ်။ အဲဒီလို ပေါ်လာသမျှ စိတ်ကူးကို ရှုမှတ် ရှုမှတ်ပြီး ရှုမှတ်နေကျကိုသာ စူးစူးစိုက်စိုက် မပြတ်ရှုမှတ်နေယင် အဲဒီလို ပျံ့လွင့်တဲ့စိတ်ကူးတွေ မရှိတော့ပဲ မှတ်သိမှုဟာ အထူးကောင်းလာပါတယ်။ အကယ်၍ ကိုယ်ထဲ၌ နာကျင်ကိုက်ခဲမှု ဖြစ်ပေါ်လာယင်လဲ အဲဒါကို နာတယ် နာတယ် စသည်ဖြင့် သည်းခံပြီးရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်နေယင်း နာကျင်မှုဟာ ပျောက်သွား တတ်ပါတယ်။ အကယ်၍ မပျောက်လျှင်လဲ ဖောင်းတာ ပိန်တာ စသော ရှုမှတ်နေကျကိုသာ စူးစိုက်ပြီး မပြတ်ရှုမှတ်နေရတယ်။ အဲဒီလို ရှုမှတ်နေယင်းလဲ နာကျင်ကိုက်ခဲမှု စသည်ဟာ ကင်းပျောက်သွားတတ်တယ်။

## ၅။ သမာဓိကောင်းအောင် မည်သို့လုပ်ရပါသနည်း

ဝင်သက် ထွက်သက်(သို့မဟုတ်) ဝင်လေထွက်လေကို ဝင်တယ် ထွက်တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေပါကလည်း စိတ်တည်ငြိမ်မှု သမာဓိကောင်းလာနိုင်ပါသည်။ သမာဓိကောင်းတယ်ဆိုတာ ရှုမှတ်ရာအာရုံ၌သာ မပြတ်ရှုမှတ်လျက် ရှုမှတ်လျက်သာဖြစ်ပြီး တည်ငြိမ်နေတာပါဘဲ၊ အဲဒီလိုသမာဓိ ကောင်းသည့်အခါမှာ ကိုယ်ထဲက အတွေ့အထိ ဟူသမျှတွေကိုလဲ ရှုမှတ် ကြည့်သင့်ပါတယ်။ မြင်တာ, ကြားတာ စသည်တွေကိုလဲ ရှုမှတ်ကြည့်နိုင်ပါတယ်။ ဒွါရ ၆-ပါးက ပေါ်လာသမျှကို မြင်တယ်, ကြားတယ်, ထိတယ်, သိတယ်စသည်ဖြင့် မပြတ်ရှုမှတ်နေလျှင် သမာဓိ အထူးကောင်းလာသည့်အခါမှာ သိစရာရုပ်နှင့် သိတဲ့နာမ်ကိုလဲ ခွဲခြားပြီးသိတယ်၊ အကြောင်းနှင့်အကျိုးကိုလဲ ခွဲခြားပြီးသိတယ်၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိရတာရော ရှုသိတာရော အသစ်အသစ် ဖြစ်ဖြစ်ပြီး ချက်ခြင်းပင် ပျက်ပျက်သွားတာကိုလဲ သိတယ်။ အသံကြားသည့်အခါ ကြားတယ် ကြားတယ်လို့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အသံရော ကြားတာရော ချက်ခြင်း ပျောက်ပျောက် သွားတာကို ထင်ရှားသိရတယ်။ အဲဒီလို ကိုယ်တိုင်တွေ့ပြီး သိတာဟာ သမာဓိကြောင့်ဖြစ်တဲ့ ဝိပဿနာဉာဏ်အစစ်ပဲ၊ အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြစ်အောင်လို့ ရှုမှတ်ရတာပဲ။

## ၆။ ဈာန်သမာဓိ ဖြစ်အောင် ရှုပြီးမှ ဝိပဿနာရှုလျှင် ကောင်း–မကောင်း

ဈာန်ရပြီးမှဈာန်ကို အခြေခံပြုပြီး ဝိပဿနာရှုတာဟာ ပိုပြီးကောင်းပါသည်။ ဘုရားလက်ထက်တော် ကာလက ပါရမီပြည့်စုံသော ပုဂ္ဂိုလ်များဟာ ဈာန်ကိုအခြေခံပြုပြီး ဝိပဿနာရှုကြတာတွေ များစွာရှိခဲ့ကြပါသည်။ ဈာန်အခြေခံပြုပြီး ဝိပဿနာရှုတယ်ဆိုတာ ဈာန်စိတ်ကိုဖြစ်စေပြီးတော့ အဲဒီဈာန်စိတ်ကို စပြီးရှုရတာပါဘဲ၊ သို့သော်လဲ ယခုနေအခါမှာတော့ တရားအားထုတ်ရန် အချိန်များများ မရတဲ့သူတွေမှာ ဈာန်ရအောင် အားထုတ်ဖို့ကလဲ မလွယ်လှပါဘူး၊ ဈာန်ရပြီလို့ တိတိကျကျဆုံးဖြတ်ဖို့ရာလဲ မလွယ်လှပါဘူး။ ဒါကြောင့် အချိန်များများမရလျှင် ဝိပဿနာကစပြီး အားထုတ်တာက ဝိပဿနာဉာဏ်များကို မကြာခင် တွေ့ရပြီး အကျိုးများတတ်ပါတယ်။

## ၇။ ယထာဘူတ ကျကျနန ရှုမှတ်နည်း

မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း ဥပါဒါနက္ခန္ဓာလို့ ခေါ်တဲ့ ရုပ်နာမ်အစစ်တွေ ထင်ရှား ဖြစ်ပျက်နေတယ်၊ အဲဒါတွေကို မရှုမှတ်နိုင်လျှင် မြဲသည့်အနေ, ချမ်းသာသည့်အနေ, အသက်ရှင်လျက် တည်နေသည့် အတ္တကောင်အနေဖြင့် ထင်မှတ်ပြီး စွဲလမ်းနေကြတယ်။ ဒါကြောင့် အဲဒီရုပ်နာမ်တွေကို (ဥပါဒါနက္ခန္ဓာ) အစွဲအလမ်းခံ ရုပ်နာမ်အစုတွေလို့ ဆိုရတာပဲ။ အဲဒီရုပ်နာမ် အစစ်တွေကို မြင်ဆဲ ကြားဆဲ စသည်၌ မြင်တယ် ကြားတယ် စသည်ဖြင့် စူးစူးစိုက်စိုက် ရှုမှတ်နေလျှင် သမာဓိအားကောင်းတဲ့အခါမှာ ခဏမစဲ ဖြစ်ပျက်နေတာကို အမှန်အတိုင်း တွေ့ရသိရတယ်။ ဒါကြောင့် အဲဒီလို အမှန်အတိုင်း ကိုယ်တိုင်တွေ့အားဖြင့် အမှန်အတိုင်း သိရအောင် မြင်ဆဲ ကြားဆဲ စသည်မှာ မြင်တယ် ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ်နေရတယ်။ ဒါပေမဲ့ ရှုမှတ်ခါစမှာတော့ မြင်တိုင်းကြားတိုင်း စသည်မှာ အကုန်စေ့ငှအောင် ရှုမှတ်ဖို့မလွယ်ပါဘူး။ ထင်ရှားတွေ့ထိရတဲ့ တခုနှစ်ခုလောက်ကစပြီး ရှုမှတ်မှ သမာဓိအားကောင်းလာတဲ့အခါ အမှန်အတိုင်း တွေ့နိုင်သိနိုင်တယ်။ ဒါကြောင့် ဝမ်းဗိုက် အတွေ့အထိကစပြီး ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ရှုမှတ်ဖို့ ညွှန်ပြနေတာပါဘဲ။ အဲဒီလို ရှုမှတ်နေယင်း စိတ်ကူးကြံစည်မှုတွေ ဖြစ်ပေါ်လာယင်လဲ အဲဒီစိတ်ကူးကြံစည်မှုကို ရှုရတယ်၊ အဲဒီလိုရှုပြီးတော့ ဖောင်းတာ ပိန်းတာကိုပဲ ပြန်ပြီး မပြတ်ရှုနေရတယ်။ အခံခက်တဲ့ ဝေဒနာစသည် ဖြစ်ပေါ်လာယင်လဲ အဲဒါကို ရှုရတယ်။ ပြီးယင် ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီး မပြတ်ရှုမှတ် သွားရတယ်။ ကိုယ်လက်စသည် လှုပ်ရှားပြုပြင်မှု, ထမှု, သွားမှု စသည်ဖြစ်ယင်လဲ အဲဒါကို ရှုရတယ်။ ပြီးတော့ ဖောင်းတာ ပိန်တာကိုပဲ ပြန်ပြီး မပြတ် ရှုမှတ်သွားရတယ်။

အဲဒီလို ရှုမှတ်နေယင်း သမာဓိအားကောင်းလာတဲ့ အခါကျတော့ ရုပ်နာမ်အာရုံတွေကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း မှတ်သိရတဲ့ရုပ်ကတခြား, မှတ်သိတာက တခြား ခွဲခြားပြီးသိလာတယ်။ စိတ်ကူးကြံသိမှုကို ရှုမှတ်တဲ့အခါမှာလဲ ကြံသိတာ ရှုသိတာက တခြား၊ ကြံသိမှု ရှုသိမှု၏ တည်ရာဖြစ်ရာ ရုပ်ကိုယ်က တခြား ခွဲခြားပြီး သိလာတယ်။ ကြားတယ်လို့ ရှုမှတ်တဲ့အခါလဲ ကြားရတဲ့ အသံရုပ်က တခြား၊ ကြားသိတာက တခြား ခွဲခြားပြီးသိလာတယ်။ မြင်တယ်စသည်ဖြင့် ရှုမှတ်တဲ့အခါများမှာလဲ မြင်ရတာနဲ့ မြင်သိတာ စသည်ကို ခွဲခြားပြီးသိလာတယ်။ အဲဒီလိုသိတာဟာ မသိတတ်တဲ့ရုပ်နှင့် သိတတ်တဲ့နာမ်ကို ခွဲခြားပြီးသိတဲ့ အစဆုံး ဝိပဿနာဉာဏ်အစစ်ပဲ။

အဲဒီကနောက် သမာဓိဉာဏ် တိုးတက် အားကောင်းလာတဲ့အခါ အကြောင်းနှင့်အကျိုးကိုလဲ ပိုင်းခြားပြီးသိလာတယ်။ သိပုံကတော့ မြင်တယ်လို့ ရှုမှတ်ရတဲ့အခါ မျက်စိရှိသောကြောင့် မြင်တယ်၊ မြင်စရာ အဆင်းရှိသောကြောင့် မြင်တယ်လို့ သိရတယ်။ ကြားတယ်လို့ ရှုမှတ်ရတဲ့အခါလဲ နားရှိသောကြောင့် ကြားတယ်၊ ကြားစရာအသံရှိသောကြောင့် ကြားတယ်လို့ သိရတယ်။ နောက်ပြီးတော့ လှုပ်ချင်လို့ လှုပ်တယ်။ သွားချင်လို့ သွားတယ်၊ သွားလို့ သွားတယ်လို့ ရှုမှတ်ရတယ်။ မြင်လို့

မြင်တယ် ရှုမှတ်ရတယ်၊ ကြားလို့ ကြားတယ် ရှုမှတ်ရတယ်။ ဖောင်းလို့ ဖောင်းတယ် ရှုမှတ်ရတယ်၊ ပိန်လို့ ပိန်တယ် ရှုမှတ်ရတယ် စသည်ဖြင့်လဲ အကြောင်းအကျိုးကို ပိုင်းခြားပြီး သိရတယ်။ အဲဒီလို သိတာဟာ အကြောင်းအကျိုးကို ပိုင်းခြားပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။

အဲဒီကနောက် သမာဓိဉာဏ် တဆင့်တက်ပြီး အားကောင်းလာတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မှတ်သိရတာရော မှတ်သိတာရော အသစ်အသစ်ဖြစ်ဖြစ်ပြီး ချက်ခြင်း ပျောက်ပျောက် ပျက်ပျက်သွားတာကိုချည်း ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိရတယ်၊ အဲဒီတော့ မမြဲတာချည်းပဲ၊ ဆင်းရဲချည်းပဲ၊ အတ္တမဟုတ်တဲ့ သဘောတရားမျှချည်းပဲလို့လဲ ထင်ရှားသိရတယ်၊ အဲဒါဟာ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာဉာဏ်အစစ်တွေပဲ၊ အဲဒီ အသိဉာဏ်တွေ အားပြည့်တဲ့အခါ အဲဒီလို ရှုမှတ်လျက် သိသိနေယင်း ရုပ်နာမ်သင်္ခါရ ငြိမ်းတဲ့သဘောထဲသို့ အသိဉာဏ်က ရောက်သွားတယ်၊ အဲဒါဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပါဘဲ၊ အဲဒါဟာ အရေးအကြီးဆုံး သိပုံပါပဲ။

## ၈။ ဆင်းရဲငြိမ်းအောင် ဘယ်လို လုပ်ရပါမည်နည်း

သတ္တဝါတွေမှာ ကိလေသာ မကင်းသမျှကာလပတ်လုံး ဘဝဟောင်းက သေပြီးလျှင် ကံအားလျော်စွာ ဘဝအသစ်အသစ်ဖြစ်ရတယ်၊ ဖြစ်ရာဘဝမှာ အိုရမယ်၊ အများအားဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကိုလဲ တွေ့ရခံစားရမယ်၊ နောက်ဆုံး အချိန်ကျတော့ သေရမယ်၊ ဒါဟာ ကိလေသာမကင်းသေးတဲ့ သတ္တဝါတွေမှာ အမြဲတွေ့ကြုံခံစားနေကြရတဲ့ ဆင်းရဲတွေပဲ။ အဲဒီ ဆင်းရဲတွေမှ ကင်းလွတ်ချင်ယင် ကိလေသာတွေ လုံးဝကင်းငြိမ်းသွားအောင် ကျင့်ဘို့လိုပါတယ်၊ အဲဒီလို ကိလေသာကင်းငြိမ်းအောင် တကယ်မှန်ကန်တဲ့ အကျင့်ကလဲ အရိယမဂ္ဂင်ရှစ်ပါး ဖြစ်ပွါးအောင် ရှုမှတ်ရတဲ့အကျင့်ပါပဲ၊ အဲဒီ မဂ္ဂင်ရှစ်ပါး ဖြစ်ပွါးအောင် ဘုရားအလောင်းတော်က ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို ကိုယ်တိုင်တွေ့ခြင်းအားဖြင့် သိမြင်အောင် ရှုပြီးသိလာခဲ့တယ်၊ အဲဒီလိုရှုပြီး အဖြစ်အပျက်ကို သိမြင်နေယင်း မကြာမီအတွင်းမှာ အရဟတ္တဖိုလ်ရောက်ပြီး ဘုရားဖြစ်လာခဲ့တယ်။ အဲဒီလို ဘုရားဖြစ်ပြီးတဲ့နောက် တရားထူး ရထိုက် ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတွေလဲ မိမိလိုရှုသိပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့ သိမြင်ရအောင် ဓမ္မစကြာသုတ် တရားတော်ကစပြီး ဟောကြားတော်မူခဲ့ပါတယ်၊ မဇ္ဈိမပဋိပဒါ– အလယ်လမ်းအကျင့်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးဖြစ်ပွားအောင် ကျင့်ဘို့၊ အဲဒီလိုကျင့်ယင် ဖြစ်ပေါ်လာတဲ့ မဂ္ဂင်ရှစ်ပါးက ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ စသည်ကို တွေ့မြင်တဲ့ ပညာမျက်စိကို ဖြစ်စေကြောင်း၊ သစ္စာ ၄–ပါးကို သိမြင်တဲ့ ပညာမျက်စိကို ဖြစ်စေကြောင်း ဟောပြတော်မူခဲ့ပါတယ်။

အဲဒီလို မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင် ရှုပုံအားထုတ်ပုံကို သတိပဋ္ဌာနသုတ် တရားတော်မှာ သွားနေဆဲ သွားသည်ဟု သိရမည် စသည်ဖြင့် အတိအကျ ဖော်ပြတော်မူခဲ့ပါသည်။ နောက်ပြီးတော့ ပရိနိဗ္ဗာန် စံတော်မူခါနီး ညမှာ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင် ကျင့်နည်းမရှိသော ပုဂ္ဂိုလ်တွေထဲမှာ ကိလေသာငြိမ်းတဲ့အရိယာ မရှိကြောင်း၊ မဂ္ဂင်ရှစ်ပါး ပွားများစေတဲ့ ပုဂ္ဂိုလ်တွေသာ ကိလေသာငြိမ်းပြီး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အရိယာပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်များဖြစ်နိုင်ကြောင်းကို အတိအကျ ဟောပြောတော်မူခဲ့ပါသည်။ ဘုန်းကြီးတို့ကလဲ မြတ်စွာဘုရား ဟောကြားထားတဲ့ အဲဒီတရားတော်နှင့်အညီ ဖြစ်ခိုက် ရုပ်နာမ်ကိုရှုမှတ်ပြီး မဂ္ဂင်ရှစ်ပါးပွားစေဘို့ ညွှန်ကြားပြသနေပါသည်။ အဲဒီလို ညွှန်ပြသည့်အတိုင်း ရိုရိုသေသေ ကျကျနန ရှုမှတ်ကြတဲ့ သူတွေဟာလဲ ရုပ်နာမ်အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ စသည်ကို ကိုယ်တိုင်ပင် ထင်ရှားတွေ့ပြီး သိကြရပါတယ်။ အဲဒါဟာ သန္ဒိဋ္ဌိကော–ကိုယ်တိုင်တွေ့မြင်နိုင်တဲ့ တရားတော်ဖြစ်ကြောင်း ချီးကျူးထားတဲ့ တရားဂုဏ်တော်နှင့်အညီ တွေ့ကြရ သိမြင်ကြရတာပါဘဲ။ ဒါကြောင့် ဘဝအသစ် ထပ်ကာ ထပ်ကာ ဖြစ်ခြင်း အိုခြင်း နာခြင်း သေခြင်း စသော ဆင်းရဲခပ်သိမ်း တကယ် ငြိမ်းချင်ယင် ထင်ရှားဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း သိမြင်ရအောင် ရှုမှတ်အားထုတ်ကြဖို့ပါဘဲ။

## ၉။ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားအောင် ကိလေသာဆင်းရဲ ရုပ်နာမ်ဆင်းရဲ လုံးဝကင်းငြိမ်းအောင် သတိပဋ္ဌာန်နည်းအရ ဘယ်လို အားထုတ်ရပါသလဲ၊ ဘယ်လောက်ကြာအောင် အားထုတ်ရပါသလဲ

သွားဆဲ ရပ်ဆဲ ထိုင်ဆဲ လျောင်းဆဲ ကွေးဆန့်လှုပ်ရှားဆဲမှာ သွားတယ် ရပ်တယ် ထိုင်တယ် လျောင်းတယ် ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ ဒါက ကိုယ်အမူအရာ ရှုမှတ်ပုံ ကာယာနုပဿနာပွားစေပုံပဲ။ ကိုယ်ထဲက နာကျင်မှု မခံသာမှုဖြစ်ယင် နာတယ် အခံခက်တယ် ဆင်းရဲတယ်စသည်ဖြင့် ရှုမှတ်ရတယ်၊ အတွေ့အထိကောင်းယင် ကောင်းတယ် ချမ်းသာတယ်စသည်ဖြင့် ရှုမှတ်ရတယ်၊ စိတ်ထဲက စိတ်ပျက်ခြင်း စိတ်ညစ်ခြင်း ဆင်းရဲခြင်းဖြစ်ယင် စိတ်ပျက်တယ် စိတ်ညစ်တယ် ဆင်းရဲတယ်စသည်ဖြင့် ရှုမှတ်ရတယ်၊ ဝမ်းသာပျော်ရွှင်ယင် ဝမ်းသာတယ် ပျောက်တယ် စသည်ဖြင့် ရှုမှတ်ရတယ်။ မဆိုးမကောင်း အလယ်အလတ်ဖြစ်ယင် နေသာရုံမျှပဲ စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက ခံစားမှုဝေဒနာကို ရှုပုံ ဝေဒနာနုပဿနာ ပွားစေပုံပဲ၊ စိတ်ကူးကြံစည်မှု နှစ်သက်မှု စိတ်ဆိုးမှုစသည်ဖြစ်ယင် စိတ်ကူးတယ် ကြံစီတယ် နှစ်သက်တယ် စိတ်ဆိုးတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ ဒါက စိတ်အမူအရာ ရှုပုံ စိတ္တာနုပဿနာ ပွားစေပုံပဲ။ မြင်ခိုက် ကြားခိုက်စသည်မှာ

တော့ မြင်တယ် ကြားတယ် နံတယ် စားသိတယ် ထိသိတယ် စသည်ဖြင့် ရှုမှတ်ရတယ်။ ဒါက သဘောတရားကို ရှုပုံ ဓမ္မာနုပဿနာ ပွားစေပုံ အကျဉ်းချုပ်ပဲ။

အဲဒီလို ရှုမှတ်ပုံ ဖြစ်ပွားစေပုံကို တစ်စက္ကန့်မျှ မပြတ်မခြားစေပဲ အမြဲဖြစ်အောင် အားထုတ်နေရတယ်၊ ညဥ့်အိပ်ချိန် လေး ငါး ခြောက်နာရီလောက်သာ အိပ်လျက်အနားယူပြီး ယခုပြောခဲ့သည့်အတိုင်း မပြတ်ရှုမှတ်အားထုတ်နေလျှင် အကြာဆုံး အားဖြင့် (၇)နှစ်၊ အလတ်စားအားဖြင့် (၇)လ၊ အမြန်ဆုံးအားဖြင့် (၇)ရက်မျှဖြင့် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားနိုင်ကြောင်း၊ ရဟန္တာ မဖြစ်သေးတောင် အနာဂါမ် ဖြစ်သွားနိုင်ကြောင်း မြတ်စွာဘုရားက အတိအလင်း ဝန်ခံ ဖော်ပြထားပါတယ်။ အကယ်၍ အနာဂါမ်အထိ မဖြစ်သေးတောင် သောတာပတ္တိ မဂ်ဖိုလ်ရောက်ပြီး သောတာပန် ဖြစ်ဖို့ကတော့ အင်မတန် နီးစပ်ပါသည်။ ဒီလိုဖြစ်ပုံကတော့ ပါရမီအလတ်စား ပုဂ္ဂိုလ်အတွက်ပါပဲ၊ ပါရမီ အထူးရင့်ကျက်နေတဲ့ ပုဂ္ဂိုလ်မှာတော့ တနေ့တညဥ့်အတွင်းမှာတောင် မဂ်ဖိုလ်တရားထူးများကို ရနိုင်ကြောင်း မြတ်စွာဘုရားက ဖော်ပြထားပါသေးသည်။ အဲဒီလို ဖော်ပြထားသည့်အတိုင်း ယခုနေအခါ တလအတွင်း နှစ်လအတွင်းမှာပင် ဝိပဿနာဉာဏ် အပြည့်အစုံဖြစ်ပြီး မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်တွေ့ပုံကို ပြောကြတဲ့ ယောဂီတွေလဲ တော်တော်များပါသည်။

## ၁၀။ သမဏ–ဟု ဘိက္ခု–ဟု ခေါ်သော တရားထူး ရသူများ

သမဏ ဟူ၍၎င်း၊ ဘိက္ခု ဟူ၍၎င်း သုဘဒ္ဒသုတ်မှာ မြတ်စွာဘုရား ဟောထားတဲ့ တရားထူးရသည့် ပုဂ္ဂိုလ်များဟာ အကျဉ်းချုပ်အားဖြင့် (၁) သောတာပန်၊ (၂) သကဒါဂါမ်၊ (၃) အနာဂါမ်၊ (၄) ရဟန္တာဟူ၍ ၄–ပါးရှိသည်။ အလယ်အလတ် အရေအတွက်အားဖြင့် မဂ် ၄–ပါး ရောက်ဆဲမဂ်ပုဂ္ဂိုလ် ၄–ပါးနှင့်တကွ ရှစ်ပါး ရှိပါသည်။ အဲဒီ မဂ်ပုဂ္ဂိုလ် ဆိုသည်မှာ မဂ်စိတ်ဖြစ်ခိုက် တခဏမျှသာ ရှိသည်၊ အဲဒီ မဂ်စိတ်၏ အခြားမဲ့ ဖိုလ်စိတ်ဖြစ်သည်မှစ၍ ဖိုလ်ပုဂ္ဂိုလ် ဖြစ်သွားပါသည်။ ထို့ထက်အကျယ်အားဖြင့် မဂ်လေးပါးသို့ရောက်အောင် ဝိပဿနာရှုဆဲ ပုဂ္ဂိုလ်လေးပါးနှင့်တကွ တကျိပ်နှစ်ပါး (၁၂–ပါး) ဖြစ်သည်။ အဲဒီ တကျိပ်နှစ်ပါးသော သမဏ, ဘိက္ခု ခေါ်သည့် ပုဂ္ဂိုလ်များဟာ မိမိလိုပင် သူတပါးလဲ အသိဉာဏ်ထူး ရရှိအောင် ဟောပြောညွှန်ကြားပေးသွားကြလျှင် လောက၌ ရဟန္တာတွေမပြတ်ဖြစ်ပြီး သာသနာတော် အမြဲတမ်း တည်တံ့သွားနိုင်ကြောင်း မြတ်စွာဘုရားက မိန့်ကြားတော်မူခဲ့ပါသည်။ မူလ အခြေခံအနေဖြင့် ကိုယ်တိုင် ရှုမှတ်အားထုတ်ပြီး ဥဒယဗ္ဗယဉာဏ် ရောက်သည့်ပုဂ္ဂိုလ်က သူတပါးအား မိမိလိုပင် ဥဒယဗ္ဗယဉာဏ် ရောက်အောင်ညွှန်ပြပြီး တိုက်တွန်းပေးလျှင်ပင် ရဟန္တာအထိ သာသနာတည်တံ့အောင် နည်းလမ်းတကျ ဖောင်းစွာနေသည်မည်ကြောင်း ဖော်ပြထားပါသည်။ ထို့ထက် သောတာပန်စသည် ဖြစ်ပြီး သူတပါးအားလဲ သောတာပန် စသည်ဖြစ်အောင် ဟောကြား တိုက်တွန်းပေးနိုင်ယင်တော့ ပိုပြီး ကောင်းပါသည်။

## ၁၁။ တရားအားထုတ်နေကြရာမှာ အမျိုးသားနှင့် အမျိုးသမီးများ မရောပဲ ကင်းရှင်းစွာနေတာက ပို့ပြီး ကောင်းသည်

မြတ်စွာဘုရားက ရဟန်းများအား မြို့ရွာနှင့် မနီးသော တောရကျောင်းများ၌ နေဖို့ ညွှန်ကြားတော်မူခဲ့ပါသည်။ အဲဒီ ညွှန်ကြားချက်အတိုင်း သင့်လျော်သည့်အခါ သင့်လျော်သည့် အရပ်ဒေသများမှာ ရဟန်းများဟာ အဲဒီလို တောရကျောင်း၌ နေထိုင်ခဲ့ကြသည်။ အဲဒါဟာ အမျိုးသမီးအာရုံတွေနှင့်စပ်ပြီး ရာဂအဖြစ်နည်းအောင် နေထိုင်ကြရတာပဲ၊ အခွင့်မသင့်သောကြောင့် မြို့ထဲရွာထဲကကျောင်းများ၌ နေရသော်လည်း ရဟန်းများဟာ အမျိုးသမီးများနှင့် ကင်းသင့်သမျှကင်းအောင် သတိပြုနေကြရပါသည်။ အထူးအားဖြင့် တရားအားထုတ်နေသည့်အခါ ပို၍အရေးကြီးပါသည်၊ ဒါကြောင့်အရှေ့တိုင်းနိုင်ငံများ၌ တရားအားထုတ်သော ယောဂီများဟာ အမျိုးသားနှင့်အမျိုးသမီးများ မနီးစပ်ပဲ ကင်းသင့်သမျှကင်းအောင် အထူးသတိပြုပြီး အားထုတ်နေကြရသည်။ တချို့မှာဆိုလျှင် မိမိအခန်းထဲမှ အပြင်ထွက်သောအခါ မမြင်သင့်သည့်ပုဂ္ဂိုလ်ကို မမြင်ရအောင် အဝတ်ဖြင့် မျက်နှာကို ဖုံးကွယ်လျက်တောင် သွားလာကျင့်သုံးလေ့ရှိပါသည်။ အဲဒီလို အမျိုးသမီးများနှင့် အမျိုးသားများဟာ အချင်းချင်း အတွေ့အမြင် ကင်းသင့်သမျှကင်းအောင် အားထုတ်နေလျှင် ကာမဂုဏ်နှင့်စပ်ပြီး ကိလေသာ ဖြစ်ခွင့် သက်သာသင့်သမျှ သက်သာနိုင်ပါသည်။ ထို့ကြောင့် တရားအားထုတ်ဆဲ၌ အမျိုးသားများနှင့် အမျိုးသမီးများ မရောနှောပဲ ကင်းသင့်သမျှကင်းအောင် သတိပြုပြီးနေလျှင် ကိလေသာဖြစ်ခွင့် သက်သာဖွယ် ရှိပါသည်။ ဖြစ်နိုင်ပါမူ ဖြစ်နိုင်သမျှ သတိပြုပြီး အားထုတ်သင့်ပါသည်။

## ၁၂။ တရားစစ်နည်း

တရားစစ်သည့်အခါမှာ အစစ်ခံမည့် ယောဂီတွေ များနေလျှင် အခြေအနေအရ တကြိမ် တကြိမ်စစ်သည့်အခါ (၅) ယောက် သို့မဟုတ်(၁၀)ယောက်လောက်စုပြီး စစ်ရသည်။ အဲဒီလို လေး ငါး ဆယ်ယောက်လောက် စု၍စပ်ခြင်းဖြင့် တယောက်အား ပြောသင့်သမျှကို ပြောပြခြင်းဟာ အခြားအလားတူ ပုဂ္ဂိုလ်အားလဲ ပြောပြီးဖြစ်သွားနိုင်ပါသည်။ အဲဒီလို သိနားလည်သွားကြသောကြောင့် အလားတူ ပြောသင့်သည်ကို မပြောရတော့ပဲ ပြီးစီးပြည့်စုံသွားသဖြင့် ကမ္မဋ္ဌာန်းဆရာမှာ သက်သာသည့်ပြင် အချိန်လည်း မကြာပဲ ပြီးသွားနိုင်ပါသည်။ တယောက်ချင်း မေးစစ်နေယင်တော့ လူတိုင်းလူတိုင်းအား ပြောသင့်သမျှကို အထပ်ထပ် ပြောပြနေရသောကြောင့် ပြောပြသူမှာ ပင်ပန်းသည့်ပြင် အချိန်လည်း ပို၍ကြာသွားနိုင်သည်။ သို့ဖြစ်သောကြောင့် (၅)ယောက် (၁၀)ယောက် စုပြီး မေးစစ်တာက ပိုပြီး သင့်လျော်ပါသည်။ ထို့ပြင် သူတပါး၏ အထူး တွေ့သိပုံကို ကြားရသောကြောင့် မတွေ့မသိရသေးသည့်သူမှာလည်း သဒ္ဓါဆန္ဒ အထူးဖြစ်ပွားတတ်ပါသည်။

## ၁၃။ တရားအားထုတ်မှုကြောင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်တတ်ပုံ

အနောက်တိုင်း နိုင်ငံတွေမှာ ဘာဝနာအလုပ် အားထုတ်သူတွေထဲက ယခုလက်ငင်း ကိုယ်စိတ်ချမ်းသာရေးကို မျှော်လင့်သူလဲ တချို့ရှိကြောင်း ကြားသိရတယ်။ ညွှန်ပြတဲ့ ဆရာအချို့ကလဲ သူတို့အကြိုက်ကို လိုက်ပြီး ညွှန်ပြနေကြကြောင်းကြားသိရတယ်၊ သူတို့ညွှန်ပြကြ အားထုတ်ကြတဲ့ ကမ္မဋ္ဌာန်းအလုပ်ကတော့ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း မဟုတ်ပါဘူး၊ ဟိုအာရုံ ဆင်ခြင်လိုက် ဒီအာရုံဆင်ခြင်လိုက်နဲ့ အားထုတ်နေယင်း သူတို့မှာ စိတ်ချမ်းသာမှုကို ရနေတယ်လို့ဆိုပါတယ်။ အဲဒါကတော့ သူတို့အကြိုက်ဖြစ်တဲ့ အာရုံကို ဆင်ခြင်ပြီး တွေ့မြင်နေရတာနဲ့ သဘောကျပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ သဘောပါပဲ။ ကိလေသာ ငြိမ်းစေပြီး ဆင်းရဲခပ်သိမ်းငြိမ်းစေတဲ့ ဝိပဿနာ ကုသိုလ်အလုပ်တော့ မဟုတ်ပါဘူး။ အဲဒီလို အားထုတ်နေကြတဲ့သူတွေဟာ ယုံကြည်မှုက အားကောင်းပြီး လိုလားမှုထက်သန်စွာနှင့် အားထုတ်နေပေမယ်လို့ ဘာဝနာလုပ်ငန်း မှန်ဖြင့် ရသင့်တဲ့ကောင်းကျိုး ချမ်းသာတွေကိုတော့ မရပဲ ရှိနေပါတယ်။

တချို့ကတော့ ဗုဒ္ဓဘာသာဝင်လို့ အမည်ခံနေကြပေမဲ့ ဗုဒ္ဓတရားတော်ဟာ ကြားနာပြီး သိနားလည်ရန် ခဲယဉ်းတယ်၊ ဒါကြောင့် ဘုရားတရားကို မနာပဲနဲ့ ကိုယ့်ဟာကိုယ် ဆင်ခြင်ရုံမျှဖြင့် ကိစ္စပြီးတယ်လို့ ယူဆ ဟောပြောနေကြတာလဲရှိတယ်၊ အဲဒီလိုဟောပြောတာကို သဘောကျပြီး အရှေ့နိုင်ငံများမှာရော, အနောက်နိုင်ငံများမှာရော အဲဒီနည်းအတိုင်း ဟောပြောနေကြတာ လိုက်နာပြီး ရွတ်ဆိုဆင်ခြင်လျက် အားထုတ်နေကြတာလဲရှိတယ်၊ အဲဒါဟာ ဆင်းရဲငြိမ်းဘို့ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ သတိပဋ္ဌာန်တလမ်းတည်း ရှိတယ်လို့ ဟောထားတဲ့ဘုရားတရားတော်နှင့် မညီသောကြောင့် ဘုရားအလိုတော်ကျမဟုတ်ဘူး၊ ဆင်းရဲငြိမ်းပြီး အမြဲတမ်း ချမ်းသာသွားလိမ့်မယ်လို့လဲ ယုံကြည်စရာမရှိပါဘူး။ ဒါကြောင့် စိတ်မချမ်းသာမှု တကယ်ငြိမ်းပြီး ချမ်းသာချင်ယင် ဘုရားဟောထားသည့် သတိပဋ္ဌာနသုတ် တရားတော်နှင့်အညီ ကိုယ်အမူအရာဟူသမျှ ခံစားမှုဝေဒနာဟူသမျှ စိတ်ကူးကြံစည်မှုဟူသမျှ ရုပ်နာမ် သဘောတရား ဟူသမျှကို ထင်ရှားဖြစ်ခိုက်မှာ မပြတ်ရှုလျက် ဝိပဿနာတရားကို ကျကျနန အားထုတ်သွားဘို့ပါဘဲ။

အဲဒီ သတိပဋ္ဌာနသုတ်တရားတော်နှင့်အညီ ဝိပဿနာအလုပ်ကို မပြတ်အားထုတ်သွားယင် ယခု မျက်မှောက် ဘဝမှာလဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲငြိမ်းပြီး ချမ်းသာသွားနိုင်ပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင် ပရိနိဗ္ဗာန်စံခါနီး ဝါဆိုဦးကာလမှာ ပရိနိဗ္ဗာန်စံလောက် (သေလောက်)အောင် ဖြစ်ပေါ်လာတဲ့ အလွန်ပြင်းထန်သောရောဂါကို သတိပဋ္ဌာန် ဝိပဿနာနည်းဖြင့် ရှုမှတ်အားထုတ်ပြီး ကင်းပျောက်စေခဲ့ကြောင်း ဟောပြထားတာရှိပါတယ်။ ယခုနေအခါလဲ တချို့ယောဂီတွေမှာ သတိပဋ္ဌာန် ဝိပဿနာနည်းဖြင့် ရှုမှတ်နေယင်း အလွန်ကြီးကျယ်တဲ့ ရောဂါပျောက်သွားကြတာတွေ တော်တော်များများရှိပါတယ်။ တက္ကသိုလ်ဝိပဿနာတရားတော်ဆိုတဲ့ စာအုပ်ထဲမှာ ဖော်ပြထားတာ ရှိပါတယ်။ အင်္ဂလိပ်ဘာသာပြန်ပြီး ထုတ်ဝေနိုင်တဲ့ အခါကျယင်တော့ အဲဒီအကြောင်းအရာတွေကို ထင်ရှားတွေ့ရမှာပါပဲ။

တချို့ရောဂါတွေဟာ အနောက်တိုင်းဆေးနည်းများ, အရှေ့တိုင်းဆေးနည်းများဖြင့် ကုသလို့မပျောက်ပဲ ရှိနေပါလျက် ဝိပဿနာရှုမှုဖြင့် ပျောက်သွားတာကိုလဲ တွေ့ကြရပါတယ်။ ဘာ့ကြောင့် ရောဂါပျောက်သလဲ ဆိုတော့ စင်ကြယ်တဲ့ ဝိပဿနာစိတ်ကြောင့် ရုပ်ကောင်း ရုပ်သန့် ရုပ်ထူးတွေ ဖြစ်ပွားလာသောကြောင့် ပျောက်တယ်လို့ မှတ်ယူရပါတယ်။ နောက်ပြီးတော့ စိတ်ဆင်းရဲတွေကိုလဲ စူးစူးစိုက်စိုက်ရှုမှတ်နေယင် အဲဒီ စိတ်ဆင်းရဲတွေ လုံးဝပျောက်သွားပြီး စိတ်ချမ်းသာသွားတာကိုလဲ ဝိပဿနာရှုသူတွေဟာ ကိုယ်တိုင် တွေ့နိုင်ပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်နည်းဖြင့် ဝိပဿနာရှုတာဟာ မျက်မှောက်မှာ ကိုယ်စိတ်ဆင်းရဲတွေ ပျောက်ငြိမ်းစေပြီးတော့ ကိုယ်စိတ်ချမ်းသာသွားစေနိုင်ပါတယ်၊ ကိလေသာဟူသမျှကို ကင်းငြိမ်းစေပြီးတော့ အိုခြင်း, နာခြင်း, သေခြင်းစသော ဆင်းရဲဟူသမျှကိုလဲ ကင်းငြိမ်းစေနိုင်ပါတယ်။ ဒါကြောင့် ဆင်းရဲကင်းငြိမ်းပြီး ချမ်းသာလိုတဲ့ ပုဂ္ဂိုလ်တိုင်းပင် ဗုဒ္ဓမြတ်စွာဘုရားဟောကြားသည့် သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ဝိပဿနာအလုပ်ကို အခါအခွင့်ရသမျှ ကြိုးစား အားထုတ်သွားသင့်တာချည်းပါဘဲ။

အထက်ပါ ဖြေကြားဟောပြချက်များမှာ ပြည်ပသာသနာပြုဌာနများ၌ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြေရှင်းဟောပြချက်များမှ ထုတ်ဖော်ပြသည့် တစိတ်တပိုင်း အချို့အချက်မျှသာဖြစ်ပါသည်။

**ဗုဒ္ဓသာသနာ၊ ဤကမ္ဘာ၊ ရောင်ဝါနေသို့ လင်းစေသော်။**